
www.burmeseclassic.com

ပိုး ပိုး စာပေ

# အကြည်ပေါက်

## ခင်လေးကိုး



www.burmeseclassic.com

www.burmeseclassic.com



တဘုပ်တိုက်
အမှတ်(၁၃)၊ ၁၀၇-လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၂၉၀၉၉၁

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း

အဖုံးဒီဇိုင်း - ကိုဆန်း
ထုတ်ဝေသူ - ဒေါ်မိုးသီတာ (စိုးမိုးစာပေ)
(မြ-၀၃၈၅၁)
အမှတ် ၁၃၊ ၁၀၇ လမ်း၊
မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။
ပုံနှိပ်သူ - ဦးမြင့်သန်း (မြ-၀၄၉၀၂)
စံပယ်အော့ဖ်ဆက်
၆၈၊ စကားဝါလမ်း၊ အုံဖြိုးနယ်။
အတွင်းဖလင် - ဦးထွန်းဆိုင်
စာအုပ်ချုပ် - ကိုသန်းဌေး
ပုံနှိပ်ခြင်း - ၂၀၁၃ ခုနှစ်၊ မတ်လ၊
ပထမအကြိမ်။
အုပ်ရေ - ၅၀၀
တန်ဖိုး - ၁၈၀၀ ကျပ်

အကြည်တော်
ခလောက်နီ/အကြည်တော် ။ - ရန်ကုန်
စိုးမိုးစာပေ၊ ၂၀၁၂
၁၅၀ - စာ ၊ ၁၃. ၅ x ၂၀. ၅ စင်တီ။
(၁) ခလောက်နီ



BURMESE CLASSIC .com

Demo Crazy

Demo = နမူနာ

Crazy = အရူး

Demo Crazy = နမူနာအရူး

Demo Crazy မှ True Crazy အဖြစ် တက်လှမ်းရန်အသင့်။

မှတ်ချက်။ ။မည်သူ့ကိုမျှ ချန်မထားပါ။



www.burmeseclassic.com

www.burmeseclassic.com



# ခလောက်နီ

ခလောက်နီကျေးရွာတွင်ဖြစ်သည်။

ကျေးရွာအမည် ခလောက်နီဖြစ်နေ၍ တချို့က တစ်မျိုးတမည် ထင်ကြသည်။ နီပါနေ၍ ကွန်မြူနစ်ရွာဟု ဆိုကြသည်။ ခလောက်ပါ၍လဲ လယ်သမားကိုယ်စားပြုဟု ဆိုကြပြန်သည်။ တချို့ကလဲ ခရိုနီကျေးရွာဟု ထင်ကြပြန်သည်။

ခလောက်နီသည် ထိုသို့မဟုတ်။

ယခင်က ထိုရွာကလေးမှာ အမည်နာမ,မရှိဘဲ အတော်ကြာ ကြာနေခဲ့သည်။ ထိုတုန်းက ရွာကလေးကို မေးလျှင် မြစ်ကမ်းနံဘေး တည်သောကြောင့်





"မြစ်ကမ်းစပ်ရွာ"ဟုလည်းကောင်း၊ သူကြီး ဦးဖိုးနီ အုပ်ချုပ်၍ 'ဦးဖိုးနီ'ရွာဟုတစ်သွယ်၊ ဆန်ရေစပါး အထွက်များ၍ 'စပါးထွက်ရွာ' စသည်ဖြင့် အမျိုးမျိုး ခေါ်ဝေါ်လေ့ရှိ၏။

ထိုမှတဖန် ခလောက်နီကျေးရွာဟု အမည်တွင်ရခြင်းမှာ သိပ်မကြာသေးသော သူကြီးဦးဖိုးနီ၏ ငယ်စဉ်ကမှ စခဲ့သည်။

ဖြစ်ပုံက ဤသို့နှယ်။

ယခု ဦးဖိုးနီ၊ ယခင်မောင်ဖိုးနီကလေး အရွယ်ရောက်၍ တစ်ရွာတည်းနေ မိဂ္ဂမ်းသွယ်နှင့် ချစ်ကြိုးသွယ်ရာမှ အာဝါဟ ဝိဝါဟ အမှုပြုချိန်၌ မောင်ဖိုးနီကလေး၏ဖခင် ဦးဖိုးဖြူက သားငယ်မင်္ဂလာဆောင်အား လက်ဖွဲ့ပြုရန်အတွက် ကျွဲတစ်ရှဉ်းကို သားငယ်၏အမည်တူ ခလောက်နီဆွဲ၍ လက်ဖွဲ့အမှုပြုလေသည်။

မင်္ဂလာပွဲ၌ မိန်းမလဲရ၊ လယ်ထွန်ရန်အတွက် ခလောက်နီဆွဲ ကျွဲတစ်ရှဉ်းလဲရသော မောင်ဖိုးနီမှာ လွန်စွာဝမ်းမြောက်သွားလေသည်။

ဤသည်ကို မောင်ဖိုးနီ၏ဖခင် ဦးဖိုးဖြူမှ လက်ဖွဲ့ကျွဲတစ်ရှဉ်း လက်ဝယ်အပ်ပြီး စိတ်ချအောင်မှာကြားလေသည်။

"သားဖိုးနီ၊ ဤအချိန်၌ ခေတ်ပျက်ကာလဖြစ်၍ သူခိုးသူဝှက် ပေါလှသည်၊ မင်္ဂလာဦးညဉ့်ပင် လက်ဖွဲ့ကျွဲတစ်ရှဉ်း မပျောက်ပျက်အောင် ဂရုပြုပြီးနေလေ၊ ဤသို့ခလောက်သံကြားနေမှ စိတ်ချလေ"

"ကလောက် ကလောက်"

ခလောက်သံကို ခေါက်ပြ၏။

"အကယ်၍ ခလောက်သံမကြားရတော့ပါက သူခိုးသူဝှက်များ ကျွဲကိုလာဆွဲပြီ သေချာ၍ အမြန်ဆင်း၍ ဖမ်းပါလေ"

ဟု အတန်တန်မှာကြားလေသည်။ သူကြီးဖြစ်မည့် သားဖိုးနီကလဲ ဖခင်မှာကြားသည့်အတိုင်း တသွေမသိမ်း လိုက်နာသည်။



www.burmeseclassic.com

www.burmeseclassic.com



မင်္ဂလာဦးညဖြစ်ပါသော်ငြား စိတ်ချလက်ချ မအိပ်အား။ တစ်ညလုံး ဖခင်၏လက်ဖွဲ့ ကျွဲနှစ်ကောင် ခလောက်သံအား တစ်ညလုံးနားစွင့်၍ တထိတ်ထိတ်နှင့် နားစွင့်နေရလေ၏။

ခလောက်သံကား တစ်ညလုံး ကြားရပါ၏။ သို့သော် နံနက်လင်းသည်နှင့် ဆင်းကြည့်ရာ ကျွဲနှစ်ကောင်လုံး မရှိတော့ပေ။ ခလောက်သံကား ကြားရဆဲ။ ကြားရပေမည်ပေါ့။ သူခိုးသူဝှက်များက ကျွဲလည်ပင်းမှခလောက်ကို ဖြုတ်၍ သူတို့မင်္ဂလာဦးခုတင်တိုင်တွင် ချည်ပေးခဲ့သည်ကိုး ဒါကြောင့် 'ကလောက် ကလောက်'နှင့် တစ်ညလုံး အသံထွက်နေရခြင်းပင်ဖြစ်တော့သည်။

ဤသည်ကိုအစွဲပြု၍ 'ခလောက်နီ'ရွာဟု အမည်တွင်ခဲ့ခြင်းပင် ဖြစ်တော့သည်။

× × ×





BURMESE CLASSIC .com

# ခလောက်နီ

ဒီမိုကရေစီရပြီမို့ တိုင်းသူပြည်သားများအားလုံး ဝမ်းသာကြလေသည်။

သူတို့၏ဝမ်းမြောက်မှုကို ပြသသောအနေဖြင့်လည်းကောင်း၊ လွတ်လပ်မှုအရသာကို ဖော်ကျူးခြင်းဖြင့်လည်းကောင်း၊ မိမိတို့၏ နေအိမ်များကို ယခင် စည်ပင်မြောင်းကိုကျော်၍ ပလက်ဖောင်းအထိ အိမ်ကို တိုးချဲ့လိုက်ကြသည်။

ထိုအခါ ယခင်က စည်ပင်မြောင်းကိုခွ၍ ဆောက်လုပ်ထားသော ကျူးကျော်ဈေးရောင်းတဲများမှာ နေစရာမရှိတော့သောအခါ သူတို့လဲ ဒီမိုကရေစီရ၍ အား



www.burmeseclassic.com

လမ်းဘေးတက်ကာ ဈေးရောင်းပြန်သည်။

သမ်းမန်ဘေး၌ ဒီမိုကရေစီဈေးဖြစ်သောအခါ၊ ကားလမ်းမပေါ်မှ ဒီမိုကရေစီဒရိုင်ဘာများမှာ လမ်းမလည်ခေါင် ခပ်တည်တည်ရပ်၍ လူတင်လူချ လုပ်လေတော့သည်။

ကားလမ်းမလည်ခေါင်၌ ကားရပ်သောအခါ ဒီမိုကရေစီခရီးသည်များမှာ ယင်းဒီမိုကရေစီကားများအလာကို လမ်းမပေါ်၌သော စီတန်း၍ ဒီမိုကရေစီနည်းလမ်းအရ ရပ်စောင့်ခြင်း၊ ထိုင်စောင့်ခြင်းများ ပြုရလေသည်။

ထိုအခါ လွှတ်လပ်မှုကိုနှစ်သက်သော ဒီမိုကရေစီဒရိုင်ဘာနှစ်ဦး ဒီမိုကရေစီရပြီမို့ လွှတ်လွှတ်လပ်လပ် ကားပြိုင်မောင်းရာ လမ်းမအလယ်ခေါင်မှ စီတန်းစောင့်နေသော ဒီမိုကရေစီခရီးသည်များကို ရှောင်တိမ်းရင်း လမ်းမန်ဘေး ဆောက်လုပ်ရောင်းချသော ဒီမိုကရေစီဈေးထဲသို့ ဝင်အောင်းလေရာ ဒီမိုကရေစီခရီးသည်နှစ်ဦး ထိပ်ဖူး၍၊ ဒီမိုကရေစီ ဈေးသည်တစ်ဦးမှာ နေရာ၌သာပွဲချင်းပြီးလေတော့သည်။

ဒီမိုကရေစီဒရိုင်ဘာနှင့် စပယ်ယာမှာ ပြစ်မှုဒဏ်ခံရမည်စိုး၍ ဒီမိုကရေစီနည်းအတိုင်း ကိုယ်လွှတ်ရုန်း၍ ပြေးရှာလေသည်။

ဤတွင် ပွဲချင်းပြီးလေသော ဒီမိုကရေစီ ကျူးကျော်ဈေးမှ ဈေးသားမှာ ဒီမိုကရေစီခေတ်တွင်သေသော ဒီမိုကရေစီမသာမို့ လွှတ်လပ်မှုကို အပြီးသတ်ပြနိုင်ရန် ဒီမိုကရေစီလမ်းမပေါ်တွင်ပင် ကနားဖျင်းထိုး လမ်းပိတ်၍ အသုဘအမှုကို ပြုလေသည်။

ကားလဲသွားမရ၊ လမ်းလဲဖြတ်မရနှင့် ဒီမိုကရေစီ လူသားများမှာ (၇)ရက်တိုင် သည်းခံ၍နေကြရရှာသည်။

သို့သော် ထိုအမှုကိစ္စမှာ (၇)ရက်နှင့်ပင်မပြီး၊ ရက်လည်၌ အလှူရှင်ချက်ကျွေးသော ဒီမိုကရေစီမုန့်ဟင်းခါးမှာ အလွန်တရာ လက်ရာမြောက်ပြီး အများပြည်သူ ဒီမိုကရေစီလူများ နှစ်သက်ကြ၍





အသုဘအတွက် ထိုးထားသော ကနားဖျင်းကို မဖျက်တော့ဘဲ ရက်လည်ပြီးနောက်နေ့မှစ၍ 'ဒီမိုကရေစီ မုန့်ဟင်းခါး'အမည်တပ်၍ လမ်းကိုပိတ်ကာ ဆက်လက်ရောင်းချပါသည်။

ဤသည်သော ဒီမိုကရေစီနည်းနာကို ဥပမာယူ၍ အချို့သော ဒီမိုကရေစီဈေးသည်များမှာ မရဲတရဲနှင့်တစ်ဖုံ ရဲရဲတင်းတင်းတစ်သွယ်ဖြင့် ဒီမိုကရေစီ မုန့်ဟင်းခါးပုံအတိုင်း လမ်းမပေါ်၌ သူတို့လဲ ဒီမိုကရေစီရကြောင်းပြ၏။

ဤသို့ဖြင့် အများပြည်သူပိုင် ဒီမိုကရေစီလမ်းမကြီးပေါ်၌

"ဒီမိုကရေစီ မုန့်ဟင်းခါးဆိုင်"

"ဒီမိုကရေစီ ခိုးကူးခွေရောင်းဝယ်ရေး"

"ဒီမိုကရေစီ ကြေးသံသတ္တု"

"ဒီမိုကမရေစီ ဝက်သားတုတ်ထိုး"

"ဒီမိုကရေစီ ရေပိုက်ပြုပြင်သည်"

"ဒီမိုကရေစီ ယမကာဆိုင်"



ဒီမို ကရေစီလမ်းစဉ်အတိုင်း ကိုယ်လွှတ်ရုန်း၍ ဒီမိုကရေစီခေတ်တွင် ဒီမိုကရေစီနည်းအရ လွှတ်လပ်စွာကားတိုက်ခံ သေဆုံးသွားသော ဒီမို ကရေစီမသာ၌သာ ဦးတည်ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



စသည်ဖြင့် ဆိုင်များ အရှုပ်ရှုပ်ပေါ်လာလေတော့သည်။

ထိုအခါ ဒီမိုကရေစီရထားရှာသော လမ်းသွားလမ်းလာများမှာ မကျေနပ်ကြ။ ဒီမိုကရေစီရထားပြီမို့ လွတ်လပ်စွာ သွားလာခွင့်ကို လိုလားကြ၏။

ဒီမိုကရေစီကျူးကျော်များကလဲ ဒီမိုကရေစီခေတ်မို့ ဒီမိုကရေစီလမ်းမကြီးပေါ် လွတ်လပ်စွာရောင်းချခြင်းကို လိုလားကြ၏။

ဤသို့ဖြင့် နှစ်ဖက်ဒီမိုကရေစီသမားများ မကျေမနပ်မှုများ ပိုမိုကြီးထွားလာကာ ဒီမိုကရေစီနည်းအရသာ ဖြေရှင်းကြရန် ဦးတည်လိုက်ကြတော့၏။

ဒီမိုကရေစီလမ်းမကြီးပေါ်တွင် နှစ်ဖက်သော ဒီမိုကရေစီလူများ ဒီမိုကရေစီနည်းအရ လွတ်လပ်စွာရိုက်နှက်ပြီး သဘောထားများကို ထုတ်ဖော်ပြသပြီးသောအခါ၊ ဒီမိုကရေစီလူ(၂၀)ခန့် ဆေးရုံရောက်ပြီး (၇)ယောက်ခန့် အတွင်းလူနာအဖြစ် ရောက်ရှိကြလေသည်။

နောက်ဆုံးတော့ ဒီမိုကရေစီနည်းအရပင် အဖြစ်မှန်ကို ပြန်လည်စုံစမ်းကြရာ ဒီမိုကရေစီနည်းအရ ရိုက်နှက်ကြသောသူများ ဒီမိုကရေစီလမ်းစဉ်အတိုင်း ကိုယ်လွတ်ရုန်း၍ ဒီမိုကရေစီခေတ်တွင် ဒီမိုကရေစီနည်းအရ လွတ်လပ်စွာကားတိုက်ခံ သေဆုံးသွားသော ဒီမိုကရေစီမသာ၌သာ ဦးတည်ကြလေသည်။

သူမသေခဲ့ပါက ဤတဲမထိုး၊ ဤတဲမထိုးက မုန့်ဟင်းခါးမရောင်း၊ မုန့်ဟင်းခါးမရောင်းက ကျန်တဲများမထိုး၊ ကျန်တဲများမထိုးက ဤရင့်ပွဲမဖြစ်ဟူ၍ တွေ့ရှိသောအခါ၊ မသာမှာသေပြီးမှ မျက်ဖြူပြန်ဆိုက်ရရှာသည်။ ဒီမိုကရေစီရ၍ စည်ပင်မြောင်းပေါ် ကျော်၍ တိုးချဲ့အိမ်ဆောက်လုပ်ခဲ့သောသူများက သူတို့ဖက်လှည့်မည်စိုး၍ မသိချင်ယောင်ဆောင်ကြသည်။





ဤသည်ကိုသိသော မိဘဆွေမျိုးများက သေဆုံးသူအပြစ်ဖြစ်မည်စိုး၍ ကြေညာချက်စာတမ်းတစ်စောင်ကို ထုတ်ပြန်ရလေသည်။

ထိုကြေညာစာတမ်းမှာ

သေဆုံးသူမိမိမှာ ဒီမိုကရေစီခေတ်၌ ကောင်းမွန်စွာ လုပ်ကိုင်စားသောက်ခဲ့သူဖြစ်ကြောင်း၊

မိမိသေဆုံးခြင်းမှာလဲ သွေးရိုးသားရိုးသေဆုံးခြင်းဖြစ်၍ ကားအတိုက်ခံရကာ သေဆုံးခဲ့ခြင်းမှာ ကောလာဟလသာဖြစ်ကြောင်း၊

ထိုနေ့က ကားတိုက်သည်ဆိုခြင်းမှာ.သေဆုံးသူသည် အကတိုက်နေရာမှ အမောဆို့နှလုံးအောင့်ကာ သေဆုံးခြင်းဖြစ်၍ လူတွေထင်မှတ်မှားခြင်းဖြစ်ကြောင်း၊

မိမိသေဆုံးခြင်းမှာ မည်သည့်ပယောဂမှမပါဘဲ ရှင်းရှင်းဆန့်ဆန့်နှင့်သာ မိမိနေအိမ်၌ သန့်သန့်ရှင်းရှင်း သေဆုံးခြင်းဖြစ်ကြောင်းကို သက်သေများဖြင့် ပြသနိုင်ပါကြောင်း၊

မိမိသေဆုံးခြင်းမှာ မည်သူတစ်ဦးတစ်ယောက်ကိုမှ နစ်နာစေလိုသော ဆန္ဒမရှိကြောင်း၊

မိမိသဘောထားဖြင့်သာ စိတ်ကြိုက်သေဆုံးခဲ့ပါကြောင်း၊

စသည်ဖြင့် အကြောင်းရေ(၂၀)ကျော် အချက်အလက်ပေါင်း(၄၀)ကျော်နှင့် ကိုးကားစာအုပ်စာရင်း(၃၀၀)ကျော် မျက်မြင်သက်သေပေါင်း(၆၀၀)ကျော်ကို သက်သေပြု၍ သေဆုံးသူမှာ သူအပြစ်မရှိကြောင်း ပေါ်လွင်စေရန် သင်္ချိုင်းစက်မှလက်ထွက်၍ ကန့်ကွက်လှည့်ရရှာလေတော့သတည်း။

× × ×



www.burmeseclassic.com

www.burmeseclassic.com





ဒီမိုကရေစီရပေပြီ။

ဦးဘမောင်သည် ဒီမိုကရေစီမတောင်း။ သို့သော် တစ်နိုင်ငံလုံးအတိုင်းအတာနှင့် ဒီမိုကရေစီ ချပေးလိုက်သောအခါ ဦးဘမောင်သည်လဲ အလိုလိုနေရင်း ဒီမိုကရေစီရသွားခြင်းဖြစ်သည်။

ဒီမိုကရေစီဆိုသည်မှာ လွတ်လပ်ခွင့်ဟု ဆိုကြသည်။

ဦးဘမောင်လဲ ယခင်သင်္ဘောသားဟောင်းမို့ နိုင်ငံအတော်များများ ရောက်ဖူးသည်။ တိုးတက်သော နိုင်ငံများတွင် လမ်းဘေးတွင် ဈေးရောင်းခွင့်မရှိ။ မိမိ





နေအိမ်ကို အခွင့်မရှိဘဲ တိုးချဲ့ခြင်းမပြုရ။ ကြံ့ရာအမှိုက်မပစ်ရ၊ တွေ့ရှိကဒဏ်ငွေ။ လမ်းလျှောက်ရင်း ဆေးလိပ်မသောက်ရ။ ယာဉ်ရပ်နားခြင်းမရှိသည့်နေရာတွင် ယာဉ်မရပ်နားရ။ ယုတ်စွအဆုံး မိမိနေအိမ်၌ပင် နေချင်သလိုနေခွင့်မရှိ။ ပတ်ဝန်းကျင်ကို အနှောင့်အယှက်ဖြစ်ပါက တရားစွဲဆိုခံရပေမည်။

ကိုယ့်ရွာတွင် ဤသို့မဟုတ်။ ဘယ်သူမှမသိပါက မိမိအိမ် (သို့)တိုက်ခန်းကို တိုးချဲ့ချင်တိုင်း တိုးချဲ့၍ရသည်။ အရင်းအနှီးအနည်းငယ်ရှိပါက ကြိုက်နှစ်သက်ရာ လမ်းဘေးတစ်နေရာ၌ စိတ်ကြိုက်ဈေးဆိုင်တည်ခွင့်ရှိသည်။ အမှိုက်သရိုက်များ စွန့်ပစ်ပစ္စည်းများကို နှစ်သက်ရာ မြေလွတ်မြေရိုင်းတွင် ပြောင်ပြောင်တင်းတင်း စွန့်ပစ်ခွင့်ရှိသည်။ လမ်းမပေါ် ဆေးလိပ်ကိုသောက်ရုံမက လမ်းမပေါ်တောက်ထုတ်ပြီး လွှင့်ပစ်၍ရသည်။ ကိုယ်ပိုင်ကားရှိပါက ကားပါကင်မလိုလွတ်ရာပလက်ဖောင်း၌ ခပ်တည်တည်ရပ်ထား၍ ရနိုင်သည်။ မိမိနေအိမ်၌ ကက်ဆက်ပင်မက လော်စပီကာပင်တပ်၍ တစ်ရပ်ကွက်လုံးကြားအောင် သံသေးသံကြောင် ကာရာအိုကေပင် ဆိုနိုင်သေး၏။

ဤမျှလောက် လွတ်လပ်နေသောနိုင်ငံ၌ ဘာကြောင့် ဒီမိုကရေစီ တောင်းကြမှန်း ကိုဘမောင်နားမလည်။

ဒီမိုကရေစီရမှ ကောင်းခြင်းလား ဆိုးခြင်းလားမသိ။ စီးနေသောကားများ ဈေးအဆမတန် ပြုတ်ကျသွားခြင်းပင်။

သူတစ်သက်လုံး သင်္ဘောလိုက်ပြီး ရှာထားသောငွေဖြင့် ဝယ်ထားသောကားမှာ ဈေးအဆမတန် ပြုတ်ကျသွား၍ အထိနာခဲ့ရပြီးပေပြီ။

ယခုလဲ လက်ကျန်ငွေဖြင့် ဈေးပေါပေါရသော ကားကောင်းတစ်စီးကို ထပ်ဝယ်ထားရပေပြီ။ ဒါကို တက္ကသိုလ်တက်နေသော သမီးငယ်က ခါတိုင်းကျောင်းကို ဘတ်စ်ကားနှင့် သွားနေရာမှ ကားဈေး



www.burmeseclassic.com

www.burmeseclassic.com



တချို့ သူငယ်ချင်းများ ကိုယ်ပိုင်ကားဝယ်စီးကြ၍ သူ့ခမျာ လိုင်းကားနှင့်သွားရသည်မှာ မျက်နှာငယ်လှကြောင်း မျက်ရည်တဝိုင်းဝိုင်းနှင့်ဆို၍ ယခင် ထောင်ကျော်ကားကို ရာကျော်မျှပင်ကျ၍ သမီးမျက်နှာမငယ်ရလေအောင် တစ်စီးဝယ်ပေးရလေပြန်သည်။

ဤတွင် ကားဝယ်ပေးရတာက တစ်ခါပဲ ကုန်ကျတာမို့ ကိစ္စမရှိ။ အဓိက,က ယခင် သမီးကျောင်းသွားလျှင် ဘတ်စ်ကားခမျှသာ ကုန်နေရာမှ ယခုတော့ ဓာတ်ဆီဖိုးတိုးကုန်နေ၍ မျက်လုံးပြူးနေရခြင်းဖြစ်၏။ ကားဈေးကျသော်လည်း ဆီဈေးကမကျ၍ ကုန်ကျစရိတ်တိုးတာသာ အဖတ်တင်နေ၏။

အလုပ်အကိုင် အခွင့်အလမ်းက တိုးမလာ။ ဝင်ငွေကတိုးမလာဘဲ ရုပ်ဝတ္ထုပစ္စည်းက ပိုကုန်နေ၍ ယခင် မဖောင်းတဖောင်းအိတ်ကပ်ကလေးက တဖြည်းဖြည်း ပါးလျားလာလေပြီ။

ထို့ကြောင့် ဒီမိုကရေစီရ၍ ရုပ်ဝတ္ထုပစ္စည်းများ ဈေးကျလာသည်ကြားပြီး တောသူမယားပင် ကားဝယ်စီးရန် အကြံမပေါ်စေရန် ရွာဘုရားသို့သွားကာ ကြိတ်၍ဆုတောင်းကာသာ နေရလေတော့သတည်း။

× × ×





# ခပ်လောက်ကို

ကိုဘဖေလဲ ဒီမိုကရေစီရပေပြီ။

ကိုဘဖေသည်လဲ ဒီမိုကရေစီပေါ်ပေါက်သည့်အထဲတွင်မပါ။ သူ့ဘာသာသူ ပန်းရံကလေးလုပ်၊ အလုပ်မရှိက အိမ်သာကျင်းလေးတူးပြီး အေးရာအေးကြောင်းနေ,နေခြင်းဖြစ်၏။

သို့သော် အားလုံးအတိုင်းအတာနှင့် ဒီမိုကရေစီပေးချလိုက်သောအခါ သူလဲ ဘုမသိဘမသိနှင့် ဒီမိုကရေစီ ရသွားခြင်းဖြစ်၏။ ဒီမိုကရေစီရသွားသောအခါ ဘာလုပ်ရမှန်းမသိ။ ထိုဒီမိုကရေစီကို ပိုက်ထားရမှာလား၊ ချပဲချထားရမလား သူမသိ။ လက်ထဲတွင်လဲ နတ္တိ၊



www.burmeseclassic.com

www.burmeseclassic.com



သူသိသည်က

ဒီမိုကရေစီ ရသွားသောအခါ မဆီမဆိုင် တယ်လီဖုန်းဈေးများ ကျသွား၏။

ယခင်က တယ်လီဖုန်းတစ်လုံးကို အရင်းငွေဆယ့်ငါးသိန်း၊ အပြင်ပေါက်ဈေး သိန်းငါးဆယ်ကျော်အထိ ဖြစ်ဖူးသည်ဟု သူကြားဖူးသည်။

ထိုစဉ်က တိုက်အိမ်(တိုက်ခန်း)တစ်ခန်း ဈေးသိန်းသုံးဆယ်ကျော်။ ထိုကာလ၌ လက်ကိုင်ဖုန်းက ပေါက်ဈေးသိန်းငါးဆယ်ကျော်တို့ ဘယ်လိုအရှူးများက ကိုင်ကြပါလိမ့်ဟု သူတွေးဖူးသည်။

ယခုအခါ တယ်လီဖုန်းဈေးက သိန်းဂဏန်းဆိုတော့ သူ တစ်သက်နှင့်တစ်ကိုယ် မမျှော်မှန်းဘူးသော တယ်လီဖုန်းကို ကိုင်ချင်နေမိသည်။ လူအတော်များများကလဲ ဖုန်းနဲ့ကနွားနဲ့ ဖြစ်နေကြပြီကိုး။ ထို့ကြောင့် တယ်လီဖုန်းကိုင်မှ လူရာဝင်သောခေတ်တွင် သူလဲ လူရာဝင်စေရန် အိမ်ဂရန်ပေါင်၍ တယ်လီဖုန်းတစ်လုံး ဝယ်ကိုင်လိုက်လေတော့သတည်း။

တယ်လီဖုန်းကိုင်ပြီးတော့လဲ ဆက်ရမယ့်သူကမရှိ။ ပျောက်သွားရင်လဲ ငွေနှစ်သိန်းမို့ ပုဆိုးခါးပုံစထဲ ဖွက်ရတာကလဲအမော။

နောက်ဆုံးဖုန်းရှိပြီး ပြောစရာလူမရှိ၍ သူ့လိုပဲ လူရာဝင်နေချင်သော မိန်းမဖြစ်သူပဲပြုတ်သည်မိပဲကိုပါ အရစ်ကျစနစ်ဖြင့် ဖုန်းတစ်လုံးဝယ်ပေးလိုက်ရလေတော့သည်။

ထိုနေ့မှစ၍ ခါတိုင်းဆို သေသေရှင်ရှင် ဘယ်တော့မှမမေးသော သူ့မိန်းမမိပဲက သူအားတိုင်းယားတိုင်း

"ရှင်ဘယ်မှာလဲ၊ ရှင်ဘယ်လျှောက်သွားနေလဲ၊ ဒီနေ့တော့ ကန်စွန်းရွက်ပဲ ကြော်ထားတယ်"

စသည်ဖြင့် တယ်လီဖုန်းနှင့်ဆက်ပြီး အာချောင်နေလေတော့





သည်။

အစပိုင်းတော့ အများနည်းတူ ဖုန်းလေးပြောရတာ ပျော်သလိုလို၊ ဘဝင်မြင့်ချင်သလိုလို ရှိသော်လဲ ကြာလာသောအခါ အလုပ်အကိုင်က တိုးမလာ၊ ဒုံရင်း။ တယ်လီဖုန်းဘေ(လ်)ကသာ တစ်လတစ်သောင်းမျိုး၊ နှစ်သောင်းမျိုးတိုးလာ၍ မျက်ဖြူဆိုက်ရသော အခြေအနေသို့ ရောက်လာတော့၏။

ထို့ကြောင့် ဖုန်းသံမြည်လာသောအခါ စိတ်ဆိုးပြီး

"သောက်ကန်းမ ဖုန်းချည်းခွဆက်မနေနဲ့၊ ဖုန်းဘေ(လ်) ဆောင်ဖို့ ပိုက်ဆံပေါ်နေတာမဟုတ်ဘူး သေနာမရဲ့"

ဟူသော ပီယဝါစာစကားကို တစ်တစ်ခွခွကြားအောင် ပြောရသောဘဝကို ရောက်ရလေသည်။

မိပဲကလဲ ပါးသည်။ ထိုကဲ့သို့ အကြိမ်တစ်ရာမျှ ဆဲဆိုခြင်းပြီးစီးမှ နားလည်ခြင်းကိုရောက်၏။

ထိုသို့ဖြင့် ဝယ်ထားပြီး နေ့ခင်းပိုင်း အသံမမြည်တော့သော တယ်လီဖုန်းမှာ ကိုဘဖေအိပ်ပျော်ပြီး ညခင်းဆယ့်နှစ်နာရီခွန်းစွန်းတွင် အသံထမြည်ပြီး အိပ်မှုန်စုံမွှားနှင့် ဟယ်လိုလိုက်မှ

"ဒီအချိန်လေး ဖုန်းဘေ(လ်)သက်သာလို့ ဆက်တာပါတော်"

ဟူသော နံဘေးနားခွေအိပ်နေသော မိပဲအသံကြားမှ

"အာ ဒီဂန်းမတော့"

ဆိုကာ မိပဲတင်ပါး ထကန်ခြင်းဖြင့်မှ ပြီးစီးခြင်းကို ရောက်လေတော့သတည်း။

× × ×



www.burmeseclassic.com

www.burmeseclassic.com



# ခလောက်နီ

ခလောက်နီကျေးရွာတွင် ဖြစ်၏။

ခလောက်နီကျေးရွာသည် ရေချိုမြစ်ချောင်း အင်းအိုင်များ ဝိုင်းရံနေသော မြစ်ကျိုးဒေသတွင် ရှိသောကြောင့် ရေခံမြေခံကောင်းပေသည်။

မြစ်ချောင်းများပေါ်၌ ငါးပုစွန်များပေါသည်။

"ငါးသလောက်အစစ်နဲ့ ပုစွန်ထုပ်ကိုမြင်ဖူးတာ ခလောက်နီရွာပဲရှိတယ်"

ဟု ကြုံးဝါးရလောက်အောင် ရေသတ္တဝါ ပေါများ၏။

မြစ်ချောင်းပေါ်၌ ရေခံမြေခံကောင်းသည်။





ရေပေါ်၌ ငါး ပေါသလို၊ မြေပေါ်၌ စပါးလဲပေါ၏။

မြစ်ချောင်းရေ'ဝ'နေသောမြေမှာ ပျိုးကြဲတိုင်း စပါးဖြစ်ပါ၏။ နွေအခါ ပဲကြဲလဲ ပဲဖြစ်ပါသည်။ ထို့ကြောင့် ခလောက်နီရွာမှာ ဘာမှ ပူပင်သောကမရှိအောင် ကြွယ်ဝပါသည်။

ဤမျှလောက် ပြည့်စုံပါလဲ လိုအပ်ချက်ကတော့ ရှိပါသည်။ ထိုအရာကား လျှပ်စစ်မီးပင်။

အများကျေးရွာများ လျှပ်စစ်မီးများ သုံးနေပြီဆိုသည်နှင့် ခလောက်နီရွာကလဲ သုံးချင်ကြ၏။

မြို့နှင့်အဆက်အသွယ်ရှိသော ဦးဘဖေအိမ်နှင့် လယ်မြေများသော ကိုထွန်းအုပ်အိမ်တို့တွင်တော့ ကိုယ်ပိုင်တရုတ်နီမီးစက်ကလေးများ တစ်အိမ်စာစီ ရှိကြသည်။

မဖွားမေနှင့် ဒေါ်နှင်းမြတို့အိမ်၌လဲ အင်ဗက်တာရှိပါသည်။ ဒါတောင် ဘက်ထရီအားကုန်ပါက ချောင်းကို လှေနှင့်ကူး၍ တစ်ဖက်ရွာ၌ အားသွားသွင်းနေရသေး၏။

ထို့ကြောင့် အများနည်းတူ ခေတ်မီစေရန် တစ်ရွာလုံးသုံး ဖွဲ့မီးစက်တစ်ခု ဝယ်ယူရန် သဘောတူလိုက်ကြသည်။

အလှူငွေအတွက်က ပူစရာမလို၊ ရှိသမျှ မြစ်ချောင်းများမှ ငါးကို ဦးမောင်ထူးအား တစ်ဦးတည်းပိုင် ဖမ်းခွင့်ပြုပါက မီးစက်အတွက် ရန်ပုံငွေလောက်ပြီ။

သဘောတူညီချက်အရ တစ်ရွာလုံး ဖွဲ့မီးစက်အသုံးပြုရရေး အတွက် ဦးမောင်ထူးမှာ လူစု၍ ကျားပိုက်ထောင်ခြင်း၊ ကွန်ပစ်ခြင်း၊ လျှပ်စစ်ရှော့(ခ်)ရိုက်ခြင်းတို့ဖြင့် မြစ်ချောင်းမှ ငါးသိမ်၊ ငါးမွှားပါ မကျန်အောင် ဖမ်းဆီး၍ ငါးဒိုင်သွင်းလိုက်သောအခါ ဖွဲ့မီးစက် အတွက် လုံလောက်သောငွေကြေးကို ရရှိလာပါတော့၏။

ယခင်က အရွယ်မရောက်သောငါးများကို မဖမ်းဘဲ မြစ်



www.burmeseclassic.com

www.burmeseclassic.com



ချောင်းထဲ ပြန်လွှတ်၍ ပြန်လည်မွေးမြူခြင်းမလေ့ ရှိသော်လည်း ယခုတော့ ဖွဲမီးစက်လိုအပ်ချက်ကြောင့် ချောင်းမြောင်းမကျန် ရှိသမျှငါး အပြုတ်နှံ့လိုက်ရခြင်းပင် ဖြစ်သည်။



မိုးရာသီအခါသမယ၌ လျှပ်စစ်မီးပေးခြင်းမှာ ရပ်ရွာလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ပျက်စီးစေနိုင်သည်ကို ဆင်ခြင်မျှော်တွေးမိသည်ကြောင့် စေတနာနှင့် ရပ်ဆိုင်းထားကြောင်း

ဤသို့ဖြင့် ဖွဲမီးစက်ကို ဝယ်ယူပြီးသောအခါ ကျွမ်းကျင်ပညာရှင်များ လုပ်သားများဖြင့် မီးစက်ကြီးကို ရွာအရောက် နွားလှည်းတတန် ကုန်းကြောင်းတတန်ဖြင့် ခက်ခက်ခဲခဲ သယ်ယူရလေသည်။

နေရာချရန်အတွက် ရွာ၏မြောက်ဖျား ဦးထွန်းအုံနှင့်ညီများပိုင်သော လယ်မြေကို ခေတ္တသိမ်းယူပြီး မီးစက်ကြီး ထိုနေရာ၌ပင် ချလိုက်ရတော့၏။

ဦးထွန်းအုံနှင့်ညီများက သူတို့ဘိုးဘွားပိုင်လယ်မြေမို့ ကန့်ကွက်သော်လည်း နောက်ဆုံးတော့ တစ်ရွာလုံးမီးရရှိရေးကို အကြောင်းပြု၍ နှုတ်ဆိတ်လက်လျှော့ခြင်းဖြင့်သာ နိဂုံးချုပ်ရလေသည်။

တစ်ရွာလုံးကလဲ မနေရ မနားရ။ ခေါင်းတိုင်ထောင်ခြင်း၊





ခေါင်ကြိုးသွယ်ခြင်းများဖြင့် ဝါယမစိုက်ထုတ်ရပြန်သည်။

အားလုံးအသင့်ဖြစ်သောအခါ တဝုန်းဝုန်းမြည်ဟီးသံနှင့်အတူ တစ်ရွာလုံး လျှပ်စစ်မီးအရသာကို အားရဝမ်းသာ ခံစားရပေတော့သည်။

ဤတွင် လျှပ်စစ်မီးရလာသော ခလောက်နိရွာသားတို့မှာ အိမ်ရှေ့၊ အိမ်နောက်၊ အိမ်အောက်ပါမကျန် လျှပ်စစ်မီးကို လင်းထိန်နေအောင်သုံးခြင်း၊ ငွေရှိသူများမှာ တီဗီမှအစ၊ ထမင်းအိုးကိုပင် လျှပ်စစ်နှင့်တည်ကြခြင်း၊ လျှပ်စစ်မီးပူများ အသုံးပြုခြင်း စံသည်စသည်ဖြင့် အသုံးပြုကြ၍ ဖွဲမီးစက်မှာ မနိုင်ရင်ကာထမ်းရင်း မကြာခဏ စက်ထိုးရပ်ခြင်း၊ ခေါင်တိုင်မှ ခေါင်မီးများပေါက်ထွက်ခြင်းများ ဖြစ်ပေါ်လာ၍ ရပ်ရွာ၏ဖွဲမီးစက်ကို မကြာမကြာ ပြန်ရပ်ရခြင်း ပြန်လည်ပြုပြင်ရခြင်းများ ဖြစ်ပေါ်လာတော့သည်။

တစ်နေ့လာလဲ ဖွဲမီးစက်ပြင်ရလို့၊ တစ်နေ့လာလဲ ခေါင်ကြိုးပျက်လို့နှင့် အစကတော့ ခဏလာ။ ခဏပျက်နှင့် ချာလပတ်ရမ်းနေသော်လည်း အနေကြာသောအခါ သိသိသာသာမီးမလာခြင်းကို ကြုံတွေ့ရလေသည်။

ဤသည်ကို ရွာသားများက မကျေနပ်။ ထိုမီးစက်ကောင်းမှုဖြင့် ယခုဆိုလျှင် မြစ်ထဲမှ ငါးသလောက်၊ ပုစွန်ထုပ်ဆိုသည်မှာ အိပ်မက်ထဲမှာပင် အကောင်အစစ် မမြင်ဘူးတော့ကြောင်း၊ လယ်မြေများသည်လဲ မီးစက်ဆီစိမ့်ဝင်မှုကြောင့် ပျက်စီးလာကြောင်း စသည်ဖြင့် တင်ပြကြလေရာ၊ ရွာလူကြီးမှာ မနေသာ၊ မီးစက်ထိန်းမောင်သိန်းကို ခေါ်ယူ၍ မီးစက် အဘယ်ကြောင့်ပျက်ရကြောင်း ရွာသားများအား ရှင်းပြစေ၏။

မီးစက်ထိန်းမောင်သိန်း ရှင်းပြသည်မှာ

"ယခုအခါသည် မိုးတွင်းကာလအခါသမယဖြစ်သောကြောင့်



www.burmeseclassic.com

www.burmeseclassic.com



မိုးမှုးသည်းထန်စွာ ရွာသွန်းခြင်းကြောင့် ဒီအတိုင်းထားသော လျှပ်စစ်ကြိုးများ ဓာတ်လိုက်ခြင်း၊ လမ်းဓာတ်တိုင်မှ မီးလုံးများ ပေါက်ထွက်ခြင်းတို့ကြောင့် ဘေးထွက်ဆိုးကျိုးများကြောင်း၊ ဝါဆိုလ(၂)ရက်တွင် ဓာတ်ကြိုးပြတ်ကျမှုကြောင့် ဘကြီးလေပျော့၏နွားကြီး ဓာတ်လိုက်သေဆုံးခြင်းအပြင် တော်သလင်းလ(၃)ရက်နေ့တွင်လဲ အဘဦးဝင်း၏သား ငထိုက်ခေါ် မောင်ဆိုး၏ခေါင်းပေါ်တည့်တည့် ဓာတ်မီးသီးပြုတ်ကျမှုကြောင့် တစ်ချက်ခွဲခေါင်းချုပ်လိုက်ရကြောင်း"

"ထို့ကြောင့် မိုးရာသီအခါသမယ၌ လျှပ်စစ်မီးပေးခြင်းမှာ ရပ်ရွာလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ပျက်စီးစေနိုင်သည်ကို ဆင်ခြင်မျှော်တွေးမိသည်ကြောင့် စေတနာနှင့် ရပ်ဆိုင်းထားကြောင်း"

"တဖန် လေတိုက်သောအခါများ၌လဲ ဓာတ်တိုင်များမှာ ယင်းတိုက်ယမတိုင်များနှင့် ထောင်ရမည့်အစား၊ နှစ်တစ်လက်မသစ်ပုပ်များနှင့် ထောင်ခဲ့မိသည်တစ်ကြောင်းတို့ကြောင့် လေပြင်းပြင်းတိုက်သည်နှင့် ဓာတ်တိုင်များ ကျိုးကျခြင်း၊ ဓာတ်ကြိုးများပြုတ်ကျခြင်းတို့ကြောင့် အန္တရာယ်ရှိနိုင်ပါကြောင်း"

"သာဓကပြရလျှင် ပြီးခဲ့သည့် လဆန်းပိုင်း(၇)ရက်နေ့၌ ကျောင်းမှပြန်လာသော ဦးဖေငယ်၏သား မောင်ဆန်း(ခ) ကျော်လွင်စိုးမှာ နှစ်တစ်လက်မဓာတ်တိုင် ကျိုးကျခြင်းကြောင့် ထိပ်ဖုသွားခဲ့ကြောင်း၊ သူ၏သားငယ် မောင်စခေါ် လိပ်ကျိုးပင်လျှင် ဓာတ်တိုင်ဖက်တက်၍ ဓာတ်တိုင်ကျိုးကျကာ ခါးဆစ်လွဲခဲ့ကြောင်း"

"တဖန် နေပူသောအခါများ၌ ခလောက်နီရွာမှ အသုံးပြုသော မီးစက်မှာ ဖွဲမီးစက်များဖြစ်သောကြောင့် စက်ထဲထည့်ရသော ဖွဲမီးပွားများ မကြာခဏလွင့်ပျံ၍ မီးလောင်ကျွမ်းခြင်းများ ဖြစ်တတ်ကြောင်း၊ ပြောရလျှင် လွန်ခဲ့သည့် ကဆုန်လ၌ပင်လျှင် ဖွဲမီးစက်မှ ဖွဲမီးပွားလွင့်ပျံမှုကြောင့် ဦးလူဝ၏ ကောက်ရိုးပုံမှ ကောက်ရိုးနှစ်ချောင်း မီးလောင်ကျွမ်းမှု ဖြစ်ခဲ့သည်ကို သတိရစေလိုကြောင်း"

"ဦးလူထိန်၏ အိမ်ခေါင်မိုးပေါ် ဖွဲမီးကျခဲ့ရာ လူအမြင်မြန်၍ ငြိမ်းသတ်နိုင်ခဲ့ကြောင်း"

"ထို့ကြောင့် ကျေးရွာတွင်ရှိနေသော ဖွဲမီးစက်ကို အများပြည်သူ၏ လိုအပ်ချက်များကို ရှေ့ထား၍ ကျေးရွာလူကြီး၏ အမြော်အမြင်ကြီးမှုတို့ ပေါင်းစပ်ကာ ဖွဲမီးစက်ကို မိုးရွာသည့်အခါ၊ လေတိုက်သည့်အခါနှင့် နေသာသည့် အခါများ၌သာ မီးမပေးနိုင်ခြင်းကို ဆင်ခြင်သုံးသပ်နိုင်စေပြီး ကျန်အချိန်များကို အမျိန်နှင့်တပြေးညီ ဆောင်ရွက်နေပြီဖြစ်ကြောင်း အသိပေးပြောကြား၍"

"ယခုဆိုလျှင် ထိုဖွဲမီးစက်ကြီးကောင်းမှုနှင့် ခလောက်နီရွာသူရွာသားများမှာ မီးလာပါက "ပေး"ဟု အော်၍ ပျော်တတ်သောရလဒ်ကောင်းများပင် ရနေပြီဖြစ်ကြောင်းနှင့် မီးပျက်သောအခါ "ဟာ"ဟူသော အာမေဋိတ်ကိုရေရွတ်၍ "မီးပေးသည့်သူများ နိဗ္ဗာန်မဂ္ဂဖိုလ်ရက်တဲ့တိုနှင့် ရောက်ပါစေ" ဟူသော စကားနှင့်အတူ ဖြစ်ပျက်သင်္ခါရတရားသဘောကိုပင် အချိန်နှင့်တပြေးညီ ဆင်ခြင်နိုင်ကြပြီဖြစ်ကြောင်း၊ ထိုကဲ့သို့ ဝိဇ္ဇာနှင့်သိပ္ပံ နှစ်မျိုးလုံး အသုံးဝင်သော တိုးတက်လာသော ရလဒ်ကောင်းများကို မပျောက်ပျက်စေလိုကြောင်း"

ရှည်လျားစွာ ရှင်းလင်းပြောကြား၍ နိဂုံးချုပ်သွားလေတော့သတည်း။

× × ×







www.burmeseclassic.com

www.burmeseclassic.com



ခလောက်နီ

ခလောက်နီကျေးရွာတွင်ဖြစ်သည်။

မုန်တိုင်းထန်ပြီးနောက်တစ်နေ့တွင် ပျက်စီးနေသောရွာလမ်းကြီးကို ပြုပြင်ရန် သူကြီးနှင့်ရွာသားများ တိုင်ပင်ကြသည်။

တချို့ကလည်း ရွာလမ်းပြုပြင်ရန် လယ်ထွန်စက်လိုကြောင်း၊ တချို့ကလဲ လမ်းရှင်းစက်ငှား၍ ပြုပြင်၍ရကြောင်း စသည်ဖြင့် တိုင်ပင်အကြံပြုကြသည်။

နောက်ဆုံးတွင်တော့ ရွာသားအများအပြားနှင့် သူကြီးအပါအဝင် ရှေးရိုးစွဲဂေါပကများကပါ "အများသူငါ ထောက်ခံမှု"ဟုဆိုကာ ရှေးယခင်ကနည်းအတိုင်း





ဆင်ကြီးတစ်ကောင်ဝယ်ယူ၍ လမ်းပြန်ဖောက်ရန်ဆိုသောအဆိုကို လက်ခံလိုက်ကြရသည်။

ဤသို့ဖြင့် ကြိုးစားပန်းစားဖြင့် ဆင်ကြီးကို ဝယ်ယူလာလေသည်။

ဖြစ်ချင်တော့ ရွာသားများမှာ ဆင်ကြီးကိုသာ ခေါ်ဆောင်လာပြီး ဆင်ကြီးကို ချွန်းအုပ်နိုင်သူ၊ ဆင်ကြီးကို ထိန်းကျောင်းနိုင်ရန် ဆင်ထိန်းမှာ ပါမလာပေ။ ထို့ကြောင့် လမ်းပြင်ရန်အတွက် ဝယ်ယူလာသောဆင်ကို မည်သို့မည်ပုံ ပြုပြင်ရမည်မသိ။ '

အစာရေစာဝလင်အောင် ကျွေးမွေးရင်း ဆင်ကြီးကို မည်သို့အသုံးချရမည်ကို စည်းဝေးကြ၏။ နောက်ဆုံးတော့ 'ဆင်သွားရင် လမ်းဖြစ်တယ်'ဟူသော စကားပုံအတိုင်း ခလောက်နီကျေးရွာအနီး မုန်တိုင်းကြောင့် ပျက်စီးသွားသော လမ်းများကို ဆင်ကြီးအားကိုးနှင့် ပြန်ဖော်ဆောင်ရန် ဆုံးဖြတ်လိုက်ကြသည်။

ခက်သည်က ခလောက်နီရွာတွင် ဆင်နှင့်ယဉ်ပါးသူ တစ်ယောက်မှမရှိ။ ဆင်ကိုလဲ စီးဖူးဖို့မပြောနှင့်။ ယခုမှပင် မျက်ဝါးထင်ထင် မြင်ဖူးကြတာဆိုတော့ ဆင်ကိုတက်စီးပြီး ချွန်းအုပ်ရဲသူ တစ်ယောက်တလေမှပင် ပေါ်မလာ။ ခလောက်နီကျေးရွာနှင့် ဆင်ကြီးမှာ ပုံပြင်ထဲမှ မျက်မမြင်ပုဏ္ဏားခြောက်ယောက်နှင့် ဆင်ကြီးပုံပြင်ကဲ့သို့ ဖြစ်နေလေသည်။

သစ်ပင်အထက်က တက်ကြည့်တော့လဲ ထိုဆင်၏ ဦးကင်း၌ ချွန်းရာဗလပွနှင့်။ ယခင်ကတည်းက ဒဏ်ရာဒဏ်ချက်များစွာနှင့်။ ဉာဏ်တုံးလွန်း၍ ဦးနှောက်အား အကြိမ်ကြိမ်ထုရိုက်ခံခဲ့ရသလိုမျိုး။

ထို့ကြောင့် သူတို့အားကိုးသော ဆင်ကြီးမှာ အယဉ်လား၊ အရိုင်းလားပင် မခွဲခြားနိုင်။

ဤဆင်ကြီးကို မည်သို့ခိုင်းနိုင်မည်နည်း။



www.burmeseclassic.com

www.burmeseclassic.com





မုန့်တိုင်းတိုက်စဥ်က
မပြိုလဲခဲ့သော
ခလောက်နီရွာကလေးမှာ
သူတို့မွေးထားသောဆင်ကြီး
ရှမ်းကားပြီး
နောက်ကျောင်းပြန်
လှည့်ပြေးလေမှ
စိစိညက်ညက်ကြေခြင်း
ဟူသောဘဝကို

နောက်ဆုံးတော့ တစ်ရွာလုံး အားကောင်းမောင်းသန်များ စု၍ ဆင်ကြီးကို တရွေးရွေးနှင့် မောင်းကြရလေသည်။ တချို့ကလဲ ဆင်ကြီးအရှေ့မှ ကြံပိုင်းများနှင့် မြူဆွယ်၏။ တချို့ကလဲ ဆင်ကြီး အလစ်၌ နွားနှင်တံနှင့် ပြေးတွယ်သည်။ အကောင်ကြီးလွန်းသော ဆင်ကြီးမှာ နွားနှင်တံလောက်တော့ မဖြုံ။

ထိုသို့ လူတကာ တစ်နိုင်တစ်ပိုင်ပြုမှ ဆင်ကြီးမှာ ခြေလှမ်းကို ရွေ့ရှာ၏။

ခက်သည်က ဆင်ကြီးက ထိန်းကျောင်းမည့်သူမရှိ၍ သူသွားချင်သောအခါသွားသည်။ သူမသွားချင်သောအခါ လမ်းမအထက် ပိတ်ရပ်နေလိုက်လေသည်။ ထိုအခါ ဆင်သွားရာလမ်းဖြစ်ရုံမျှမက ဆင်ရပ်သောအခါ လမ်းပိတ်သော ဘဝကို ရောက်ကြရသည်။

ဆင်ကြီးက လူထက် အကောင်ကြီးသမို့ သူလှဲနေလျှင်လဲ မမောင်းရဲ၊ ခြောက်လဲမလွှတ်ရဲ၊ အနားလဲမကပ်ရဲနှင့်မို့ လူအများ





သည် ခပ်ဝေးဝေးကသာ လေသံကလေးဖြင့် 'ဆင်ကြီးရယ် လမ်းရှင်းပေးပါ၊ လမ်းရှင်းပေးပါ'ဟု တိုးတိုးသာ ဆိုနေရရှာသည်။

လူစကား နားလည်လေလား၊ နားမလည်လေလားမသိ၊ ဆင်ကြီးက သူစိတ်ရှိလျှင် လမ်းထလျှောက်၍ သူစိတ်မရှိလျှင် ဖောက်ထားသောလမ်းပေါ်၌ ပေတေအိပ်စက်နေလေသည်။

ထိုအခါ ဆင်ကြီးပိတ်နေ၍ လူအများမှာ ရှောင်ကွင်းသွားလဲ ချောင်းထဲ၊ မရှောင်ကွင်းပြန်လဲ ဆင်ကြီးနှင့် ထိပ်တိုက်တိုးမည်မို့ အခက်ကြုံနေရလေသည်။ မည်သူကမှ ကိုယ့်ထက်အင်အားကြီးသူနှင့် ထိပ်တိုက်မဆုံချင်ကြ။

နောက်ဆုံးတော့ ခလောက်နီရွာသားများမှာ ဆင်ကြီး ဤရွာ၌ ရှိရေးမရှိရေးကို တိုင်ပင်ဆွေးနွေးကြရပြန်သည်။

အစည်းအဝေးဆုံးဖြတ်ချက်အရ ဆင်ကြီးကြောင့် နှောင့်နှေးနေသော ရွာလမ်းကို ရွာသားများ ကိုယ်ထူကိုယ်ထဖြင့် ပြန်လည်ဖောက်လုပ်မည်။ ဘယ်ကလာမှန်းမသိသော ထိုဆင်ကိုလဲ ပိုနေမြကျားနေမြ ပြန်လွှတ်ထားမည်ဟု ဆုံးဖြတ်လိုက်ကြသည်။

တစ်ယောက်တစ်လက်အားဖြင့် ပြန်လည်ဖောက်လုပ်ရာ ရွာလမ်းက ပြီးစီးခြင်းကိုရ၏။ ခက်နေသည်က သူတို့အားကိုးသည့် ဆင်ကြီးမှာ တစ်ယောက်တစ်လက်အားဖြင့် ကိုယ်ထူကိုယ်ထ ဖောက်လုပ်ထားသော ရွာလမ်းမပေါ်၌လမ်းထလျှောက်လိုက် အိပ်လိုက်လုပ်နေသဖြင့် လမ်းပိတ်နေသလို ဖြစ်နေပြန်၏။ ဆင်ကြီးမှာ မည်သူ့စကားမှလည်း နားမထောင် သူထင်ရာလုပ်နေ၍ ရွာသားများခမျာ ရှေ့လည်းမရောက်၊ နောက်ဆုတ်၍လည်းမဖြစ်နှင့် ကန့်လန့်ကြီး ရပ်နေရရှာသည်။ နောက်ဆုံးတော့ ရှေ့ဆက်ရမည့်ခရီးအတွက် နှောင့်နှေးစေသော ဆင်ကြီးကို ရွာမှ ခြောက်လှန့်လွှတ်ရန် ဆုံးဖြတ်ကြပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



ညအခါသမယကိုရွေး၍ ရွာသားများမှာ မီးတုတ်များကိုင်စွဲ၊ စလောင်းဖုံများရိုက်ကာ 'မီးတုတ် မီးတုတ် ရှိ့ရှိ့ ဆင်ကြီးအလိုမရှိ ဆင်ကြီးအလိုမရှိ' မြည်သံပေး၍ ဆင်ကြီးကို ခပ်ဝေးဝေးမှ ခြောက်လှန့်ကြလေသည်။

ထိုအခါ ဆင်ကြီးမှာ တကယ်ကြောက်လန့်သွားသည်လား၊ ဒေါသပဲထွက်သွားတာလားတော့မသိ၊ ခလောက်နီရွာထဲ ပြန်လှည့်ပြေးမည်ပြင်ရာ မုန်တိုင်းတိုက်စဉ်က မပြိုလဲခဲ့သော ခလောက်နီရွာကလေးမှာ သူတို့မွေးထားသောဆင်ကြီး ရမ်းကားပြီး နောက်ကြောင်းပြန်လှည့်ပြေးလေမှ စိစိညက်ညက်ကြေခြင်းဟူသောဘဝကို ရောက်ရှိလေတော့မည်ကို စိုးရိမ်ကြရရှာလေတော့သတည်း။

× × ×





# ခလောက်နီ

ခလောက်နီကျေးရွာတွင်ဖြစ်သည်။

ရွာအဝင်လမ်းနားရှိ ကြီးမားသောညောင်ပင်ကြီးအောက်တွင် သူကြီးဦးဖိုးနီက (၈)နှစ်အရွယ် သူ့မြေးကလေးကို ရှင်းပြနေခြင်းဖြစ်သည်။

"ဟောဒီညောင်ပင်ကြီးကောင်းမှုကြောင့် ဒီနေရာမှာ လူတွေ တထောက်နားခိုရာနေရာရတာ လူလေး"

မြေးငယ်ဖိုးဖြူက အရိပ်ကောင်းသော ညောင်ပင်ကြီးကို မော့ကြည့်သည်။

"ခရီးဝေးကလာသမျှလူတိုင်း ရွာမဝင်မီ ဒီညောင်ပင်ကြီးအောက် တထောက်နားကြတာချည်းပဲ

စိုး : မို့ : ၀၁၄ပ

www.burmeseclassic.com

www.burmeseclassic.com



ပဲ"

ထိုညောင်ပင်မှနေ၍ ရွာသို့မျှော်ကြည့်လျှင် ခပ်လှမ်းလှမ်း၌ မှုန်ပြပြသာ။

"နွေရာသီဆိုလဲ နေကပူပြင်းလွန်းလို့ ဒီညောင်ပင်ကြီးအောက်မှာနား၊ ဟောဒီအဘိုးလှူထားတဲ့ ရေချမ်းစင်ကလေးမှာ အမောပြေ ရေချိုသောက်ရင်း ဆက်သွားရမယ့် ခရီးအတွက် မျှော်တွေးကြရတာပေါ့၊ မိုးရာသီကျတော့လဲ ဒီညောင်ပင်ကြီးအောက် တထောက်မိုးခိုရင်း သွားရမည့်ခရီးအရှည်ကို စောင့်မျှော်ကြတာလေ"

ဖိုးဖြူက ညောင်ပင်ကြီးကို မော့ကြည့်ပြန်သည်။

မှန်ပေ၏။ ညောင်ပင်ကြီးမှာ မည်မျှကြီးမားသည်ဆိုသော် လူကြီးလေးငါးဖက်ခန့်ရှိပြီး ညောင်ရွက်များကလဲ ဒင်းကြမ်းပြည့်အုံ့ဆိုင်းနေသည်မို့ နွေရာသီ၌လဲ ညောင်ပင်ရိပ်အောက် နေပြောက်ပင် မထိုး။ မိုးရာသီ၌လဲ တော်ရုံမိုးက ညောင်ရွက်များကို မထိုးဖောက်နိုင်သည်မို့ အကြီးစားထီးကြီးတစ်လက်သဖွယ် ခန့်ခန့်ထည်ထည်ရှိ၏။

ထို့အပြင် အဘိုး"ဦးဖိုးနီကောင်းမှု"ဟု အမည်ရသော လျှော့တိလျှော့ရဲ ဝါးလေးတိုင်စင်ပေါ် ခပ်စွေစွေတင်ထားသော မြေရေအိုးကြီး နှစ်လုံးကလဲ ကြုံရာလူခပ်ဖြည့်ထား၍ ဘယ်အချိန်ဖြစ်ဖြစ် ရေက အပြည့်မို့ ခရီးသွားများ စိတ်လက်ချမ်းသာရပေပြန်သည်။

ထိုမျှမကသေး။ မောင်ဖိုးဖြူတို့လို ကလေးများပင် ကျောင်းပိတ်ရက် အားလပ်ရက်များ၌ အရိပ်အာဝါသကောင်းသော ဤညောင်ပင်ကြီးသို့ တကူးတကလာပြီး အုပ်စုဖွဲ့ထုတ်စည်းထိုးခြင်း၊ ဒီဆွဲခြင်း၊ လိပ်ဥဖွက်တမ်းကစားခြင်းစသည် ကစားနည်းများကို လာရောက်ကစားကြရ၏။

ထို့အပြင် ညောင်ပင်မှ တွဲရရွဲကျနေသော ညောင်မုတ်ဆိတ်ရှည်များကို သုံးလေးချောင်းပူးဆွဲ၍ ဒန်းလုပ်စီးခြင်း၊ ညောင်မုတ်ဆိတ်





များကိုဆွဲ၍ တစ်ချောင်းမှ တစ်ချောင်းကူး၍ တာဇံလုပ်တမ်း ကစားခြင်းများလဲ ကစား၍ရသေး၏။

မောသောအခါ၊ ရေချမ်းစင်မှ ရေကိုသောက်။ ပြီးလျှင် စိတ်ကြိုက် လွတ်လွတ်လပ်လပ် ဆော့ကစားမို့ ရွာရှိလူကြီးများလဲ မျက်စိအနောက်သက်သာသလို အန္တရာယ်လဲကင်းအောင် ညောင်ပင်ကြီးက တာဝန်ယူရှာ၏။

"အေး မြေးလေးတို့လဲ အားလပ်ရက်တွေဆိုရင် ရွာထဲကလေးပျောက်၊ ညောင်ပင်ကြီးအောက်ရောက်လို့ ဆိုရလောက်အောင် ဒီညောင်ပင်ကြီးကိုပဲ အမှီသဟဲပြုပြီး လာရောက်ပျော်ပါးကြရတာမဟုတ်လား"

မောင်ဖိုးဖြူ ခေါင်းညိတ်သည်။

"ခရီးသွားမိဘပြည်သူများအပြင် ရွာဟ,ကလေးငယ်များကိုပါ စောင့်ရှောက်နေတဲ့ ညောင်ပင်ကြီး ကြည့်စမ်းပါဦးကွယ်"

အဲ့ဆိုင်းဆိုင်း ညောင်ပင်


ဦးဖိုးနီ၏ သွေးသွေးမြည်မြည် စကား ဆုံးသည်နှင့် (၈)နှစ်သား မြေးဖြစ်သူ ဖိုးဖြူက ထရယ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကြီးကို နှစ်ယောက်သား တမေ့တမော မော့ကြည့်ကြသည်။
ညောင်ပင်ကြီးပေါ် ညောင်သီးစားလာကြသော ငှက်ကလေးများတပင် သာယာနာပျော်ဖွယ်ကောင်းအောင် စိုးစီစိုးစီ။
စာကလေးလဲပါ၏။ နှံပြည်စုတ်၊ ခို၊ ခါမှစ၍ ကျီးကန်းအထိ သတ္တဝါများ စုစုစည်းစည်း ညီညီညာညာ။
"သစ်တစ်ပင်ကောင်းတော့ ငှက်တစ်သောင်းနားနိုင်တယ်ဆိုတာ အဲဒါပဲ လူကလေး"
မှန်ပေသည်။ ဤညောင်ပင်ကြီးကောင်းမှုကြောင့် ငှက်ပေါင်းတစ်သောင်းမက သိန်းသန်းချီမှီခိုခဲ့ရပေပြီ။
ဦးဖိုးနီ သက်ပြင်းချသည်။ ပြီးနောက် ဆွေးမြည့်သောအသံဖြင့်
"စိတ်မကောင်းစရာက အဲဒီလို လူသတ္တဝါ၊ ငှက်အပေါင်းနားခိုနိုင်အောင် အရိပ်ပေးတဲ့ သစ်ပင်ကြီး သူကိုယ်တိုင် နေပူဒဏ်ကို ကြံ့ကြံ့ခံနေရတာကို ဘယ်သူမှမသိကြဘူးကွယ်၊ နေပူဒဏ်ခံနေရတာ နေပူဒဏ်ခံပေးနေတာကို ဘယ်သူမှ သတိမထားမိကြဘူး"
"ဟားဟားဟား"
ဦးဖိုးနီ၏ဆွေးဆွေးမြည့်မြည့်စကား ဆုံးသည်နှင့် (၈)နှစ်သားမြေးဖြစ်သူ ဖိုးဖြူက ထရယ်သည်။ ထိုရယ်သံကြောင့် ဦးဖိုးနီ ဇဝေဇဝါဖြစ်သွားပြီး
"ဟေ့ကောင် မင်းဘာရယ်တာလဲ၊ ငါ့စကားမှာ ဘာရယ်စရာပါလို့လဲ"
သူ့အမေးကို ဖိုးဖြူက ရယ်ရှိန်မသပ်နိုင်သေးဘဲ
"ဟားဟား အဘိုးက အတည်ပြောနေတယ်မှတ်ပြီး နားထောင်နေတာ၊ ရယ်စရာပြောနေတာပဲ"
မြေးဖြစ်သူစကားကြောင့် ဦးဖိုးနီ မျက်မှောင်ကြုတ်သွားပြီး





"ငါ့စကားမှာ ဘယ်ဟာရယ်စရာပါလို့လဲ"
သူ့အမေးကို (၈)နှစ်သားမြေးက ဤသို့ရှင်းပြသည်။
"အဘိုးကလဲ သစ်ပင်ပါဆိုမှ နေရောင်ခြည်လိုချင်လို့ အမြင့်တက်လာတာပေါ့၊ မယုံရင် ဒီနားမှာ သူ့ထက်ကြီးတဲ့ အပင်တစ်ပင်အုပ်မိုးပြီး ရှိကြည့်ပါလား၊ သူလဲ အဲဒီအပင်ကြီးလောင်းရိပ်မိပြီး ပိန်လှီနေလောက်ပြီ"

× × ×



www.burmeseclassic.com

www.burmeseclassic.com



# ခလောက်နီ

ခလောက်နီကျေးရွာတွင်ဖြစ်သည်။

ခလောက်နီရွာသား မောင်ကျော်ကြား ဖိတ်ခေါ်မှုကြောင့် ထပ်မံတစ်ကြိမ် ရောက်ရှိရခြင်း ဖြစ်၏။

ခလောက်နီရွာမှာ ခေါင်လွန်းသောဒေသ၌ရှိ၍ လမ်းပန်းများ မကောင်းလှပေ။ မကောင်းရသည့်ကြားထဲ ခလောက်နီရွာအဝင်တံတားမှာ သာ၍ စိတ်ပျက်ဖွယ် ကောင်းပေသေး၏။

"ဒါတောင် မနည်းကောင်းသွားတာဆရာ၊ ပြီးခဲ့တဲ့နှစ် မိုးတွင်းတုန်းကဆို ပိုဆိုးသေး"





ယခုနှစ်မှလာမိသော ကိုယ့်ကိုယ်ကို ကံထူးရှင်ဟုပင် သတ်မှတ်ရပေမည်။ ခရီးထွက်နေကျပေမို့ နားလည်ပါသည်။ အချို့ခရီးများတွင်တော့ မှန်လုံကားကြီးတွေ၊ လေအိတ်ကားကြီးတွေနှင့် ဇိမ်ကျကျသွားရသော်လည်း၊ တချို့ခရီးများကိုတော့ ယခုကဲ့သို့အပြင်၊ ယခုထက် ပိုဆိုးသော နည်းများနှင့် ခရီးနှင်ဖူးပါသည်။

တစ်ခါကလည်း ချောက်ကမ်းပါးစွန်းများကို ဆိုင်ကယ်နှင့် ဖြတ်နင်းရင်း ခရီးနှင်ခဲ့ပါသည်။ သွားတုန်းကသာ အသည်းတယားယား။ ပြီးလျှင်လည်း မေ့မေ့ပျောက်ပျောက်။

"မမှောင်ခင် ရွာအရောက်သွားနိုင်မှ တော်ကာကျမှာမို့ မောင်းနေရတာ ဆရာရေ၊ ဒါကြောင့် ဆရာ့ကိုလည်း အားနာပါရဲ့"

ကားဆရာက ခါးနာနေသော ကျွန်တော့်ကို အားနာနေမိပုံရ၏။

"ဘာဖြစ်လို့လဲဆရာရဲ့၊ ညမှောင်သွားရင် မောင်းရတာ ပိုဆိုးလို့လား"

"လမ်းတွေက တော်ပါရဲ့ဆရာရယ်၊ အင်း ရွာအဝင်တံတားပေါ့ သိပ်ဒုက္ခပေးတာ"

ဟုတ်ပါရဲ့။ ကျွန်တော် ခလောက်နီရွာလာသည့်အချိန်တိုင်း ထိုတံတားပေါ် ကားပျက်နေသည်နှင့် ကြုံရသည်ချည်း။

ထိုသို့ကားပျက်တိုင်းလည်း အသက်ခပ်ကြီးကြီး လူကြီးတစ်ဦးက ရောက်လာ၍ တံဂွင်းတွေ၊ ဒေါက်တွေနှင့် ကူညီမြဲ။

"ကျွန်တော်တို့လို သွားနေကျဆိုရင်တော့ ဘာမှမဖြစ်ပါဘူး။ အဲ ဧည့်သည်ကားဆိုရင်တော့ ဒုက္ခရောက်တော့တာပဲ"

မှန်ပေလိမ့်မည်။ ကျွန်တော်ကိုယ်တိုင်လည်း ကိုယ်မကျွမ်းကျင်သောလမ်းများတွင် ကားမောင်းရသည့်ဒုက္ခကို သိပါသည်။ ဘယ်နေရာ ချိုင့်ခွက်ရှိမှန်း၊ ဘယ်နေရာ တံတားကျွံတတ်မှန်းကို



www.burmeseclassic.com

www.burmeseclassic.com



ခန့်မှန်း၍မရ။

"ဟော ပြောရင်းဆိုရင်း တောက်"

ခပ်ဝါးဝါးမြင်နေရသော ရှာအဝင်တံတားပေါ် ကားတစ်စီး ရပ်နေတာကိုတွေ့ရ၏။

"အဲဒါတွေကြောင့် စိတ်ညစ်တာဆရာ၊ သွားပါပြီ"

ကားဆရာ၏ ညည်းတွားသံ။

ဆန်တွေတင်ထားသော ထော်လာဂျီကားတစ်စီး တံတား ကြမ်းခင်းကြား ဘီးကျွံနေခြင်းပင်။

ဆန်တွေ အပြည့်အသိပ်တင်ထားသည်မို့ တံတားပိတ်က မခံနိုင်ဘဲ ကျွံကျသွားခြင်းဖြစ်ပေလိမ့်မည်။

"ဦးဘတူရေ ပြီးတော့မှာလားဗျို့"

ဟူ၍ လှမ်းအော်လိုက်သည်။ ထိုတော့မှ ကားအရှေ့နားက သံတူရွင်းကိုင်ထားသော အကျီဗလာကျင်းနှင့် အဘိုးအို ထွက်လာပြီး

"မောင်ကျော်ကြားရေ ခဏစောင့်ဟ"

ဆိုပြီး ကားအောက်ထဲ ပြန်ဝင်သွားသည်။

ကျွန်တော်လည်း ဘာမှ လုပ်စရာမရှိ၍ ကားပေါ်မှဆင်း၍ တံတားဆီ လျှောက်သွားမိသည်။

တံတားပေါ်တွင်တော့ ကားဆရာများနှင့်အတူ ကျွံကျသွား သော ကားဘီးကို ပြန်မ,တင်ပေးနေသော အဘိုးအိုတစ်ဦးကို တွေ့ရ သည်။

ကားကို ချိုင့်တွေနှင့်ထောက်၊ သံတူရွင်းနှင့်ကလန့်၊ ကုတ်တွေ လုပ်ပြီး ပင်ပန်းစွာကြိုးစားနေရရှာသည်။ ထိုအဘိုးအိုကား ကားကျွံကျ နေသည်ကို ဝင်ကူညီနေသူပင် ဖြစ်သည်။ သူ၏ခန္ဓာကိုယ်ပေါ်၌လဲ ချွေးတွေရွှဲနစ်နေသည်။

ကျွန်တော်လည်း အဘိုးအို၏ လူမှုရေးစိတ်ဓာတ်ကို လေးစား





ပြီး

"အဘ ဒီနားနေတာပဲလားဟင်"

အဘိုးအိုက ကျွန်တော့်ကို ဝေ့ကြည့်ပြီး

"ဟိုးပျပျလေး မြင်နေရတဲ့ နေရာကပေါ့"

လယ်ကွင်းထဲမှ တဲအိမ်လေးတစ်လုံး။

"အဘက စေတနာနဲ့ ကူညီတာလား"

"အေးလေ၊ သူတို့ကလည်း ဆန်ဖိုးဆီဖိုးလေးပြန်ကူညီပါရဲ့၊ စပါးနားချိန် အိမ်စားတော့ရပါရဲ့"

မြန်မာ့စိတ်ရင်းပင်။

"အတော်တော့ ပင်ပန်းမှာပဲနော်"

"အင်အားနဲ့ လုပ်ရတာပဲကွယ်၊ အနည်းနဲ့အများတော့ ရှိပါရဲ့"

ကားက ဘီးကြွနေပြီ၊ အဘိုးအိုက သူ့ဘာသာသူယူလာ သော ပျဉ်များကို ကားဘီးအောက် ထိုးသွင်းလိုက်သည်။ ကားက ဒီနေရာတွင် ကျွံနေကျမို့ လုပ်ဖူးကိုင်ဖူးနေသယောင်။

ကျွန်တော်ကတော့ သူ့ကို ကြည့်ပြီး သနားနေမိသည်။

"ဒါနဲ့အဘ ကားတွေက အမြဲတမ်း ဒီလိုကျနေကျလား"

"အင်း အကြောင်းမသိတော့လည်း ကျကြတာပါပဲ၊ တစ်နေ့ တစ်စီးနှစ်စီးပေါ့"

"ဟာ ဒါဆို အဘနေ့စဉ် ကူညီနေရတာ ပင်ပန်းမှာပေါ့ နော်"

"အင်းလေ၊ သူတို့လည်း ပြန်ကူညီပါရဲ့၊ ဆန်ဖိုးဆီဖိုးပေါ့"

ကားက တံတားပေါ် ပြန်သွားလို့ရသော အနေအထား ရောက် နေပြီ။ အဘိုးအို၏ ခန္ဓာကိုယ်လည်း ချွေးများကို လက်ခုံဖြင့်ပင့်သုတ် သည်။ သနားစဖွယ်။

ကားဆရာက ကျေးဇူးတင်စွာ ကူငွေအချို့ကို ကမ်းပေးသည်။



www.burmeseclassic.com

www.burmeseclassic.com



နောက် ဆန်ကားက ဘီးလိမ့်သွားသည်၊ ကျွန်တော်က အားနာစွာဖြင့်

“ဒါဖြင့်အဘ၊ ညတော့ နားရမှာပေါ့နော်”

အဘိုးအိုက သက်ပြင်းချရင်း

“တော်ရုံလည်း မနားရပါဘူး သားရယ်”

ကျွန်တော်မျက်မှောင်ကြုတ်မိရင်း

“ဘာလို့မနားရတာလဲ အဘ”

“အင်း ညကျတော့ တံတားပျဉ်တွေ ပြန်ခွာနေရဟာလေ၊ အဲဒါကြောင့်”

ဩော် ပြင်တော့လဲသူ၊ ပြန်ဖျက်တော့လဲသူ၊

ပြင်သူနဲ့ဖျက်သူ တစ်ယောက်တည်းပါပဲလား။

ခလောက်နီရွာအဝင်နား တံတားလေးကဖြစ်သည်။

× × ×





# ခလောက်နီ

ခလောက်နီကျေးရွာတွင်ဖြစ်သည်။

ခလောက်နီရွာသား မောင်ကျော်ကြား၏ ဖိတ်ကြားချက်အရ ကျွန်တော် သူတို့ရွာသို့ အလည်အပတ်လိုက်ပါခဲ့ခြင်းဖြစ်၏။

လူးဆန်းပေစွ။

ရွာအလည်ကွင်းပြင်ကြီးတစ်ခု၌ အကျီဗလာကျင်း ခန္ဓာကိုယ်ပိန်ကိုင်းကိုင်းနှင့် လူတစ်ယောက်က မားမတ်ကြီးတဆဆနှင့် အာဘောင်အာရင်းသန်သန် ပြောဆိုနေခြင်းဖြစ်သည်။

သူ၏အရှေ့တွင်လဲ အကျီဗလာကျင်းနှင့် အရွယ်



www.burmeseclassic.com

www.burmeseclassic.com



ကောင်း ဆယ့်လေးငါးယောက်လောက်က ငုတ်တုတ်ထိုင်၍ သူ၏ စကားကို နားစွင့်နေကြသည်။

"ကျွန်တော်တို့စည်းလုံးဖို့ အချိန်ရောက်ပြီ"

ခန္ဓာကိုယ်နှင့်မလိုက်အောင် သူ၏အသံမှာ မာထန်၍ပြတ်သားသည်။ ကျွန်တော်လဲ စိတ်ဝင်စားစွာဖြင့် သူတို့နှင့် မလှမ်းမကမ်း၌ ငုတ်တုတ်ထိုင်၍ နားဆင်ဖြစ်သည်။ ထိုသူမှ ဓားမတိုတဝင့်ဝင့် လက်သီးလက်မောင်းတန်းကာဖြင့်

"စည်းလုံးခြင်းသည် အင်အားဆိုတာ ခင်ဗျားတို့ ကျွန်တော်တို့ ကြားဖူးပြီးသားစကားပါပဲ၊ စည်းလုံးခြင်းဖြင့်သာ အောင်မြင်ခြင်းကို ရယူနိုင်မှာ ဖြစ်ပါတယ်"

သူ၏စကားကား အားပါလှ၏။

"စည်းလုံးခြင်းရှိရင် လူအင်အားမလိုလှပါဘူး၊ သာဓကဆိုရရင် ရှေးမြန်မာကြီးများခေတ် ပဲခူးဟံသာဝတီကို ကျူးကျော်သူများ ဝင်ရောက်လို့ ပုဂံပြည့်ရှင်မင်းက သူ၏စစ်သည်များဖြစ်သော ကျန်စစ်သား၊ ငထွေးရူး၊ ငလုံးလဖယ်၊ ညောင်ဦးဖီး စသည့် စစ်သည်လေးဦးကိုသာ စစ်သည်လေးသိန်းအင်အားနှင့် ညီမျှကြောင်းဆိုပြီး စေလွှတ်ခဲ့ပါတယ်၊ ဒီလေးဦးနဲ့ပဲ ရန်သူပေါင်းသိန်းသောင်းကို ထင်ကြလား၊ မဟုတ်ပါ။ ရောက်လေရာမှာ စည်းလုံးဖို့ တိုက်တွန်းနှိုးဆော်ပြီး တိုက်ပွဲဝင်ခဲ့လို့ တိုက်ပွဲအောင်နိုင်ခဲ့တာပါပဲ"

အားလုံးက သူ့စကားကို ငြိမ်သက်၍ နားစွင့်နေကြသည်။

"နောက်ပြီး ကမ္ဘာမှာလဲကြည့်ပါ၊ စစ်ဘီလူးနိုင်ငံများဖြစ်သော ဂျာမနီ၊ ဂျပန် စသည်ဖြင့် စစ်အင်အားကြီးများ ဖွဲ့စည်းထားသော ဝင်ရိုးတန်းစစ်အဖွဲ့အစည်းကို မဟာမိတ်ဆိုသောနိုင်ငံများ ဖွဲ့စည်းပြီး တိုက်ခိုက်အနိုင်ယူခဲ့တာလဲ စည်းလုံးခြင်း၏အင်အားကို ပြသခဲ့ခြင်းပါပဲ"





သူ့စကားကို ကျွန်တော် ပင် ပါးစပ်အဟောင်းသားနှင့် နားဆင်နေရသည်။ ခလောက်နီရွာသားများ ဤမျှစာတတ်ပေတတ်ပေါမှန်း မသိခဲ့ရခြင်းက နောင်တရခြင်းတစ်မျိုးဟုပင် ခံစားရသည်။

"ဒါတင် ဘယ် ကမလဲ၊ ကျုပ်တို့နိုင်ငံကို နေမဝင်အင်ပါယာဟုခေါ်သော အင်္ဂလိပ်များ အုပ်စိုးခဲ့စဉ်က ရဲဘော်သုံးကျိပ်ဟူသော လူငယ်တစ်စုက နိုင်အောင်တိုက်ခဲ့တာလဲ သာဓကတစ်ခုပါပဲ"

"ရဲဘော်သုံးကျိပ် ဆိုတာ အမှန်ဆို အယောက်သုံးဆယ်ပဲရှိပါတယ်၊ ခပ်ရှင်းရှင်းပြောရရင် စက်သေနတ်တစ်ချက်ယမ်းစာပါပဲ၊ သို့သော်လည်း သူတို့၏အင်အား သူတို့၏စည်းလုံးမှုနှင့်အတူ နေမဝင်အင်ပါယာဟုကြွေးကြော်ခဲ့တဲ့အင်္ဂလိပ်တွေကိုတိုက်ထုတ်၊ နောက်ပြီး စစ်ဘီလူး ဂျပန်များကိုပါ တိုက်ထုတ်ပြီး ကိုယ့်ပြည်ကိုယ့်ရွာ တည်ထောင်ခဲ့ကြတယ်မဟုတ်လား"

တရစပ် နှုတ်တိုက်ပြောနေသူ သွေးပွက်ပွက်ဆူအောင်



အခုတော့
ကျွဲအုပ်က စည်းလုံးတော့
တောဘုရင်ခြင်္သေ့တောင်မှ
လက်လျှော့ထွက်ပြေးရပြီ
မဟုတ်လား



www.burmeseclassic.com

www.burmeseclassic.com



ပြောနိုင်သူမို့ လေးစားရပေမည်။

"နောက်ပြီး စဉ်းစားကြည့်ပါ၊ အစိတ်စိတ်အမွှာမွှာ ကွဲကြေတော့မယ့် တိုင်းရင်းသားလူမျိုးစုများကို ပင်လုံညီ လာခံ၊ ပင်လုံစာချုပ်၊ ပင်လုံစိတ်ဓာတ်တွေနဲ့ ပြန်ပြီးစည်းလုံးနိုင်ခဲ့တာ အားလုံးအသိပါပဲ၊ ဒါဟာ စည်းလုံးညီညွတ်ခြင်းများကြောင့် ဖြစ်ပေါ်ခဲ့တဲ့ အောင်ပွဲပါပဲ"

လူကြီးက အားလုံးကို ဝေ့ကြည့်ရင်း

"ပြီးခဲ့တဲ့တစ်ခါကလဲ ကျွန်တော်တို့တတွေ မစည်းရုံးလို့ မျိုးတုန်းတော့မယ့် အနေအထားကိုလဲ ကြုံခဲ့ရပြီးပါပြီ"

"နွားကွဲရင် ကျားဆွဲမယ်ဆိုတဲ့ စကားကိုလဲ မေ့မထားသင့်ပါဘူး၊ နွားအုပ်ကွဲတာနဲ့ ကျားဝင်ဆွဲဖို့က အဆင်သင့်ပါပဲ"

"နွားအုပ်မကွဲရင် ကျားက ဘယ်လိုဆွဲနိုင်မှာလဲ၊ ပြီးခဲ့တဲ့လ အနည်းငယ်က အာဖရိကတောထဲမှာ ကျွဲအုပ်ကြီးတစ်ခုက ခြင်္သေ့တွေကို ပြန်လည်ခုခံတိုက်ထုတ်လိုက်တယ်ဆိုတဲ့ သတင်းလဲ ကြားကြမှာပါ"

"စဉ်းစားကြပါ၊ ကျွဲဆိုတာ တစ်သက်လုံး ခြင်္သေ့များရဲ့ အစာပါပဲ၊ ခြင်္သေ့က ဟိန်းဟောက်လိုက်၊ ကျွဲအုပ်က ဆောက်တည်ရာမရ ပြေးလိုက်၊ အုပ်စုကွဲက ခြင်္သေ့က ဝင်စားလိုက်နဲ့ သံသရာလည်ခဲ့တာပါပဲ"

"ဟော အခုတော့ ကျွဲအုပ်က စည်းလုံးတော့ တောဘုရင်ခြင်္သေ့တောင်မှ လက်လျှော့ထွက်ပြေးရပြီ မဟုတ်လား၊ ဒါဟာ ဘာလို့လဲ"

"စည်းလုံးလို့ပါ"(သံပြိုင်များ၊ လက်သီးလက်မောင်းတန်း၍)

"ပြီးခဲ့တဲ့တစ်ခေါက်မှာလဲ ကျုပ်တို့ထဲက မောင်သွေးနီ အဖွဲ့ကနေ ခွဲထွက်ပြီး ထင်ရာလုပ်ခဲ့လို့ ကျွန်တော်တို့ အဖွဲ့အစည်း ဘာဖြစ်ခဲ့တယ်ဆိုတာ ခင်ဗျားတို့ အသိပါပဲ"

"ခွဲထွက်သူကိုလဲ ပြန်မစည်းရုံးနိုင်၊ ခွဲထွက်သူကလဲ ထင်ရာ





စိုင်းမို့ ကျုပ်တို့ရဲ့ ရာဇဝင်လဲ ရှိုင်းခဲ့ပြီးပါပြီ၊ ရာဇဝင်လဲ ရှိုင်းခဲ့ပြီးပါပြီ"

အသံက ပို၍မာန်ပါလာသည်။

"ဒါကြောင့် ဒါမျိုးကိစ္စတွေကိုရှောင်ပြီး နောင်လာနောက်သားများ အတုယူနိုင်အောင် ကျွန်တော်တို့ ဘာလုပ်သင့်လဲ"

"ကျုပ်တို့ရော ဘာလုပ်ကြမလဲ"

"စည်းလုံးကြမယ် စည်းလုံးကြမယ် စည်းလုံးကြမယ်"

"ကျုပ်တို့ ဘာလုပ်ကြမလဲ"

"စည်းလုံးကြမယ် စည်းလုံးကြမယ် စည်းလုံးကြမယ်"

သူတို့၏ပွက်ပွက်ဆူအော်သံကြောင့် ကျွန်တော်ပင် ကြည့်နေရင်းနှင့် ထအော်မိမလိုဖြစ်သွားသည်။ ထို့ကြောင့် နံဘေးနား ငုတ်တုတ်ထိုင်နေသော မောင်ကျော်ကြီးအား

"တောက် ငါတောင် သူတို့အဖွဲ့ထဲ ဝင်ချင်သွားပြီကွာ၊ အားရလိုက်တာ"

မောင်ကျော်ကြီးက အေးဆေးစွာပင်

"ဝင်လေ ဝင်လို့ရပါတယ်"

ကျွန်တော်အားတက်သရော ထမလိုလုပ်ပြီးမှ ပြန်ထိုင်ကာ

"ဒါနဲ့ သူတို့က ဘာအတွက်စည်းရုံးနေတာလဲ"

မောင်ကျော်ကြီးက နံဘေးနားက ရွှေ့သွားပြီး

"နွားခိုးဖို့ လူစုနေတာ"

× × ×



www.burmeseclassic.com

www.burmeseclassic.com



ခလောက်နီကျေးရွာတွင်ဖြစ်သည်။

တစ်နှစ်တစ်ခါသာ ကျင်းပသည့်ပွဲမို့ စည်ကားပါ၏။

ပွဲက ညဦးပိုင်းကတည်းကစသည်မို့ သန်းလွဲကြက်တွန်ချိန်မှာတော့ ခေါင်းဆောင်မင်းသား၏ သစ္စာထားနှစ်ပါးသွားပင် ပြီးချေပြီ။ သို့သော် ရွာသားများကား တုတ်တုတ်ပင်မလှုပ်သေး။ အဘယ့်ကြောင့်ဆိုသော် နှစ်ပါးသွားပြီး၍ နောက်ပိုင်းဇာတ်တော်ကြီးကို မျှော်လင့်နေကြ၍ဖြစ်၏။

ခလောက်နီရွာသားများ၏ တူညီသော အချက်





တစ်ချက်မှာ ဇာတ်ပွဲ၏ နောက်ပိုင်းဇာတ်တော်ကြီးကို ကြိုက်နှစ်သက်ကြခြင်းပင်။

ဇာတ်တော်ကြီး၏ ဆိုငိုပြောကို တစ်ရွာလုံးက ကြိုက်နှစ်သက်ကြသည်။ မည်မျှဆိုသော် ဇာတ်တော်ကြီးတွင်ပါသော မင်းသားငိုလျှင် လိုက်ငိုသည်။ မင်းသားရယ်လျှင် လိုက်ရယ်သည်။ မင်းသားပျော်လျှင်လည်း လိုက်ပျော်ပေးကြရှာသည်။ ထို့ကြောင့် အဆိုအငိုအပြောပါသော နောက်ပိုင်းဇာတ်တော်ကြီးကို အားခဲစောင့်မျှော်နေခြင်းပင်။

ဇာတ်ဆရာကလဲ ခလောက်နီကျေးရွာသားများအကြိုက်ကို သိသည်။ ထို့ကြောင့် ခလောက်နီကျေးရွာသားများ ကျေနပ်စေရန်အတွက် နောက်ပိုင်းဇာတ်တော်ကြီးကို အားဖြည့်သည့်အနေနှင့် ဇာတ်ထုပ်စအဖွင့်မှာပင် သမားစဉ်အရ တိုင်းပြည်တည်ရာတွင် ဝန်နှစ်ပါးအစား၊ ဝန်လေးပါး ထွက်စေလိုက်သည်။

ဟော ကားလိပ်ဖွင့်ပါပြီ။

ဇာတ်စင်ပေါ်မှာတော့ ဝန်ကြီးလေးပါးကို အဝတ်အစားအပြည့်အစုံနှင့် ပြိုးပြိုးပြက်ပြက် တွေ့ကြရ၏။

"နတ်လူ ဗြဟ္မာ အားထားရာဖြစ်သော မြတ်စွာဘုရား၏ သာသနာ၌ တရားရောင်ခြည်များ လင်းလက်၍ တိုင်းရေးပြည်ရေး ဘာသာအကျိုး သာသနာအကျိုး လူမျိုးအကျိုးတို့ကို အတုမရှိသယ်ပိုးနေသော ဝန်မင်းအပေါင်းတို့"

ဝန်တစ်ပါးမှစ၍ သမားစဉ်အတိုင်း နှုတ်ဖြင့်တိုင်းပြည်စတည်သည်။

"မြတ်သောတရား၊ မြတ်သောအားဖြင့် တိုင်းပြည်အုပ်ချုပ်မင်းလုပ်တဲ့ ထီးဘုရားကလဲ ပြည်သူပြည်သားအား ကျောသားရင်သား မခွဲခြားဘဲ သာတူအုပ်ချုပ် မင်းလုပ်နေသည်မို့ နေပြည်တော်တလွှား ဆန်ရေစပါးပေါများလို့ ခိုးသားကျူးကျော်တွေတောင် မျိုး



www.burmeseclassic.com

www.burmeseclassic.com



လောက်အောင် ပယောက်နေပါပကော
လား ဝန်မင်းများရဲ့”

တစ်ယောက်က စလိုက်
သည်နှင့် နောက်ဝန်ကြီးတစ်ပါး
ကလဲ ရှေ့ထွက်လို့

“မှန်ရဲ့ဗျာ၊ ရှေးအခါက
မိုးခေါင်ရေရှားလို့ တိုင်းသားများ
အနာရောဂါများ ထူပြား၍ တိုင်းရေး
ကလဲမငြိမ်၊ သူခိုးသူဝှက်ကလဲ ထ,
နဲ့၊ နှိမ်နင်းလို့မရ ဖြစ်ခဲ့ရာက တို့
ထီးဘုရား နန်းတက်လာစဉ်ကတည်း
က ခိုးသားတွေကိုနှိမ်နင်း၊ တစ်ဖက်
ကလဲ လယ်ထွန်မင်္ဂလာ ဆင်းလိုက်
တော့ ဟော မိုးဆိုလဲရွာ၊ သီးပင်
တွေလဲစိမ်းနဲ့ တိုင်းပြည်ကြီးက ရုတ်
ခြည်းဆိုသလို သာယာဝပြောလာ
ပါပကောလား ဝန်မင်းရဲ့”

ဖြစ်ချင်တော့ ဝန်ကြီး
တာဝန်ယူရသော ပုဂ္ဂိုလ်များက
လည်း ဇာတ်ရည်ဝ၊ ဇာတ်သားကျ
နေသူချည်းမို့ တစ်ဦးကိုတစ်ဦး
အလျှော့မပေး။ ကြုံတုန်း သူ့ထက်
ငါ ပညာဂုဏ် ပြကြလေသည်။

“ဒါတင် ဘယ်ကမတုန်း
ဝန်မင်းရဲ့”



စင်ပေါ်က
ဝန်ကြီးတွေဖြင့်
ပါးစပ်နဲ့တိုင်းပြည်
တည်နေတာ မပြီးသေးဘူး၊
မင်းတို့နောက်တက်မယ့်
ဝန်ကြီးတွေက
အာဝင်ချောင်နေပြန်ပြီ





တစ်ယောက် အစပေးလိုက်သည်နှင့် တစ်ယောက်က နင်း
ဝင်ပြန်သည်။

“တရားတစ်ဖက် ဓားတစ်လက်ဆိုသော်ငြား လောက၌ သီလ
လျှင် ချစ်ခင်ကောင်းမြတ်၏ဟူသောစကား၊ သီလမမြဲ လောကထဲ၌
ဆင်းရဲမွဲတေ၊ လူရုပ်ပြေပြေပြင် ဟူသောစကားကို ယုံကြည်သက်ဝင်လို့
သီလဆိုလဲ ခါးဝတ်ပုဆိုးလိုမြဲပါရဲ့၊ ဟော တစ်ဖက်က ကြည့်ပြန်တော့
လဲ အလှူအတန်းမှာ ဆွမ်းကွမ်းမကျန် ပစ္စည်းလေးပါးဒါယိကာရယ်လို့
ဆရာတော်ဘုရားကြီးများကပင် မဟာဇောတိကဘွဲ့ထူး အပ်နှင်းချီး
မြှင့်ထားပြန်ပါပကောလား ဝန်မင်းများရဲ့”

ခလောက်နီရွာသားများက စင်ပေါ်မှ ဝန်ကြီးများ ပြော
စကားကို ပါးစပ်အဟောင်းသားနှင့် နားဆင်ကြရှာ၏။ သူတို့မှာ တချို့
ဟာလဲ နားမလည်၊ တချို့ဟာတွေလဲ ဝေ့လည်ကြောင်ပတ်နှင့်မို့ ငေး
ကြည့်နေရုံသာ တတ်နိုင်ရှာကြ၏။

“ဟောဒီလို ဆုံပြန်တော့လဲ အခြံအရံများစွာနဲ့ ဥယျာဉ်မှာ
ဂစားစဉ် မင်္ဂလာကျောက်ဖျာလျှောင်းစက်နေတုန်း နတ်များကပင်
ဝိုင်းရံလို့ ကိုယ်အားဉာဏ်အားကြီးမားတဲ့ မင်းတရားကို ဦးညွှတ်ခဲ့ကြတယ်
မဟုတ်လား မင်းကြီးများရဲ့”

“ဒါတင် ဘယ်ကမတုန်း ဝန်မင်းရဲ့၊ မြို့ရဲ့ တောင်မုခ်မှာ
ပြဿဒ် ဟိုး ထိုးလို့”

ဝန်ကြီးများက မြို့တည်နေတုန်း။ ဒါကို ငေးကြည့်နေသော
ကိုဘမောင်က စ၍

“တောက် ဝန်ကြီးများနှယ် စာတတ်လိုက်တာဟယ်၊ ကြည့်
စမ်း ပါးစပ်နဲ့မြို့တည်နေတာများ အကွက်ကိုစေ့လို့”

ဆိုပြီး ထရေရွတ်မိလေသည်။ ဒါကိုကြားသော သူ့ဘေးနား
က ကိုဘကျော်က



www.burmeseclassic.com

www.burmeseclassic.com



"အိုဗျာ၊ ပါးစပ်နဲ့ တိုင်းပြည်တည်တာပဲ၊ ဒီဝန်ကြီးတွေမှ မဟုတ်ပါဘူး၊ ကျူပ်လဲ တည်တတ်ပါတယ်ဗျ၊ ဟောမှာကြည့်"

ဆိုကာ

"တိုင်းပြည်သာယာပပြောဖို့အရေး ဆန်စပါးကို အခြေခံ၊ စက်မှုတဖန်တိုးတက်ပြန်ဖို့"

သူ့စကားကို ဘေးနားက ဦးမောင်ကောက်က

"အိုကွာ၊ စင်ပေါ်က ဝန်ကြီးတွေဖြင့် ပါးစပ်နဲ့တိုင်းပြည်တည်နေတာ မပြီးသေးဘူး၊ မင်းတို့နောက်တက်မယ့် ဝန်ကြီးတွေက အာဝင်ချောင်နေပြန်ပြီ"

ဟု ထရေရွှတ်လိုက်သည်။ ဒါကို သူ့နံဘေးနားက ဦးမောင်ကောက်ဇနီးသည် မကာလယ်က

"ဟုတ်ပ့ါဟယ်၊ စင်ပေါ်က ဝန်ကြီးများ လေရှည်နေလိုက်တာ၊ တို့တွေ သုဝဏ္ဏသာမဇာတ်ထုပ်ကို ဘယ်တော့မှကြည့်ရမ့ါ"

ဟုရေရွတ်လိုက်လေသည်။ ဇာတ်စင်ပေါ်မှာတော့ တာဝန်ကျဝန်မင်းများ အနိုင်မခံ အရှုံးမပေးဘဲ ပါးစပ်နှင့်တိုင်းပြည်ကို သူ့နိုင်ကိုယ်နိုင် တည်နေကြတုန်း။

× × ×





# ခလောက်နီ

ခလောက်နီကျေးရွာတွင်ဖြစ်သည်။

ဘာပဲလုပ်လုပ် ဆိုင်းသံဗုံသံလေးနှင့်မှ လုပ်တတ်သော ခလောက်နီရွာသားများ ယခုလဲ ရွာမှ စုပေါင်းအလှူပွဲ၌ ဆိုင်းသံဗုံသံကြားချင်ကြပြန်၏။

သို့သော် ရွာဘုရားပွဲကလည်း ကျင်းပပြီးစီးသည်မှာ မကြာသေးပြီမို့ ဇာတ်ပွဲများ ဆိုင်းဝိုင်းကြီးများ ထပ်မံငှားရမ်းရန် ခြေကုန်လက်ပန်းကျနေပြီ။ ထိုသို့ မငှားနိုင်တော့။ ထို့ကြောင့် တစ်ကိုယ်တည်းနှ ်ပြီးသော တစ်ကိုယ်တော်အုပ်စုံတီး အော်ဂင်ဆရာတစ်ဦးသာ ငှားရမ်းရန် ဆန္ဒပြုလိုက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအုပ်စုံတီးအော်ဂင်ဆရာနှင့်အတူ အများနှင့်မတူ တမူထူးခြားစေရန်အတွက် ရွာမှဝါသနာရှင်များကိုသာ သီချင်းတိုက်ပေး၍ စင်တင်ကြရန် အကြံရရှိကြ၏။

အမှန်အတိုင်းဆိုရသော် ခလောက်နီရွာသားများမှာ စင်တင်ဖို့ဝေးစွ။ သီချင်းကိုပင် နရီ၊ ဝါးလတ်မှန်ကန်အောင် သီဆိုနိုင်သူများ မဟုတ်ပေ။

သို့သော် သူတို့ငှားရမ်းထားသော အုပ်စုံတီးအော်ဂင်ဆရာအောင်ကြီးမှာ ခေသူမဟုတ်။ ဇာတ်ကိုးပွဲ၊ ဆိုင်းကိုးပွဲ၊ နတ်ကိုးပွဲ၊ ပေါင်း နှစ်ဆယ့်ခုနစ်ပွဲတိတိ တီးဖူးသည့်အပြင် မင်းသားငယ် မင်းသမီးငယ်များအား ဆိုပေါက်ချရာ၌ နာမည်ကြီးလှသူဖြစ်သဖြင့် ခလောက်နီရွာသားများအားလုံး အုပ်စုံတီးအောင်ကြီးထံသို့ ဝါသနာပေါက်သလောက် အဆိုကိုပါသင်ယူရန် ဝ,ကွက်အပ်လိုက်ကြလေသည်။

အုပ်စုံတီးအောင်ကြီးမှာ လေးစားလောက်သောရုပ်ရည်တော့ မဟုတ်။ သွား၌ ကွမ်းချိုးအဆပ်ထပ်။ ဆံပင်မှာ ဖွာလန်ကျဲ၍ ခပ်ရွဲရွဲ ဖျင်အင်္ကျီကို ဝတ်ဆင်ထားသည်။ သူ့ရှေ့တွင်တော့ လက်စွဲတော် တရုတ်ပြည်ဖြစ် (၅)အော့(ဖ်)တစ် အော်ဂင်တစ်လုံး ရှိနေသည်။ ဤကား သူ၏ ပညာဂုဏ်ကို ပြည့်စုံစေ၏။

အော်ဂင်မှာလဲ ဖုန်အလိမ်းလိမ်း၊ ကြေးအလိမ်းလိမ်းနှင့် ဘုရားဖူးစေ့ အော်ဂင်ကြီးဖြစ်သည့်အပြင် အော်ဂင်အပေါ် ရေးထားသော တရုတ်စာများပင် ပျက်ပျယ်လွင့်ပျယ်နေပေပြီ။ ဤသည်ကလည်း အုပ်စုံတီးအောင်ကြီး၏ ပညာဂုဏ်အား တစ်နည်းအားဖြင့် ချီးမြှောက်ထားခြင်းပင်။

"ဂေါ် ကွီ ဂေါ် ကွီ ကွီ ကွီ ကွီး ကွီ"

အော်ဂင်မှ ညောင်နာနာပေါ်လာသော အသံများကို အုပ်စုံတီးအောင်ကြီးက စမ်းသည်။





"ဒုံချပ် ဒုံဒုံချပ်"

အလို။ အော်ဂင်က ဒရမ်သံပါထွက်နေပါရော့လား။ ရွာသားများ ထူးဆန်းကုန်၏။ အော်ဂင်အစုတ်တစ်လုံးက အသံစုံထွက်နေ၍ အံ့အားသင့်နေကြခြင်းပင်။ အုပ်စုံတီးအောင်ကြီးက ခပ်တည်တည်

"ကဲ ဘယ်သူအရင် အသံစမ်းမလဲ"

ပွဲမဝင်မီ အပြင်ကကျင်းပဆိုသည့် စကားအတိုင်း သီချင်းတိုက်လေ့ကျင့်ရန် ဖိတ်ခေါ်လိုက်သည်။

"ကျွန်တော် ကျွန်တော်တို့ အရင် တိုက် တိုက်ကြည့်မယ်"

အထစ်ထစ် အငေါ့ငေါ့စကားနှင့် နှစ်ယောက်၊ အရဲစွန့်၍ ထွက်လာသည်။ ဘယ်သူမှတ်လို့တုန်း။ အလို ခလောက်နီရွာသား မောင်ကျော်ကြားနှင့် သူ့မိန်းမ ဝွတိုမပင်။

ဘယ်နေရာ ရှုရှုမြင်လိုက် သူတို့နှစ်ယောက်ပါပြီးသားဟု အသိအမှတ်အပြုခံထားရသော ခလောက်နီရွာသား လင်မယားပင်။ မြို့နှင့်အဆက်အသွယ်ရှိတာလဲ သူတို့။ ရွာတွင် ကက်ဆက်ဖွင့်နိုင်တာလဲ သူတို့မို့ အနုပညာနှင့်မစိမ်းဟု ဆိုရမည်။

အုပ်စုံတီးအောင်ကြီးက သူ့အော်ဂင်ကို တတီတီစမ်းရင်း

"ကဲ ဘာသီချင်းဆိုမလဲပြော"

သူ့အမေးကို မောင်ကျော်ကြားက ဆရာရှေ့ရောက်နေသော တပည့်လို ကိုယ်ကိုကျုံ့ပြီး

"ဟိုလေ စုံတွဲသီချင်းပါ"

"ဘာသီချင်းလဲ"

"ရှန်းတော်လွတ်တော်ပါ"

ဆရာအောင်ကြီး ကီးဘုတ်ပေါ် ဟိုနှိပ်ဒီနှိပ်လုပ်ပြီး

"တေးရေးဆရာစန်းသော်တာရဲ့ သီချင်းပဲ၊ ကောင်းပါတယ်၊ ကဲ ဆိုကြည့်"



www.burmeseclassic.com

www.burmeseclassic.com



ဆိုကာ သီချင်း၏အင်ထရိုကို တီးချလိုက်သည်။

"ကဲ အဆိုဝင်"

သူ့အချက်ပြသည်နှင့် မောင်ကျော်ကြားက သီချင်းကိုစတင်ဝင်ရောက်လိုက်သည်။

"သဘာဝကို ပုံတင်ပြကာ ထိကရုံးလေးများလို လူတွေ့ရင် မှုကာန္တဲ့ကာ ယိမ်းမယ့်ခင်ပျို"



ဒါပေမယ့်
လျှာတော်ကို
သိပ်အထွန့်မတက်နဲ့
လျှာတော်ကို
အထွန့်တက်လွန်းရင်
မကောင်းဘူး၊
နောက်တစ်ခေါက်
ထပ်ဆိုဦး

မောင်ကျော်ကြား၏ အသံလဲကြားရော ခလောက်နီရှာသားများ အားရသွားကြသည်။ အသံက အနည်းငယ် အက်ရှရှဖြစ်နေသော်လည်း ကီးတည့်သူဟု ဆိုရမည်ပင်။ ကီးက တည့်ပေမပေါ့၊ ကက်ဆက်ဖွင့်နိုင်သူပေပဲလေ။

"သဘာဝကို ပုံတင်ပြကာ ထိကရုံးလေးများလို လူတွေ့ရင် မှုကာန္တဲ့ကာ ယိမ်းမယ့်ခင်ပျို"

"ခင့်ကို ချစ်ကြိုးတွေ သွယ်ကာရစ်ကာ မေတ္တာစစ်နဲ့ဆို ရှောင်ချင်သလို ရှားချင်သလို မစိမ်းပင်ကြီးရယ် မှုကာပို"

"ခဏလေးနေဦး"

သီချင်းက ကောင်းနေ





လျက် အုပ်စုံတီးအောင်ကြီးက အတီးကိုရပ်သည်။

"ရှောင်ချင်သလို ရှားချင်သလို မစိမ်းပင်ကြီးရယ် အမှုကာပို၊ အဲဒီအပိုဒ်မှာ မစိမ်းပင်ဆိုတာကိုဖြတ်ပြီး အမှုက ပိုဆိုတဲ့နေရာကျတော့ နည်းနည်းဆွဲလိုက်"

မောင်ကျော်ကြား လိုက်ဆိုသည်။

"မစိမ်းပင်ကြီးရယ် အမှုက ပို"

"အေး ဟုတ်တယ်၊ တွေ့လား၊ သီချင်းက ပိုပြီးအသက်ဝင်သွားတာ"

ရွာသားအားလုံး သဘောကျသွားသည်။ ဤမျှတိကျသော အုပ်စုံတီးပင်။ ဤမျှလောက် စိတ်ရှည်လက်ရှည် သင်ပေးလျှင် မတတ်မရှိ၊ ဂီတပညာရှင်များပင် ဖြစ်လာနိုင်သည်။

"ကဲ ဆက်ဆို"

"ဟန်ဆောင်ကာမှုပို"

"ခဏလေး"

တီးလုံးကို ရပ်ပြန်သည်။

"ဟန်ဆောင်ကာမှုပိုကို ထပ်မကွန့်နဲ့၊ ဟန်ဆောင်ကာ မှုပိုနေပြီဆိုမှ ထပ်ကွန့်လိုက်ရင် ကြည့်မလှတော့ဘူး၊ ဒါကြောင့် ဟန်ဆောင်ကာမှုပိုကို အဖြောင့်အတိုင်းဆို၊ ကဲ ဆိုကြည့်"

"ဟန်ဆောင်ကာ မှုပို"

"ဟုတ်ပြီ၊ ဆက်ဆို"

"ရှန်းတော်မှုနဲ့ပျို"

"မှန်တယ်ဗျာ၊ ဆက်ဆို"

"ပန်းနွယ်မျိုးဟာ လက်ဆိတ်ထိုးရင် ညှိုးမှာစိုးရသကို"

"ဟုတ်တယ်ဗျာ"

အုပ်စုံတီးအောင်ကြီး သဘောကျသွားသည်။ အတီးကိုရပ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



"ညီလေး သတိထားရမှာက ဟန်ဆောင်ကာမူပိုပဲ ဟုတ်လား၊ ဟန်ဆောင်တာကိုလဲ သိပ်မကွန့်နဲ့၊ အမူပိုဆိုတာလဲ သိပ်မဆွဲနဲ့၊ ဟုတ်ပြီလား၊ ရှည်သွားရင် ကြားမကောင်းဘူးနော်"

"ဟုတ်ကဲ့၊ ဟုတ်ကဲ့ပါဆရာ"

ခလောက်နီရွာသားမောင်ကျော်ကြား ဆရာခေါ်၍ ထိုင်ကန်တော့မတတ်ပင် ဝမ်းသာသွား၏။ မှန်ပေ၏။ သူတို့ကို ဤကဲ့သို့ အပ်ချမတ်ချသင်ပေးမည့်သူက ရှားလှသည်ကို။ ဤသို့မှ မထောက်ပြလျှင် သူတို့ ဘယ်တော့မှ သီချင်းအမှန် ဆိုတတ်တော့မည်မထင်။ ယခုတော့ အုပ်စုံတီးအောင်ကြီးကြောင့် သူတို့သီချင်းဆိုတတ်ပေပြီ။

"ကဲ အဲဒီအပိုဒ်ပြီးရင် ညီမလေးက ဝင်ရမယ်၊ ကဲ ဆိုကြည့်စမ်း"

"ဒေါလုံးမောလုံးများလွန်းတယ်"

"ခဏလေး ခဏလေး၊ ဒေါလုံးမောလုံး များလွန်းတယ်ဆိုတာ အဝင်စောနေတယ်၊ နောက်ပြီး ဆောင့်ပြီးတော့ မဝင်နဲ့"

မောင်ကျော်ကြားမိန်းမ တေသူမမှာ အစကတည်းက အနုပညာနှင့် ဝေးလွန်းသူဖြစ်သဖြင့် သီချင်းကို အသံမှန်ဖို့ မပြောနှင့် ဘယ်လိုစဝင်ရမှန်းပင်မသိ။ ဒါကို အုပ်စုံတီးက စိတ်ရှည်လက်ရှည် သင်သည်။

"ကဲ ပြန်ဆိုကြည့်"

"ဒေါလုံးမောလုံးများလွန်းတယ်"

"မှန်သွားပြီ"

"ပိုင်ပိုင်နိုင်နိုင်သဘောထားရယ်"

"ခဏလေး ဒီမှာလဲ သိပ်မဖိနဲ့၊ ပိုင်ပိုင်နိုင်နိုင်သဘောထားရယ်၊ အသာလေးဆို"

အုပ်စုံတီးအောင်ကြီးက အသေအချာဆိုပြသည်။





"ကဲ ဆက်ဆို"

"ပိုင်ပိုင်နိုင်နိုင် သဘောထားရယ်"

"မှန်သွားပြီ"

"မိန်းမသားမှာကွယ် စဉ်းစားဖွယ်၊ လွှတ်တော်ရဲလွန်းတယ်"

"ခဏလေး ခဏလေး"

သီချင်းက ရပ်သွားပြန်သည်။

"မိန်းမသားမှာကွယ် စဉ်းစားဖွယ်ဆိုတာမှန်တယ်၊ ဒါပေမယ့် လွှတ်တော်ကို သိပ်မဖိနဲ့၊ လွှတ်တော်ကို ဖိဆိုတဲ့ အခါကျတော့ အသံသွားကြားရတာ သိပ်မကောင်းဘူး၊ ဒီမှာကြည့် လွှတ်တော်ရဲလွန်းတယ်၊ အဲ အဲသည်လို ပြေပြေပြစ်ပြစ်လေးဆို ဟုတ်ပြီလား ဆိုကြည့်စမ်း"

တေသူမက လိုက်ဆိုပြန်သည်။

"မိန်းမသားမှာကွယ် စဉ်းစားဖွယ်၊ လွှတ်တော်ရဲလွန်းတယ်"

"မရဘူး မရဘူး"

သီချင်းက ရပ်သွားပြန်သည်။

"လွှတ်တော်ရဲလွန်းတယ်ဆိုတဲ့နေရာမှာ လွှတ်တော်ကို သိပ်မဖွင့်နဲ့၊ သိပ်ဖွင့်ဆိုတဲ့အခါကျတော့ ပြလရမ်းကြီး ဖြစ်သွားတယ်၊ မလှတော့ဘူး၊ ပိပိရိရိလေးဖြစ်ဖို့လိုတယ်၊ ကဲ ပြန်ဆိုစမ်း"

"မိန်းမသားမှာကွယ် စဉ်းစားဖွယ်၊ လွှတ်တော်ရဲလွန်းတယ်"

"မှားပြန်ပြီ"

အတီးကို ရပ်ပြန်သည်။

"အဝင်အထွက်အားလုံးမှန်တယ်၊ ဒါပေမယ့် လွှတ်တော်ကို တအားမဆွဲနဲ့လေ၊ လွှတ်တော်ကြီးရှည်နေတော့ ကြားရတာ မကောင်းဘူး၊ သပ်သပ်ရပ်ရပ်ဖြစ်ဖို့လိုတယ်၊ ကဲ ပြန်ဆို"

ပြန်ဆိုရပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မိန်းမသားမှာကွယ် စဥ်းစားဖွယ်၊ လွတ်တော်ရဲလွန်းတယ်"

"တိုသွားပြန်ပြီ၊ ပြောလိုက်လို့ထင်တယ်၊ လွတ်တော်က တိုသွားပြန်ပြီ၊ အဲဒီလို မဖြစ်ရဘူးလေ၊ အဲဒီနေရာလေးက အလိုက်သင့်လေးဖြစ်ရမှာ၊ ကဲ ကဲ ပြန်ဆို"

"မိန်းမသားမှာကွယ် စဥ်းစားဖွယ်၊ လွတ်တော်ရဲလွန်းတယ်"

"မှန်သွားပြီ၊ မှန်သွားပြီ၊ ဆက်ဆို"

အဆင်တပြေဖြစ်သွားတော့ သီဆိုသူရော နားထောင်သူများပါ ဝမ်းသာသွားသည်။ အုပ်စုံတီးကလဲ မကြိုက်မခြင်း မလွတ်တတ်သူမို့ တိကျလွန်းလှသည်။ တောသူမက နောက်တစ်ပိုဒ် ထပ်ဆိုပြန်သည်။

"စွဲစွဲမြဲမြဲချစ်ဖို့ရယ်၊ ရွှေဆိုင်ကေခိုင်ပန်းကိုကွယ်၊ ညှိုးနွမ်းမှာကို စိုးလှတယ်၊ လွတ်တော်ရဲလွန်းတယ်"

"မှားပြန်ပြီ၊ အဲဒီနေရာမှာပဲ မှားပြန်ပြီ၊ ဒီမှာ သမီးရဲ့ လွတ်တော်ဆိုတဲ့နေရာမှာ အလိုက်သင့်ကလေးပဲ ဖြစ်ရမယ်၊ လွတ်တော်ကို ဖိလို့လဲမရဘူး၊ ဖော့လို့လဲမသင့်ဘူး၊ ကဲ ပြန်ဆို"

"ညှိုးနွမ်းမှာကို စိုးလှတယ်၊ လွတ်တော်ရဲလွန်းတယ်"

"ကဲ လွတ်တော်က ရှည်သွားပြန်ပြီ၊ မဟုတ်သေးဘူး၊ အဲဒီအပိုဒ်ပဲပြန်ဆို"

"ညှိုးနွမ်းမှာကို စိုးလှတယ်၊ လွတ်တော်ရဲလွန်းတယ်"

"အသံက သိပ်မမှန်သေးဘူး၊ လွတ်တော်တိုသွားပြန်ပြီ၊ တိုတော့လဲ လိုသလောက် မရောက်ဘူးကွယ့်၊ ထပ်ဆိုဦး"

"ညှိုးနွမ်းမှာကို စိုးလှတယ်၊ လွတ်တော်ရဲလွန်းတယ်"

"အဲ သိပ်မဆိုးဘူး၊ ဒါပေမယ့် လွတ်တော်ကို သိပ်အထွန့်မတက်နဲ့၊ လွတ်တော်ကို အထွန့်တက်လွန်းရင် မကောင်းဘူး၊ နောက်တစ်ခေါက်ထပ်ဆိုဦး"





"ညှိုးနွမ်းမှာကို စိုးလှတယ်၊ လွတ်တော်ရဲလွန်းတယ်"

ဤသို့ဖြင့် အသံမတည့်သောတောသူမနှင့် အုပ်စုံဆရာတို့မှာ ထိုတစ်ပိုဒ်ကို အသားကျအောင် သီချင်းတိုက်ရင်း ညနက်သို့ပင် ရောက်ရှိချိန်ထိ 'လွတ်တော်ရဲလွန်းတယ်'ဆိုသည်ကထက် မတတ်နိုင်သေး။ ဘေးနား နားထောင်နေသူအချို့ကပါ

"ကွာ လွတ်တော်ရဲလွန်းတယ်၊ လွတ်တော်ရဲလွန်းတယ် ဆိုတာလေးများ"

"အေးကွာ၊ ဇာတ်ပွဲငှားတုန်းကလဲ စင်ပေါ်က ဝန်ကြီးတွေ ပါးစပ်ကြီးနဲ့ တိုင်းပြည်တည်လို့ မပြီး၊ အခု အုပ်စုံတီးခေါ်တော့လဲ လွတ်တော်နဲ့မပြီး၊ ငါတို့လဲ ဘယ်တော့မှ ပြီးစီးခြင်းကို ရောက်မယ်မသိ"

ဆိုကာ "လွတ်တော်ရဲလွန်းတယ်"ဆိုသောစကား လူတိုင်းနှုတ်ဖျားရေပန်းစားသောစကားပင် ဖြစ်လာပေလေတော့သတည်း။

ခလောက်နီကျေးရွာတွင်ဖြစ်သည်။

× × ×



www.burmeseclassic.com

www.burmeseclassic.com



## ခလောက်နီ

ခလောက်နီကျေးရွာမှ ရွာဘုရားပွဲအတွက် ပွဲငှားရန် ပြင်ဆင်တိုင်ပင်ကြသည်။

"ဒီနှစ်တော့ ခါတိုင်းနှစ်နဲ့မတူ၊ ဇာတ်ပွဲထူးထူး ခြားခြားငှားကြရင် ကောင်းမလားလို့"

သူကြီးဖိုးနီက အဆိုပြုသည်။ ဒါကို ဂေါပက ကြီးက

"ဟုတ်တယ်၊ ခါတိုင်းနှစ်ငှားတဲ့ဇာတ်တွေက မကောင်းဘူးမဟုတ်၊ ကောင်းပါရဲ့၊ ဒါပေမယ့် မင်းသား ကချောချော၊ မင်းသမီးက ချောချောနဲ့ ကပြသွားတဲ့ ဇာတ်တွေကလဲ ဟာသလိုလို သရဲလိုလိုနဲ့ ဆိုတော့ ကြည့်





သာ ကြည့်ရကောင်းနေတာ၊ ဇာတ်ပြီးသွားတော့လဲ ရင်ထဲ ဘာမှ ထူးထူးခြားခြား ကျန်ခဲ့တာမဟုတ်ဘူး"

ဆယ်အိမ်လူကြီးကလဲ ဝင်၍

"ဟုတ်ပ၊ တမြန်နှစ်ကဇာတ်ဆိုရင် နှစ်ပါးသွားချည်း မိုးအလင်းကသွားတာ၊ အင်း မင်းသားမင်းသမီး မကြိုးစားဘူးတော့ မဆိုပါဘူး၊ ဒါပေမယ့် ဘာမှတ်သားစရာကျန်လဲ၊ မင်းသားက ကျွမ်းတွေထိုး၊ တိုင်ကီထဲလိုမ့်ဝင်နဲ့ မနက်လင်းထိ မျက်စိနောက်တာသာ အဖတ်တင်တယ်"

သူ့စကားကို ရာအိမ်လူကြီးကလဲ

"အဲဒါပြောတာပေါ့၊ ဇာတ်သမားပြန်ရင် မှတ်သားစရာ ကျန်ရမယ်လေ၊ ဒါပေမယ့် အဲဒီဇာတ်သမားတွေပြန်တော့ ဘယ်မှာလဲ မှတ်သားစရာ"

အားလုံးလဲ ဇာတ်ပွဲလဲကြည့်ရ၊ မှတ်သားစရာလဲ ကျန်မည့် ဇာတ်ပွဲငှားရန်သာ စိတ်စောနေကြသည်။

"ကဲ ဒါဖြင့် ဒီနှစ်တော့ မှတ်သားစရာကျန်မယ့်ပြဇာတ် ဦးစားပေးကတဲ့ဇာတ် ရွေးငှားကြရအောင်"

"အေး ဟုတ်တယ်၊ အဲဒါမျိုးရွေးမှပဲ"

"မှန်တယ်၊ ပြဇာတ်ကောင်းမှ မှတ်သားစရာကျန်မှာ"

"ဒါဖြင့် ပြဇာတ်မင်းသား ရွေးကြရအောင်"

ဆိုကာ တက်ကြွပြီး ရှိသမျှ ဇာတ်စာရင်းကိုယူ၍ ပြဇာတ်မင်းသားနာမည်များကို ရွေး၍ဖတ်ကြလေသည်။ (ဒီနေရာမှာ နာမည်တူရှိရင်ခွင့်လွှတ်ပါဗျ)

"ပြည်ချစ်သန်းအောင်တဲ့၊ နာမည်ကိုက နွဲ့နွဲ့ကြီး၊ မကြိုက်ပေါင်"

"တိုင်းချစ်ရဲမင်းတဲ့၊ ဒါလဲ မထူးပါဘူး၊ ရုပ်နဲ့ချုပ်မယ့်မင်းသား



www.burmeseclassic.com

www.burmeseclassic.com




ပဲဖြစ်မယ်"

"ဟောဒါက သန္တမောင် နွဲ့တဲ့၊ နာမည်ကိုက မောင်နွဲ့ဆို တော့၊ အင်း"

"ဒါက သရုပ်မှန်ကျော်စွာ တဲ့၊ သိပ်မဆိုးဘူးထင်တယ်"

"သရုပ်မှန်ဆိုတော့ အင်း ဒီထက်ကောင်းတဲ့သူ ရှိဦးမှာပေါ့"



ပြဇာတ်မင်းသား နာမည်ကိုက ထောင်ထွက်လူမုန်းတဲ့၊ ထောင်ထွက်က မင်းသားတာက်လုပ်တာဆိုတော့ ပို့အစွမ်းရှိလို့ ဖြစ်မှာပေါ့"

ရွှေရင်းရွှေရင်းနှင့် တစ်နေရာအရောက်တွင် လူငါးယောက်လောက်ကို ထူးခြားစွာ တွေ့လိုက်ရသည်။

"ဆင်းရဲသားလေး မောင်ယဉ်နိုင်တဲ့၊ ပြဇာတ်မင်းသားနာမည်က အဆန်းပါလား၊ ဆင်းရဲသားလေး ပြဇာတ်ကမယ်ဆိုတော့ စိတ်ဝင်စားစရာ"

"ဟော ဟောဒီမှာ ကြည့်ဦး၊ ပြဇာတ်မင်းသားနာမည်က လူမိုက်ကြီးရွှေထီးတဲ့၊ လူမိုက်က ပြဇာတ်ကမှာဆိုတော့ မိုက်မှာပဲ"

"အဲဒါထက် ဒါက ပိုမိုက်မှာပေါ့၊ ကြည့်စမ်း၊ ပြဇာတ်မင်းသားနာမည်ကိုက ဘာတဲ့ ကျော့မွဲကြီး ဖထီးတဲ့၊ ကျော့မွဲကြီးဆိုတော့





ကျုပ်တို့လို ဖွတ်မွဲပြာစုတွေကို ကိုယ်စားပြုမှာထင်တယ်၊ ဒါဆို သူ့ပြဇာတ်တွေ ကောင်းမှာပဲဗျ"

"အောင်မယ်၊ အဲဒီထက်ကောင်းတာရှိသေး၊ ကြည့်စမ်း၊ ပြဇာတ်မင်းသားနာမည်ကိုက ထောင်ထွက်လူမုန်းတဲ့၊ ထောင်ထွက်က မင်းသားတက်လုပ်တာဆိုတော့ ပိုအစွမ်းရှိလို့ဖြစ်မှာပေါ့"

"ဟော့ ဟောဒီမှာကြည့်စမ်းပါဦး၊ တစ်ကျွန်းပြန်ဘစံဦးစီးသောတဲ့၊ ဒါတော့ မိုက်ပဟော့"

နောက်ပိုင်းပြဇာတ်မင်းသားနာမည်များကြည့်၍ အားရကုန်၏။

"ကဲ နာမည်တွေကတော့ ကြိုက်စရာချည်းပဲ၊ ဘယ်သူ့ရွေးမလဲ"

အားလုံး ခေါင်းတွေစုကာ်ကုန်၏။

"ဆင်းရဲသားတို့ လူမိုက်တို့က သိပ်ထူးဆန်းမယ် မထင်ဘူး၊ ကျော့မွဲကြီးကလဲ မထူးပါဘူး၊ ဒီတော့ တစ်ကျွန်းပြန်နဲ့ ထောင်ထွက် ဘယ်သူ့ရွေးမလဲ"

အားလုံး ထိုနှစ်ယောက်ကို အာရုံကျကုန်၏။ ဒါကို ရာအိမ်လူကြီးက

"တစ်ကျွန်းပြန်ကျတော့ ကျုပ်တို့လိုက်မီမှာမဟုတ်ဘူး၊ ထောင်ထွက်လောက်ဆို သိပ်မဆိုးဘူး၊ နောက်ပြီး နာမည်ကိုလဲ ကြည့်ဦး၊ ထောင်ထွက်လူမုန်းဆိုတော့ ထောင်လဲထွက်သေး၊ လူလဲမုန်းသေး၊ အင်း ဒီသူငယ် ကောင်းမယ်ထင်တယ်"

သူ့အဆိုကို အားလုံးက သဘောကျကာ

"ဟုတ်တယ်၊ ထောင်ထွက်ကြီးပဲ ကောင်းလိမ့်မယ်"

"လူမုန်း[illegible]တော့ ဘာကြောင့်မုန်းကြသလဲ ကြည့်ကြတာပေါ့"

စသည်ဖြင့် ထောက်ခံကြလေသည်။ ဤသို့ဖြင့် ထောင်ထွက်



www.burmeseclassic.com

www.burmeseclassic.com



လူမုန်း ပြဇာတ်စီးသောဇာတ်ကိုသာ တညီတညာတည်း မဲပေး၍ ငှားရမ်းကြလေသည်။

ဤသို့ဖြင့် ဘုရားပွဲနေ့၌ လာကပြသောဇာတ်၌ လူအများက အပျိုတော်ယိမ်းများ၊ စတိတ်ရှိုးများ၊ အော်ပရာများအား စိတ်မဝင်စား။ ထောင်ထွက်လူမုန်း ကပြမည့်ဇာတ်ကိုသာ ငံ့လင့်နေကြလေတော့၏။

မှန်ပေသည်။ သူတို့စောင့်စားနေသောအချိန် ရောက်ပါပြီ။

ပြဇာတ်စရန် ပဏာမတီးလုံး တီးပြီးသည်နှင့် လိုက်ကာကြီး တဒိအိအိနှင့် ပွင့်လာလေသည်။ သိပ်မကြာပါ။ ဖျင်အင်္ကျီရှဲ့စောင်းစောင်းဝတ်၍ လွယ်အိတ်ကို ပခုံးပေါ်ကြိုးထုံးထားသော စုတ်ချာချာ လူတစ်ယောက် ယိုင်ထိုးယိုင်ထိုးနှင့် ဇာတ်စင်ပေါ်တက်ချလာ၏။ ခန္ဓာကိုယ်ပိန်ကိုင်းကိုင်း၊ ဆံပင်ပုံစံကလဲ မသပ်မရပ်မို့ ဘယ်လိုမှ ပသာဒမဖြစ်။ ဒီကြားထဲ လက်ကြားထဲ ဆေးပေါ့လိပ်ကြီးညှပ်ကိုင်ထားသေး၏။

ဘာမှန်းမသိတော့ ရွာသားများ ထိုသူ့ကို ကြောင်ငေးကြည့်နေမိကြသည်။

စင်ပေါ်မှလူက ဘယ်သူ့မှ ထီမထင်ဟန်နှင့် စင်ရှေ့ ယိုင်တိုင်တိုင်ထွက်လာပြီး မိုက်ခွက်ကို ဆတ်ခနဲဆွဲကာ

"ထောင်ထွက်လူမုန်းဆိုတာ ကျုပ်ပဲ"

ပရိသတ်များထံမှ ဟယ်ခနဲအာမေဍိတ်သံ ကြားရ၏။ ထိုသူက မိုက်ခွက်ကို ရဲရဲတင်းတင်းဆွဲ၍ ပရိသတ်အား လက်ညှိုးငေါက်ငေါက်ထိုးကာ

"ရုပ်ချောတာကြည့်ချင်ရင် ရုပ်ချောတဲ့မင်းသားငှားကြည့်၊ အပြောကောင်းတဲ့မင်းသားကြည့်ချင်ရင် အပြောကောင်းတဲ့မင်းသားငှားကြည့်"





လူတွေက သူ့ကို ကြောင်ငေးကြည့်နေကြတုန်း။ ဒါကို စင်ပေါ်မှလူက သူ့ရင်ဘတ်အပြားသေးသေးကို တဘုန်းဘုန်းထုရင်း

"ထောင်ထွက်လူမုန်း၊ ရုပ်မချောဘူး၊ အပြောမကောင်းဘူး၊ အေး ဒါပေမယ့် ခင်ဗျားတို့ ကျွန်တော်တို့လို မရှိ ဆင်းရဲသားတွေ ... ရဲရဲတောက်ဦးဆောင်ပြီး သူဌေး၊ သူဌေးကြီးတော့ သူဌေးကြီး သူဌေးကြီး ကြီးတော့ ကြီးတော့ ခရိုနီ၊ ခရိုနီကြီးတော့ သူတော်ကောင်းယောင်ဆောင်ထားတဲ့ ဘူဇွာတွေကို တိုက်ပွဲဝင်ဖို့ ကျုပ်ထောင်ထွက်လူမုန်း ရဲရဲကြီး ကတိပေးတယ်၊ ဒါပဲ"

ဆိုကာ မိုက်ခွက်ကို ဒုန်းခနဲပစ်ချပြီး စင်နောက်သို့ ယိုင်ထိုးယိုင်ထိုးနှင့် ပြန်ဝင်ချသွားလေတော့သည်။

လိုက်ကာကြီးတအိအိနှင့် ကျလာသည်။ ရွာသားတွေက ကြောင်ငေးနေကြတုန်း။ အတန်ကြာမှ တစ်ယောက်

"တောက် ရုပ်နဲ့ကိုမလိုက်ဘူး၊ ပြောသွားတာ ပြတ်ပြတ်သားသားနဲ့ ထောင်ထွက်ပီသပါပေတယ်"

ဒါကို နောက်တစ်ယောက်ကလဲ

"ထောင်ထွက်လူမုန်းတဲ့၊ နာမည်နဲ့လိုက်ပါပေတယ်၊ ဒီလိုရဲရဲတင်းတင်းပြောရင် လူမုန်းကြပေမပေါ့"

နောက်တစ်ယောက်ကလဲ

"ဒီလို ပြတ်ပြတ်သားသားပြောရဲလို့ ထောင်ကျခဲ့တာထင်တယ်"

စကားသံများ ပြန်ငြိမ်သွား၏။ အတန်ကြာမှ တစ်ယောက်က

"ဒါနဲ့နေပါဦး၊ ဒီကောင်က ဘာမှုနဲ့ထောင်ကျတာလဲ"

ရွာသားများ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကြသည်။ ကိုလူမုန်းကြီး ဘာမှုနှင့်ထောင်ကျခဲ့သည်ကို မည်သူမှမသိ။ အားလုံးက ဇဝေဇဝါဖြစ်ကုန်၏။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် သိပ်မကြာပါ။ ထိုအတွေးများ ခလောက်နီရွာသားများတွင် မရှိတော့။

သူတို့ မေ့လျော့သွားကြသည်။

အဘယ်ကြောင့်ဆိုသော် ထောင်ထွက်က ပြဇာတ်မင်းသား ဖြစ်နေမင့်ကို။

× × ×





# ခလောက်နီ

ခလောက်နီကျေးရွာတွင်ဖြစ်သည်။

ခလောက်နီရွာသား မောင်ကျော်ကြားမှ မြို့ရောက်လာပြီး သူတို့ရွာ၌ အလှူကြီးတစ်ခု ချိမ့်ချိမ့်သဲ ကျင်းပမည်မို့ ဗဟုသုတအလို့ငှာ ရွာသို့ လိုက်ပါပို့စေလို ကြောင်း လာရောက်ဖိတ်ကြားခြင်း ဖြစ်သည်။

ကျွန်တော့်မှာလဲ အလုပ်များချင်ယောင် ဆောင်နေရသည်ကတစ်ဖက်၊ အလုပ်များ၍ အိပ်နေရ သည်က တစ်ဖက်တို့ကြောင့် မလိုက်လိုကြောင်း အတန် တန်ငြင်းဆန်သော်လည်း

"မြို့နဲ့မတူတဲ့မြင်ကွင်း၊ မြို့နဲ့မတူတဲ့ ရေနေ့တွေ



www.burmeseclassic.com

www.burmeseclassic.com



ကို ဆရာတွေ့ရမှာပါ၊ လိုက်သာလိုက်ခဲ့ပါ”

ဆိုသောကြောင့် နှစ်ခါခေါ်ရုံနှင့် တစ်ဖက်သားအားနာတတ်သော ကျွန်တော်မှာ ချစ်လှစွာသော ခလောက်နီကျေးရွာသို့ ရောက်ရပြန်လေသည်။

မှန်၏။

ခလောက်နီရွာသား မောင်ကျော်ကြား ပြောမည်ဆိုလဲ ပြောစရာပင်။

ရွာအလှူမှာ မည်မျှကြီးကျယ်သည်မသိ။ တစ်ရွာလုံး မီးခိုးတိတ် ကျွေးမွေးသည့်အပြင် နံဘေးနားရွာများဖြစ်သော သစ်ပင်လှရွာ ကြာကြီးကွင်းရွာ၊ သေိုင်းထုံရွာများပါမကျန် လူစုံလူစေ့လာ၍ တပျော်တပါး စားသောက်ကြလေသည်။

အလှူရက်မတိုင်ခင်(၅)ရက်ကတည်းက အလှူနေ့အတွက် ချက်ပြုတ်ပြင်ဆင်နေရပြီး ပြင်ဆင်ကတည်းက မွေးထားသောမီး မငြိမ်းနိုင်အောင် တချိမ်းချိမ်း ကျွေးမွေးနေခြင်းဖြစ်သဖြင့် ရွာအလှူအတွက် ရွာအကူများမှာ အိမ်ပင်မပြန်အား၊ မိသားစုလိုက်ပင် အလှူအိမ်လာ၍ ဟေးလားဝါးလားနှင့် ကူကယ်ရင်း အိမ်အိပ်အိမ်စားပင် ပြုကုန်ကြလေ၏။

အလှူမီးဖိုမှာလဲ (၇)ရက်တိတိ မီးမငြိမ်းတမ်း တည်ထားရပြီး နှစ်ဖိုက ထမင်း၊ သုံးဖိုက ဟင်းကြီးနှင့် ကျန်နှစ်ဖိုက အရံဟင်းနှင့် အရည်သောက်၊ စသည်ဖြင့် လိုလေသေးမရှိ ကျိုချက်နေရလေတော့သည်။

မီးဖွားဖွားများအလည် ချွေးပြိုင်းပြိုင်းနှင့် ကြော်လှော်ချက်ပြုတ်နေကြသော ကာလသားကြီးများကလဲ အားရစဖွယ်။ ဒီကြားထဲ ကွမ်းတောင်ကိုင် ပန်းတောင်ကိုင် မိန်းမပျိုလေးများကလဲ တံကောက်ကွေးမျှရှိသော ရွှေလက်ကောက်များ၊ အဝေးကကြည့်ရုံနှင့် တုတ်ခဲနေ





သော ရွှေဆွဲကြိုးများ၊ နေရောင်ထိလိုက်တိုင်း လက်လက်ထလာသော ရွှေကျောက်နားပန်များဖြင့် ဥဒဟိုပြေးသွားကူကယ်နေကြသည်ကလဲ ရှုမငြီးစရာ။

ထိုထဲမှာ ထူးထူးခြားခြား အများနှင့်မတူသော လူကြီးတစ်ဦးကို တွေ့လိုက်ရသည်။

ထိုသူမှာ အသားအရည် ညိုမွဲမွဲနှင့် ပိန်ကိုင်းကိုင်းဖြစ်သော်ငြား လူပုံကတော့မခေ။ ခန္ဓာကိုယ်တွင် အများသူငါ အလှူပွဲလာသူလိုမျိုး ပြိုးပြိုးပြက်ပြက် အဝတ်အစားမရှိ။ လုံချည်တစ်ပတ်နွမ်းကို ခပ်ကြမ်းကြမ်း တိုတိုစည်းထားပြီး ခန္ဓာကိုယ်တွင်လဲ သင်တိုင်းသဖွယ် အကွက်မွဲစောင်ကြီးကို ပခုံးမှနေ၍ အသေအချာစည်းနှောင်ထားသည်ကို တွေ့လိုက်ရသည်။ တခြားအလှူလာသူများလို ပကာသနမပါ။ ရိုးသားစွာ ဝတ်ဆင်ထားသော်ငြား လူချစ်လူခင်ပေါပုံက သြချရလောက်သည်။

အဘယ့်ကြောင့် ဆိုသော် အလှူလာသူဝတ်ကောင်းစားလှ



ဟုတ်ပ ဆရာရယ်၊
ပြောဖို့မေ့လို့
အဲဒီတစ်ပန်းကန်ထဲမှာ
ကြက်ဥတုံးထားတာ
ဝက်သား၊
စဝ့်ဂုံတုံးထားတာ
အမဲသားပါဆရာ၊
လိုရာရှာစားပါ



www.burmeseclassic.com

www.burmeseclassic.com



နှင့် ကျားမကလေးသူငယ် အဘိုးအဘွား အရွယ်အဆုံး အလှူမှတည် ခင်းခြည့်ခံသော အစားအသောက်များကို သုံးဆောင်ပြီးပါက သတ် မှတ်နေရာ၌ ကိုယ်လက်ပါးစပ်တို့အား သန့်စင်အောင်ဆေးကြောပြီး မှ ထိုသူကြီးအနားသွား။ သူ၏သင်တိုင်းကိုကိုင် နှုတ်ခမ်းနှင့်နမ်းရှုံ့ပြီးမှ အလှူမှပြန်ခြင်းကို ပြုကြရလေသည်။

ထိုလူကြီးကတော့ ဘယ်သူ့မှ ဂရုမစိုက်။ သူ၏သင်တိုင်းအား ကိုင်ပြီး နမ်းရှုံ့သွားသူကိုလဲ ဆုမပေး။ ခပ်အေးအေးသာ အလှူကိုပတ် နေရှာသည်။

ကျွန်တော်၏တစ်သက်တာမှာလဲ ဤမျှ လူချစ်လူခင်ပေါ များသူ။ အဘိုးအရွယ် အဘွားအရွယ်မှစ၍ သူ၏သင်တိုင်းကို နမ်းရှုံ့ ပြီး ပြန်ရသည်အထိ အရိုအသေခံရသူတစ်ဦးတစ်ယောက်မှ မတွေ့ခဲ့ ဖူးပေ။

ထို့ကြောင့် အလှူမှတည်ခင်းသည်များကို စားသုံးရင်း

"ဩော် လောက၌ အဆင်တန်ဆာက အရေးမကြီး၊ မေတ္တာ ကသာ အရေးကြီးပါလား"

ဟု ဆင်ခြင်သုံးသပ်မိရင်း

"ငါလဲ တည်ခင်းခြည့်ခံသမျှ စားသုံးပြီး အများပြုကြသလို၊ ကိုယ်လက်သန့်စင်၍ ဤလူကြီး၏သင်တိုင်းကို နမ်းရှုံ့ပြီးမှ ပြန်မှပဲ"

ဟု ကြည်ညိုစိတ်တဖွားဖွားနှင့် စိတ်ထဲတေးထားလိုက်မိ၏။

တည်ခင်းခြည့်ခံသည်များကို ကြည့်တော့လဲ ဟင်းကြီးအဖြစ် ဝက်သားနှင့် အမဲသားဟု ဆိုထားသည်။ ကြည့်တော့လဲ တစ်ပန်းကန် တည်းမို့ ဘယ်ဟာက ဝက်သား၊ ဘယ်ဟာဖြင့်အမဲသား မခွဲနိုင်။ ထို့ကြောင့် နံဘေးနားရှိသော မောင်ကျော်ကြားကလေးအား

"ဝက်သား အမဲသား နှစ်မျိုးပါတယ်လို့ ပြောတယ်၊ ဘယ် ဟာက ဝက်သား၊ ဘယ်ဟာ အမဲသားတုန်း"



BURMESE CLASSIC .com



ဟုအမေးကို မောင်ကျော်ကြားက အားရဝမ်းသာဟန်ဖြင့်

"ဟုတ်ပ ဆရာရယ်၊ ပြောဖို့မေ့လို့၊ အဲဒီတစ်ပန်းကန်ထဲမှာ ကြိုဂံတုံးထားတာ ဝက်သား၊ စတုဂံတုံးထားတာ အမဲသားပါဆရာ၊ လိုရာရှာစားပါ"

ဩော် ဒါလဲ သူတို့စေတနာ အသိအမှတ် ပြုရမှာပဲ။ သူတို့ ခမျာ အပင်ပန်းခံ၍ ဝက်သားအား ကြိုဂံတုံး၍ အမဲသားအား စတုဂံ တုံးပေးထားတာကိုး။

ဝက်သားစားချင် စတုဂံဖယ်၊ အမဲသားစားချင် ကြိုဂံဖယ်နှင့် ပယ်ပယ်နယ်နယ်လွေးပြီးသကာလ။ ယခုနကိစ္စ အကောင်အထည် ဖော်ရန် ကြိုးစားမိတော့၏။

သင်တိုင်းနှင့်လူကြီးကလဲ ကိုယ့်အနားမလာ။ အလှူဝင်းကြီး ကို ပတ်နေရသည်မို့ ခရီးကားမပေါက်။ ထို့ကြောင့် ဤသို့ထိုင်စောင့် နေပါက နေဝင်မိုးချုပ်ထိ နှုတ်ဆက်ရမည့်အရေး မမြင်သည်မို့ တခြား လူတွေလိုသာ ထိုင်ရာမှထ၍ သူ့နောက်သို့လိုက်၊ သူ့သင်တိုင်းကိုနမ်းပြီး နှုတ်ဆက်ထွက်ခွာရန်သာ စီစဉ်လိုက်ရတော့၏။

တောအလှူတို့၏ ထုံးစံအတိုင်း နေရာတိုင်း စားပွဲများ အလှူလာသူများနှင့် ဒင်းကြမ်းပြည့်နေသည်မို့ သွားရလာရ သိပ် လွယ်ကူလှတော့မဟုတ်။ ကျော်သင့်ကျော် ခွသင့်ခွဖြင့် ဖြည်းညင်းစွာ အနားကပ်ရရှာသည်။

အနားရောက်တော့လဲ နှုတ်မဆက်ရဲ။ ကိုယ်နှင့်မသိသူမို့ နှုတ်ဆက်လိုက်မှ အော်ငေါက်လွှတ်မှဖြင့် ကိုယ့်ဆီမရှိသော သိက္ခာက ထပ်ကျပေဦးမည်။

ထို့ကြောင့် မည်သို့နှုတ်ဆက်ရနိုး စဉ်းစားရင်း သူ့အနားမှ သာ မယောင်မလည် ကပ်လိုက်ရပြန်သည်။

ကြည့်တော့လဲ နှုတ်ဆက်သူ သူ့သင်တိုင်းကိုင်နမ်းသူ အနှင့်



www.burmeseclassic.com

ဒေးမို့ အနီးကပ်ဖို့ရာလဲ ခရီးကမပေါက်နိုင်။

စိတ်ထဲတွင်လဲ "ငါ ဒီလူကြီးကို နှုတ်ဆက်ပြီးမှကိုပြန်မယ်" ဟူသော သန္နိဋ္ဌာန်ကလဲ ရှိနှင့်မို့ နောက်လဲ မဆုတ်ချင်။ ထို့ကြောင့် ထိုသူ၏အနီးနားမှသာ ကပ်လိုက်ရရှာသည်။

အတန်ကြာလတ်သော် ဖင်တွန်းဖင်တွန်းနှင့်သူ့ထံရွေ့ရွေ့လာသော ကျွန်တော့်အား လူကြီးက သတိထားမိပုံပေါ်သည်။ တစ်နေရာ လူရှင်းချိန်၌ ဆတ်ခနဲ ကျွန်တော့်ဖက်လှည့်ပြီး

"ဟေ့ကောင် မင်း ငါ့နောက်လိုက်နေတာ ကြာပြီနော်"

ကျွန်တော်ကလဲ သူ့အမေးကို

"ဟုတ် ဟုတ်ကဲ့ပါ၊ အနည်းငယ်တော့ ကြာပါပြီ အဟဲ"

လူကြီးက ပြုံးဖြဲဖြဲ မျက်နှာကြီးကိုကြည့်၍ မျက်မှောင်ကြုတ်ကာ

"မင်း ထမင်းရော စားပြီးပြီလား"

"ဟုတ် ဟုတ်ကဲ့ စားပြီးပါပြီ"

"စားပြီးရင်လဲ လက်သုတ်မှာဖြင့်သုတ်၊ ပါးစပ်သုတ်မှာဖြင့်သုတ်၊ ပြီးရင် ပြန်လေကွာ"

"ဟမ်"

လူကြီးစကားကြောင့် ကျွန်တော်ကြောင်သွားသည်။ နေဉာဏ်ပြင်းစဉ်းစားကြည့်သည်။ အမှန်တော့ ဒီလူကြီးက လူချစ်လူခင်ပေါသူမဟုတ်။

အလှူတွင် စားပွဲဝိုင်းက များလွန်း၍ တစ်နေရာ လက်သုတ်ပဝါတစ်ထည် မချပေးနိုင်ရှာ။ ထို့ကြောင့် ထိုလူကြီးကို စောင်ကြီးပတ်ပြီး လက်သုတ်ပဝါလုပ်ပေးထားတာ။

ဒါကိုစားပြီးသူတိုင်းက သူ့ထံသွားပြီး လက်တွေသုတ်၊ ပါးစပ်တွေသုတ်နေတာကို ကျွန်တော်က အဝေးကကြည့်ပြီး





"သြော် ဒီလူကြီး လူချစ်လူခင်ပေါလှချည့်"

ထင်နေတာ။ အမှန်တော့ ဒီလူက လူ့လက်သုတ်ပဝါကြီး။

ကျွန်တော်လဲ စိတ်ပျက်လက်ပျက်နှင့် ထိုလူကြီးပြောသည့်အတိုင်း သူ့ထံသွားလက်သုတ် ပါးစပ်သုတ်ရင်း

"အနားမှာ လူစည်နေတိုင်း အလှူရှင်လို့ မထင်လိုက်ပါနဲ့၊ လူတကာလက်သုတ်နေသော လက်သုတ်ပဝါကြီးလည်း ဖြစ်နေမယ်"

ခလောက်နီကျေးရွာတွင်ဖြစ်သည်။

× × ×

www.burmeseclassic.com



# ခလောက်နီ

ခလောက်နီကျေးရွာတွင်ဖြစ်သည်။

ခလောက်နီကျေးရွာ၏ အလည်တည့်တည့်တွင် ခလောက်နီဈေးကြီး ရှိလေသည်။

အစစအရာရာ အဆက်ပြတ်သောဒေသ၌ ခလောက်နီဈေးကြီးသည် မီဒီယာကြီးတစ်ခုပင်။

သတင်းများ၊ အတင်းများ သိလိုသမျှ ခလောက်နီဈေးအတွင်း ဝင်သွားလိုက်သည်နှင့် သိလိုသမျှ သတင်းမှန်သမျှ သိရသည်။

အဓိကသတင်းထုတ်လွှင့်သော ဌာနများမှာ APK(အပျိုကြီး) သီးစုံသတင်းဌာန၊ MHK(မုန့်ဟင်းခါး)





ဒေါ်သီ သတင်းဌာန၊ BOK (ဘိုအုပ်ကြည်)သားငါးရောင်းဝယ်ရေးဌာနတို့က သတင်းစုံလင်လှ ပေသည်။

ဘယ်မင်းသား မင်းသမီး လင်နောက်လိုက်သည်၊ မိန်းမဆိုးသည်မှစ၍ ဘယ်အိမ်က အပ်ပျောက်၍ ဘယ်အိမ်က ထီပေါက်သည်အဆုံး နေ့စဉ်မပြတ် ထုတ်လွှင့်ပေးလေ့ရှိသည်။

အိမ်ထောင်ရှင်မများ အဝင်အထွက်များသောနေရာဒေသမို့ စုံလင်သော သတင်းကိုကြားပြီး ထပ်ဆင့်ထုတ်လွှင့်ရာဌာနများဖြစ်သည်။

ယခုလတ်တလော၌ ခလောက်နီရွာသားအားလုံး စိတ်အဝင်စားဆုံးဖြစ်နေသောသတင်းမှာ BM TBခေါ် (ဘုမနှင့်တင်ဘူး) တည်ထောင်ထားသော ငါးပိငါးခြောက်ကုန်စုံဆိုင်မှ ထွက်ပေါ်လာသော သတင်းပင်။

အမှန်တော့ ဘုမနှင့်တင်ဘူးသည် ဈေးထဲ၌ မြေနေရာဝယ်၍ ဆိုင်ကြီးတစ်ဆိုင် တည်ထောင်ထားခြင်းပင်။

ထူးခြားသည်က သူ့ဆိုင်ကို ဘယ်သူကပဲ ဘာပစ္စည်းလာတင်တင်၊ သူရောင်းပေးလေ့ရှိသည်။ ဥပမာ ကိုယ့်မှာ ငါးခြောက်ရှိလျှင် ဆိုင်ငှားနေစရာ၊ နေရာငှားနေစရာမလို။ ဘုမဆိုင်သို့ တင်လိုက်ပါက ဘုမက သင့်တော်သောဈေးနှင့် ရောင်းချပေးသည်။ ထို့အပြင် ကိုယ့်ကုန်ပစ္စည်းက အမှန်တကယ် လူကြိုက်များပါက ပလပ်စတစ်အိတ်နှင့်ပါကင်ပိတ်၍ တံဆိပ်နှိပ်ရောင်းပေးတတ်သေး၏။ ဆိုရလျှင်

"ငံပြာရည်ကမ္ဘာ"

ငံပြာရည်ကောင်းသော ဦးအောင်ထူး၏ ကုန်ပစ္စည်းကို ဤနှယ် နာမည်ပေး၏။ ငရုပ်သီးကောင်းသော ဦးယုဆွတ်၏ ကုန်ပစ္စည်းကျပြန်တော့

"ညှော်ကြမယ်ဗျို့"



www.burmeseclassic.com

www.burmeseclassic.com



အမည်ဖြင့်လည်းကောင်း၊ လူစိတ်ဝင်စားသောနာမည်များ ပေး၍ လူတွေလက်ထဲရောက်အောင် ထည့်ပေးလေ့ရှိသည်။

ဒေါ်ဘုမ၏တီထွင်မှုများမှာ အဆုံးမသတ်သေး။ ယခုအခါမှ နိုင်ငံတကာအဆင့်မီ ဖြစ်စေရန် နိုင်ငံတကာ စံချိန်စံညွှန်းအတိုင်း စီစဉ်၍ ကုန်ပစ္စည်းအသစ်တစ်ခု ထပ်မံတီထွင်ပြန်၏။ နာမည်ကလဲ စိတ်ဝင်စားစရာကောင်း၏။

"ချဉ်ပတ်ဆုံရာ"

သူ၏ရည်ရွယ်ချက်မှာ တစ်ရွာလုံးရှိချဉ်ပတ်များအားလုံးကို အားလုံးရောယှက်လျက် တစ်နေရာတည်း၌ရရှိနိုင်ရန် ရည်ရွယ်ခြင်း ဖြစ်၏။

ယခင်ကလဲ သူ ချဉ်ပတ်မရောင်းမဟုတ်။ ရောင်းပါသည်။ သို့သော် ယခုကဲ့သို့မဟုတ်။ တင်မောင်တင်ပို့သော ပဲတီချဉ်ပတ်ကို သူ့အိုး၊ သူ့ပန်းကန်နှင့် သီးသန့်။ ဒေါ်မြသီတင်ပို့သော တမာချဉ်ကို သူ့အိုး၊ သူ့ပန်းကန်နှင့် သီးသန့်၊ ဖွားသီပို့သော ဒညင်းသီးဆားရည်စိမ် ကလဲ သူ့အိုး၊ သူ့ပန်းကန်နှင့်သီးသန့်။ စသည် စသည်ဖြင့် ထားပေး၏။

ယခုတော့ ထိုသို့မဟုတ်တော့။ တစ်ရွာလုံးရှိ ချဉ်ပတ်အားလုံးကို တစ်စုတစ်စည်းတည်း ဖြစ်သည့်အပြင် အရသာပေါင်းစုံ ခံစားနိုင်ရန်အတွက် ချဉ်ပတ်အားလုံး အိုးကြီးတစ်လုံးထဲ စုထည့်လိုက်ခြင်း ဖြစ်၏။ ဤသည်ကား 'ချဉ်ပတ်ဆုံရာ'၏နိဒါန်း။

စုံရာမဟုတ်။ ဆုံရာ။

ဆုံရာဆိုသည်မှာ တွေ့ဆုံကြခြင်းဖြစ်ပြီး စုံရာကတော့ အများ အစားစုံ ဖွယ်ဖွယ်ရာရာဟု အဓိပ္ပာယ်ထွက်ပေမည်။

မည်သို့ဆိုစေ၊ ဒေါ်ဘုမ၏ 'ချဉ်ပတ်ဆုံရာ'သည်ကား လူစိတ် ဝင်စားမှုကို ရရှိလေပြီ။

တင်မောင်၏ ပဲတီချဉ်လဲပါ၏။ ဒေါ်မြသီ၏ တမာချဉ်လဲပါ





၏။ ဖွားသီ၏ ဒညင်းသီးဆားစိမ် လဲပါ၏။ ညိုလုံး၏ဆူးပုပ်ချဉ်လဲ ပါ၏။

စားသုံးနည်းက ဤနှယ်။

တစ်အိုးထဲ ပေါင်းထည့် ထားသော ချဉ်ပတ်ထဲမှ ကိုယ်ကြိုက် နှစ်သက်ရာ မြည်းစမ်း၍ ဒေါ်မြသီ တမာချဉ်မှ ကြိုက်လျှင် အမှတ်ပေး ဝယ်စား။ ထိုအရာကိုမှ ဒေါ်ဘုမက အကြိုက်ဆုံးချဉ်ပတ်စာရင်းကို ကြော်ငြာပေး၏။



မောင်လေးချဉ်ပတ်က
အမျိုးသမီးထုကြီး
တစ်ခုလုံးကို
ဖမ်းစားနိုင်ပါတယ်၊
ဒါပေမယ့်
Sexy
ဖြစ်ဖို့ဆိုရင်

သူ၏ ချဉ်ပတ်စနစ် လူ စိတ်ဝင်စား များလာသောအခါ ဆိုက္ကား နင်းသော အုန်းကြိုင်လဲ မနေတော့ နင်းသောဆိုက္ကားကိုထား၍ မျှစ် ချဉ်လုပ်၍ ဝင်ပြိုင်၏။ လယ်သမား မောင်ကြီးလဲ လယ်မထွန်တော့၊ လယ်ထဲ ကညွတ်ချိုး၍ ကညွတ် ချဉ်ဝင်လုပ်၏။ သူကြီးသား ထန်း သမား မောင်ပတစ်ကလဲ လက်လွှတ် မခံ။ သူထန်းရည်သောက်လျှင် ပါနေကျဖြစ်သော သရက်ချဉ်နှင့် ဝင်ပြိုင်သည်။ ဤသို့ဖြင့် ခလောက် နီ ကျေးရွာ၌ အလုပ်မရှိ အလုပ်ရှာ အားနေသူ အများအပြား ပေါ်ထွက်



www.burmeseclassic.com

www.burmeseclassic.com



လာတော့၏။

ပြိုင်သည့်သူများက တအားများလာတော့ ဒေါ်ဘုမလဲ မနိုင်တော့။ ချဉ်ပတ်ကျွမ်းကျင်သူများ ခေါ်ယူရလေသည်။ ချဉ်ပတ်ကျွမ်းကျင်သူများက

"ညီလေးချဉ်ပတ်က ကောင်းပါတယ်၊ ဒါပေမယ့် ဆားနည်းပြီး ပေါ့နေသလားလို့၊ တမာချဉ်ကျ ဆားသက်မှ"

ဒေါ်ဘုမကလဲ မခေ

"မောင်လေးချဉ်ပတ်က အမျိုးသမီးထုကြီးတစ်ခုလုံးကို ဖမ်းစားနိုင်ပါတယ်၊ ဒါပေမယ့် Sexy ဖြစ်ဖို့ဆိုရင်"

ချဉ်ပတ်နှင့်ဆိုင်လားမဆိုင်လားမသိ၊ ဝင်ပြောသည်။ ဤသို့ဖြင့် အများစားသုံးသော ချဉ်ပတ်ကိုပင် ဒီဇိုင်းထွင်လာကြတော့၏။

ပဲတီချဉ်ကို ဘိုကေလို အမျှင်များတန်းချ၏။ ကြောင်လျှာသီးကို ကြယ်ပုံထွင်းကြ၏။ ယုတ်စွအဆုံး သခွားချဉ်ကိုပင် လှေပုံပြုလုပ်၍ မုန်ညင်းချဉ်နှင့် ရွက်တိုင်ထူကုန်၏။ ဒီကြားထဲ နိုင်ငံခြားကင်ချီ၊ ဂျပန်မုန်ညင်းချဉ်များကို တိုက်ရိုက်ပုံတူယူလာသောအခါ တစ်မျိုးထွင်ရပြန်၏။ ဤကား မြန်မာချဉ်စစ်စစ်။

"မြန်မာချဉ်ကျတော့လေ သကြားနဲ့မလိုက်ဘူး သိလား၊ ထန်းလျက်ကလေးနဲ့မှ လေးလေးပင်ပင်ရှိတာ"

"မောင်လေးက ဘိုချဉ်တွေချည်းပဲ လုပ်တတ်တာဆိုတော့ မြန်မာချဉ်မှာ အားနည်းတယ် သိလား၊ မြန်မာချဉ်က ငါးပိကို ထည့်တွက်မှ ငါးပိလေးနည်းနည်းပါမှ"

ဤနည်းနှယ် အောင်မြင်လာသောအခါ တစ်မျိုးထွင်ပြန်၏။

ဈေးထဲ၌ပင်မဟုတ်တော့။ ရပ်ကွက်လည်၍ ရောင်းပြန်၏။ ဥပမာ ဦးကိုထွေးကုန်စုံဆိုင်ကဖိတ်လျှင် ချဉ်ပတ်ဆုံရာ တင်ပေး၏။ ဒေါ်အေးမဆန်ဆိုင်လဲ ရောက်ပါ၏။





နောက်ဆုံးတော့ ဝါသနာပါသူရော မပါသူများပါရော၍ ပါရပြီးရောတွေလဲ ဖြစ်လာပါသည်။ ဒေါ်ဘုမ၏ ချဉ်ပတ်ဆုံရာတောင်းကြီးလဲ ပွထနေပေပြီ။

ဈေးတွင်းရောင်းချနေစဉ် အကြောင်းမရှိ။ ရွာလည်၍ရောင်းချလာသောအခါ အများပြောစရာ ဖြစ်လာပါ၏။ အမြင်မတော်သူ အနံ့မခံနိုင်သူများလဲ များလာပေပြီ။

အနည်းငယ်စူးစမ်းစိတ်ရှိသော ထွေလာဂျီမောင်းသမားကိုအေးဆောင်ကမေး၏။

"ဒေါ်ဘုမ တီဗီဆိုတာ လူတိုင်းကြည့်လား"

"တစ်နိုင်ငံလုံး ကြည့်တာပေါ့ဟဲ့"

"နိုင်ငံခြားတွေကရော ကြည့်လား"

"စလောင်းတွေ အင်တာနက်တွေလဲ ရှိတာပဲ၊ သူတို့လဲ ဖမ်းကြည့်ကြမှာပေါ့၊ ဘာလို့မေးနေတာလဲ၊ ကြီးကြီးကျယ်ကျယ်"

ကိုအေးဆောင် ခေါင်းကုတ်ရင်း

"အင်း ဒေါ်ဘုမရဲ့ ချဉ်ပတ်ဆုံရာလဲ တီဗီကလွှင့်ရင် ကောင်းမလားလို့၊ ရပ်ကွက်ထဲလဲ ပွထနေပြီ"

မှန်ပေသည်။ ရပ်ရွာထဲ၌ တံဆိပ်အမျိုးမျိုး ကပ်ထားသော ချဉ်ပတ်များလဲ ပွထနေပေပြီ။

ခလောက်နီကျေးရွာတွင်ဖြစ်သည်။

× × ×



www.burmeseclassic.com

www.burmeseclassic.com



# ခလောက်နီ

ယခု ကျွန်တော်၏ရှေ့၌ ခလောက်နီရွာသား မောင်ကျော်ကြီးမှာ ဆံပင်စုတ်ဖွား၊ မှုန်ဝါးဝါးနှင့် ထိုင်နေသည်။

သူ၏ဆံပင်မှာ ယခုခေတ်လူငယ်များ ညှပ်လေ့ရှိသော One wayကေဟု အမည်ပေါက်သော ထူချင်ရာထူ၊ ထောင်ချင်ရာထောင်၊ ပြားချင်ရာပြားသော သဝေထိုးကေမျိုးဖြစ်သည်။

ထိုဆံပင်ပုံစံမျိုးမှာ အသေအချာ သ,ထားမှ ကြည့်ကောင်းသောပုံမျိုးဖြစ်ပြီး ယခုကဲ့သို့ ဘာမှမလုပ်ထားလျှင် ခွေးစုတ်ဖွားလောက်ပင် ရုပ်မထွက်သော ပုံစံ





မျိုးပင်ဖြစ်၏။

ယခု ကျွန်တော့်ရှေ့မှောက်ရောက်နေသော မောင်ကျော်ကြီးမှာ စိတ်ဓာတ်ကျစရာအဆင်းနှင့် ခပ်ပြင်းပြင်းရှိနေ၍ ကြည့်ရှုရသည်မှာ ကျက်သရေချို့တဲ့နေရှာ၏။

"ခေတ်ကြီးကိုက မကောင်းပါဘူးဆရာရယ်"

ခလောက်နီရွာသား၏နှုတ်ဖျားမှ ထိုစကားကြားရ၍ အံ့အားသင့်သွားရပေပြီ။ ခလောက်နီရွာသားများမှာ ဂျပန်ခေတ်၊ အင်္ဂလိပ်ခေတ်မှသည် ယခုခေတ်အထိ ဘယ်မျှခေတ်ပြောင်းပြောင်း သူ့ရွာ အလုပ်သူလုပ်ပြီး ခပ်အေးအေးနေသူများသာဖြစ်၍ ယခုမှ ထိုစကားနှုတ်ဖျားမှကြားလိုက်ရ၍ မအံ့ဩဘဲမနေနိုင်။

"ဘာဖြစ်လို့လဲ မောင်ကျော်ကြီးရဲ့"

"ဘာဖြစ်ရမှာလဲ ဆရာရဲ့၊ အခု ဒီမိုကရေစီခေတ်လေ၊ ခလောက်နီရွာသားတွေလဲ လွတ်လပ်ပွင့်လင်းကုန်ကြပြီ"

ကျွန်ုပ်ဟော် အံ့အားသင့်ရပြန်ပေပြီ။

"ဘာဖြစ်လို့လဲ လွတ်လပ်ပွင့်လင်းတာ မကောင်းလို့လား"

"ဘယ်မှာကောင်းလို့လဲ ဆရာရယ်"

သူ့ပုံက တကယ်မကျေမနပ် ဖြစ်နေပုံ။

"ကျွန်တော့်မယား မိစိန်ပြားကို သိတယ်မဟုတ်လားဆရာ"

"သိပါ့၊ မိစိန်ပြား ဘာဖြစ်လို့လဲ"

သူ့မယားမိစိန်ပြားအား ကျွန်တော်သိပါသည်။ ကျွန်တော်တို့ လက်ပေါ်၌ပင် ကြီးလာသောကလေးဟုဆိုလျှင် လွန်အံ့မထင်။ ထို့ကြောင့်

"မိစန်ပြား ငါသိပါ့၊ ဦးကြာတောသမီး အလတ်ကောင်မ မဟုတ်လား"

www.burmeseclassic.com



"ဒါဖြင့် မိစိန်ပြားပုံ ဆရာမြင်ယောင်ကြည့်စမ်း"

လူပုံက ညိုတုတ်တုတ်၊ ဂုတ်တိုတို၊ ဆံတောက်ဖားလျား၊ တောသူမပီပီ သလုံးသားထွားထွား၊ ခွင်ခွင်ကားကားပင်။ အမြဲတမ်း လယ်ထဲဆင်းနေသူမို့ အကျီ်ထူထူ၊ ထဘီတိုတိုကို အမြဲတမ်းဝတ်ဆင်တတ်သူမို့ တောရုပ်ကို ပီပြင်စေ၏။

"ဘယ့်နှယ်လဲဆရာ၊ မျက်လုံးထဲမြင်ပြီလား"

"မြင်ပါ့၊ ငါ့မျက်လုံးထဲ ပုပုကွကွနဲ့၊ အင်း ကြည့်ရတော့ ဆိုးပါဘူး"

"အဲဒီမိန်းမ အဲဒီမိန်းမ ပုကွကွဗျာ"

မောင်ကျော်ကြွားအသံက ကြိတ်မနိုင်ခဲမရ။ ဘာကို မကျေမနပ်ဖြစ်နေမှန်းလဲမသိ။ သူ ပြောမှ သိမှာကို။

"အဲဒီမိန်းမဗျာ၊ သူ့ရုပ်သူ့ရည်နဲ့ ဒီမိုကရေစီခေတ်မှာ အဝတ်အစားသစ် လော်မာလာတာ"

သူ့စကားကြောင့် ကျွန်



ထွက်လာတော့မှ၊ တကာယ်ကို ကြိုးတစ်လုံးနဲ့ ဟိုနေရာပေါ် မမြင်သင့်တာတွေ ဖော်ထားတာမျာ





တော်ပင် မျက်လုံးပြူးသွားရသည်။

"ဟင် ဘယ်လိုဖြစ်တာ တုန်း"

"ဘာဖြစ်ရမှာတုန်းဗျ၊ အဝတ်အစားဝတ်ပုံက လွတ်လပ်ပွင့်လင်းတဲ့ခေတ်မှာ လွတ်လပ်ပွင့်လင်းစွာ ဝတ်ဆင်ရမယ်ဆိုလို့ ကျွန်တော်သည်းမခံနိုင်လို့ ပါးချခဲ့တာ"

"ဟင် မင်းက အဲသည်လိုတောင် လုပ်ခဲ့တယ်၊ သူ ဘယ်လိုဝတ်ခဲ့လို့လဲ"

အင်မတန်ရိုးသော ခလောက်နီသား မောင်ကျော်ကြွားပင် ပါးချချင်သွားသည်ဆိုတော့ အံ့အားသင့်သွားရသည်။

"တစ်နေ့က သူနဲ့ကျွန်တော် အပြင်ထွက်ဖို့ ပြင်ဆင်ကြတယ်"

"အင်း ဆိုပါဦး"

ကျွန်တော် စိတ်ဝင်စား၍ ခေါင်းပင်ငိုက်သွား၏။

"ကျွန်တော် သူ့အကြောင်းသိလို့ ဒီလိုမှာတယ်"

"ဘယ်လိုတုန်းဟဲ့"

"ဇာဘော်လီလဲ ဝတ်ခဲ့ဦး"

"ဟင်"

"အတွင်းခံဘောင်းဘီလဲ ဝတ်ဖို့မမေ့နဲ့နော်"

"အဲဒီလိုပြောတာတောင် ဘယ်လိုပြန်ပြောတယ်မှတ်တုန်း"

"ဆိုဦးဟ"

"ဒါတွေမလိုတော့ပါဘူး၊ ကျွန်မယုံကြည်တာပဲ ရွေးချယ်ထားတယ် ဆိုပြီး"

"ဒီမှာ ကြိုးတစ်လုံး၊ ချည်သားအတုတွေ ရောစပ်ပါဝင်လို့ မပေါ်သင့်တာတွေပေါ်ပြီး မဖော်သင့်တာတွေ ဖော်ထားတယ်"

ကျွန်တော့်စိတ်ထဲ ကြားဖူးသလို။

"နောက်ပြီး အခန်းထဲက အနံ့တွေ မွှန်ထွန်နေလို့ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



ကပြောတယ်"

"အနံ့တွေက မွှန်ထွန်နေတာပဲ စမ်းကြည့်လို့ရမလား"

ကျွန်တော် မျက်မှောင်ကြုတ်မိသည်။ သူက ဆက်၍ပင်

"ထွက်လာတော့ဗျာ၊ တကယ့်ကို ကြိုးတစ်လုံးနဲ့ ဟိုနေရာပေါ် မမြင်သင့်တာတွေ ဖော်ထားတာဗျာ"

ကျွန်တော် ပို၍ စိတ်ဝင်စားသွားသည်။

"အဲဒီတော့ ဘာဖြစ်သေးလဲ"

"ဒါနဲ့ ကျွန်တော်လဲ သည်းမခံနိုင်လို့ ဒေါသထွက်ပြီး သူ့ပါးကို ဖျန်းခနဲလွှဲရိုက်လိုက်တာဗျာ"

"ဒါနဲ့ သူဘာပြန်ပြောလဲ"

"သူက သူ့ပါးလေးအုပ်ပြီး ပြန်ပြောတယ်"

"ဘာတဲ့"

"အို့ အမေ့လက်ရာအတိုင်းပါပဲလား"

"ဟာ"

"ဆိုပြီး မျက်လုံးတစ်ဖက်တောင် တင်ခနဲ မှိတ်ပြလိုက်သေးတာ"

"ဟင်"

ခလောက်နီရွာသား မောင်ကျော်ကြားမှာ သူ့ခေါင်းကိုသူ အုပ်ကိုင်ပြီး ငြိမ်ကျနေသည်။ ကျွန်တော်လဲ ဘာပြော ရမှန်းမသိတော့။

ဒီမိုကရေစီခေတ်၌ လွတ်လပ်ပွင့်လင်းခြင်းဆိုသည်မှာ အခွင့်အလမ်းကို ပြောတာလား၊ စိတ်ခါတ်ကိုပြောတာလား။ ထိုမှစ၍ ကျွန်တော်မစဉ်းစားနိုင်သေး။

× × ×





# ခလောက်နီ

ခလောက်နီကျေးရွာတွင်ဖြစ်သည်။

ခလောက်နီကျေးရွာ၏ ရွာအဝင်ဝရှိ ကြီးမားသောညောင်ပင်ကြီးအောက်၌ ကြီးမားခန့်ထည်သော ကားကြီးတစ်စင်း ရပ်ထားသည်။

ထိုကားပေါ်မှ အရွယ်တော်လူကြီးကြီးဝဝကြီး ဆင်းသက်လာပြီး အရိပ်အာဝါသကောင်းသော ညောင်ပင်ကြီးကို ငေးမောကြည့်ရှုနေသည်။

သူ၏နောက်နားတွင် အစေအပါးဟုထင်ရသော ခပ်နွမ်းနွမ်းဖတ်ဖတ် လူရွယ်တစ်ဦးက ခပ်ရို့ရို့ ရပ်နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူစီးလာသောကားနှင့် သူ၏အဆင်အပြင်ကို ကြည့်ရှုခြင်းအားဖြင့် နွယ်နွယ်ရရလူမဟုတ်မှန်း သိသာလှပေသည်။ ဝတ်ဆင်ထားသော အဝတ်အစားမှာ ပြောင်ပြောင်လက်လက် မဟုတ်သော်ငြား အကောင်းစားများဖြစ်ကြောင်း သိသာလှ၏။

လက်တွင်ပတ်ထားသော နာရီတံဆိပ်မှာ Rolex ဖြစ်ပြီး လက်ချောင်းများ၏ လက်သူကြွယ်တွင် ရတနာခုနစ်သွယ် စီခြယ်ထားသော ရွှေလက်စွပ်ကြီး တဝင်းဝင်းကို ပြူးတူးပြဲတဲ တွေ့ရလေ သည်။

ဤသည်ကိုကြည့်ခြင်းအားဖြင့် ထွေလာဂျီပင် အနိုင်နိုင်ပိုင်ရှာသော ခလောက်နီကျေးရွာနှင့် လားလားမှ မသက်ဆိုင်ကြောင်း သိရလေသည်။ ထိုသို့ဆိုလျှင် သူမည်သူနည်း။

လူကြီးသည် အရိပ်ကောင်းသော သစ်ပင်ကြီးကို စိတ်လွတ်လက်လွတ် မော့ကြည့်နေသည်။

သစ်ပင်ပေါ်မှ ငှက်အော်သံ၊ နေပြောက်ပင် မထိုးသော သစ်ရွက်ဖားဖားများကိုကြည့်၍ တစ်စုံတစ်ရာကို စိတ်ကူးယဉ်နေပုံရသည်။

နောက်သစ်ပင်ကြီး၏ အနီးနား ညို့နေအောင်စိမ်းနေသော တောတန်းလေးကို ငေးကြည့်ပြန်သည်။

လူနေထူထပ်သော မြို့ပြအရိပ်အယောင်နှင့်ကင်း၍ အံ့အားသင့်နေဟန်လဲတူ၏။

သစ်ပင်ကြီးကို လှည့်ပတ်ကြည့်ရင်း သူကြီးကိုယ်တိုင် ကမကထပြုထားသော သောက်ရေအိုးစင်ကိုတွေ့၍ မျက်မှောင်ကြုတ်သွားသည်။ အတန်ကြာအောင် ငေးစိုက်ကြည့်ရင်း

"အင်း ဒါတော့ဆိုးတယ်"

သူ့နှုတ်က ခပ်တိုးတိုးညည်းတွားလိုက်သည်နှင့် အနောက်နားက ခပ်နွမ်းနွမ်းအစေအပါးက ကားဆီပြေးလွှားသွားပြီး ရေတစ်ဘူးထုတ်ယူလာပေးသည်။





ယူလာပေးသောရေမှာ အများလို ပလပ်စတစ်ရေဘူးမဟုတ်။ ဖန်ဖြင့်ပြုလုပ်ထားသော ရေဘူးလေး။ ရေမှာလဲ ကြည်တောက်၍ အေးမြနေသည်။

လူကြီးက ရေဘူးကိုဖွင့်၍ တစ်ကျိုက်မော့သောက်လိုက်သည်။ ပြီးသည်နှင့် အဖုံးပင် ပြန်မဖုံးဘဲ အနောက်ကလူ ကမ်းပေးလိုက်သည်။ လူရွယ်က ခပ်သွက်သွက်ပင် လှမ်းယူပြီး ကားကြီးထဲပါလာသော ရေခဲပုံးထဲ သပ်ရပ်စွာ ပြန်ထည့်လိုက်သည်။

လူကြီးက လက်မှ Rolex နာရီကို ပင့်ကြည့်လိုက်သည်။

"(၂)နာရီ"

သစ်ပင်ကြီးက နေပြောက်ပင်မထိုးသေး။ သစ်ပင်ပေါ်မှ ငှက်ကလေးများက စိုးစီစိုးစီ စီညံလို့။

လူကြီးက သစ်ပင်ကြီးကို လှည့်ပတ်ကြည့်ပြီး ကြွေကျသော သစ်ရွက်တစ်ရွက်ကို ကောက်လိုက်သည်။

ကြွေကျပြီးဖြစ်ငြား သစ်ရွက်က စိမ်းလန်းနေတုန်း။

လူကြီးက သစ်ရွက်ကို ပြန်ပစ်ချလိုက်သည်။ အလိုက်သိစွာ အနောက်ကလူရွယ်က စနိုးတာဝါတစ်ခု ယူလာပေးသည်။ လူကြီးက သစ်ရွက်ကိုင်သောလက်ကို စနိုးတာဝါနှင့် အသေအချာပွတ်ပြီး ပစ်ချလိုက်သည်။

သစ်ပင်ကို လှည့်ပတ်ကြည့်ပြန်သည်။ တစ်နေရာအရောက်တွင် အသေအချာရပ်လိုက်သည်။ ပြီးနောက် ရေရွတ်သလိုဖြင့်

"အေးကွာ၊ သစ်ပင်က နေပြောက်တောင်မထိုးဘူး"

"မှန်ရဲ့ သူဌေး"

အနောက်နားက တပည့်က ထောက်ခံသည်။

"တစ်နေကုန်နေလို့ နေတစ်ချက်မှ ထိမယ်မထင်ဘူး"

"ဟုတ်ရဲ့သူဌေး"



www.burmeseclassic.com

www.burmeseclassic.com



လူရွယ်က ခါးတကိုင်းကိုင်းနှင့် ထောက်ခံသည်။

"ဒီလိုအရိပ်ကောင်းတဲ့ သစ်ပင်အောက်မှာ"

စကားစကိုဖြတ်လိုက်သည်။ အနောက်က အစေအပါးက သူဌေးစကားကို နားစွင့်နေသည်။

"ပက်လက်ကုလားထိုင်လေး တစ်လုံးချ"

လူရွယ်က ခေါင်းညိတ်သည်။ အင်မတန်စိတ်ကူးယဉ်စရာပင်။ နေပြောက်မထိုးသော သစ်ပင်ကြီးအောက် ပက်လက်ကုလားထိုင်လေးနှင့်ကိုး။

"စာအုပ်လေးတစ်အုပ်၊ ဘောပင်လေးတစ်ချောင်းနဲ့"

လူရွယ်က သူဌေး၏စကားကို အားရစွာခေါင်းညိတ်ထောက်ခံသည်။

"ချထိုင်ရေးလိုက်ရရင်တော့"

သစ်ရွက်ကလေးတွေ လွင့်သွားသည်။

"ဗိမ်ပဲ"

သိပ်မကြာပါ။ ခလောက်နီကျေးရွာ အဝင်ဝရှိ ညောင်ပင်ကြီးအောက်မှ ကားအကောင်းစားကြီးတစ်စင်း တဝုန်းဝုန်းနှင့် ထွက်ချသွားသည်။

ထိုကားကြီးပေါ်၌ သစ်ပင်ကြီးအောက် ဗိမ်နှင့်လောင်းကစားလုပ်ချင်သော သူဌေးတစ်ဦးနှင့် အစေခံလူရွယ်တစ်ဦးကိုလဲ တင်ဆောင်သွားပါသည်။

သူတို့ကားအရှိန်ကြောင့် ရွာထဲသို့ ဖုန်မှုန့်တွေသာ ဝေ့ဝဲနေသည်။

ခလောက်နီကျေးရွာ ရွာအဝင်ဝ၌ပင်ဖြစ်သည်။

× × ×





# ခလောက်နို

ခလောက်နီကျေးရွာအနီးတွင်ဖြစ်သည်။

အရင်တုန်းက ကျုပ်မှာ ရွှေထီးတစ်လက်ရှိတယ်။

ပြောင်ပြောင်ဝင်းဝင်းနဲ့ ရွှေအဆင်းရှိတဲ့ ရွှေထီးပေါ့။ ကျုပ်ကလဲ နှစ်သက်လွန်းလို့ အိမ်မှာနေရင် ရွှေထီးဆောင်းထားတယ်။ (အဲ မိန်းမနဲ့ သားသမီးတွေလဲပါတယ်ပေါ့)

အဲဒီအရှေ့က ကျုပ်ရဲ့ပုံသဏ္ဍာန်က သိပ်လေးစားစရာ မရှိတာလား။ ဒါမှမဟုတ် လူတွေက သတိမထားမိတာလား မသိဘူး။ ကျုပ်ဟာလဲ သူလိုကိုယ်



www.burmeseclassic.com

www.burmeseclassic.com



လိုပါပဲ။ အဲ အဲဒီကမှ မတော်တဆ ရွှေထီးရတဲ့အခါ ကျုပ်ရဲ့မျက်နှာကလဲ ပြောင်ပြောင်ဝင်းဝင်းနဲ့ လင်းလင်းတက်လာပါတော့တယ်။

စိန်နားကပ်ရောင်နဲ့ ပါးပြောင်ပါတယ်ဆိုမှ ရွှေထီးကြီးဆောင်းထားတဲ့ကျုပ် ဘယ်လောက်ပြောင်လက်လာမလဲ စဉ်းစားကြည့်ပေါ့။

ယခင်က ကျုပ်ကို အသိအမှတ်မပြုသူတွေ မဲ့ရွဲ့ရှုံ့ချချင်သူများကအစ ရွှေထီးကြီးနဲ့ ကျုပ်ကိုမြင်တဲ့နေ့ကစပြီး ခါးကိုကိုင်း၊ မျက်နှာကို ပြုံးဖြဲထားကြတော့တာ။

ဒါကိုသိတဲ့ကျုပ်ကလဲ ဒီရွှေထီးကို လွှတ်ထွက်မသွားအောင် ခါးကနေအစ ရင်ဘတ်အလည် လည်ပင်းအဆုံး ကြိုးနဲ့ကို သိုင်းချည်ထားလိုက်တော့တယ်။ ဒါမှ ကျုပ်သွားလေရာနောက် လူရှိန်တဲ့ရွှေထီးကြီးက အမြဲကပ်ပါနေတော့မှာပေါ့။

အမှန်တော့ ဒီရွှေထီးက မိုးလုံလေလုံတော့လဲ မဟုတ်ပါဘူး။ နေတက်တစ်ကြိမ်၊ မွန်းလွဲတစ်ကြိမ်က ကျုပ်ခေါင်းပေါ်မှာ ရွှေထီးသာရှိပြီး ရွှေထီးရိပ်က ရှိလှတာမဟုတ်ဘူးပေါ့။ ဒါပေမယ့် ရွှေထီးကြီးမိုးထားတဲ့ကျုပ် ခန့်တယ်၊ သန့်တယ်။ လူရှိန်တယ်။

အဲ နေမွန်းတည့်ချိန်မှာတော့ အမှန်ကန်ဆုံးပါပဲ။ ရွှေထီးရောင်ပြောင်ပြောင်၊ ရွှေမျက်နှာတော်တဝင်းဝင်းနဲ့ဆိုတော့ လွှတ်ကိုအဆင်ပြေ။ အရိပ်လဲရရဲ့။ နေပူတော့လဲ ခံရတာပေါ့။

ပြောရဦးမယ်ဗျ။ ဒီရွှေထီး အလကားရထားတာမဟုတ်ဘူး။

တစ်ခါက လူကြီးတစ်ယောက်က ရွှေထီးတွေ လေထဲမြှောက်ပြီး

"ဘယ်သူယူယူ မယူယူ"

ဆိုပြီးလုပ်တာ။ ဒါကို တချို့ကလဲ ရှက်လို့မလုဘူးပေါ့။ တချို့ကလဲ မလိုချင်လို့မလုဘူး။ ကျုပ်ကတော့ ဘယ်ရမှာလဲ။ ခါးတောင်း





မြှောင်အောင်ကျိုက်ပြီး ခုန်ဖမ်းခဲ့တာ။

ကျုပ်အရပ်က ပုတယ်။ ဒါပေမယ့် ရွှေထီးမြှောက်သူနဲ့ အနီးကပ်ဆိုတော့ အငမ်းမရခုန်ဖမ်းတဲ့ကျုပ်ပဲ ရတာပေါ့။

အဲဒီထဲက ဒီရွှေထီးကြီး ခါးထိုးခဲ့တာ။

အင်း အခုတော့ ရွှေထီးလည်း အနည်းငယ်ဟောင်းပြီပေါ့။ ဒါပေမယ့် ကောင်းနေဆဲပါပဲ။ အဲဒီထဲက

အခုအချိန်ထိ တောချုံအုံကြားထိ ရွှေထီးကြီးနဲ့ ကျုပ်လာတာတွေ့ရင် လမ်းဖယ်ပေးကြ၊ လမ်းရှင်းပေးကြ၊ ပြုံးဖြဲနေကြတုန်း။

အဲသည်လိုမှ မလုပ်ရင်လဲ ကျုပ်ပါးစပ်က

"မင်းတို့တွေ ဘာအသုံးကျလို့လဲ၊ ဘာတွေလုပ်နေကြတာလဲ၊ ဘယ်လိုလုပ်ပြီး တိုးတက်ရေးကို ဖော်ဆောင်နိုင်မလဲ၊ ဘယ်လိုလုပ်ပြီး ငါ့လို ရွှေထီးဆောင်းနိုင်ကြမှာလဲ"

စသည်ဖြင့် တန်းစီပြီး



ကျုပ်သီမှာ
ရွှေထီး လဲ
ရတဲ့တရက် မရှိတော့ရော၊
ပမာမခန့် သိမ်းလုပ်တာ၊
လမ်းမှာ
မျက်နှာချင်းဆိုင်တွေ့ရင်တောင်



www.burmeseclassic.com

www.burmeseclassic.com



အော်ငေါက်တော့တာ။ အဲဒါဆို အားလုံး ပျာပျာသလဲနဲ့ ပြေးသူပြေး၊ မျက်စိရှေ့က ဖယ်သူဖယ် ဖြစ်ကုန်ရော။

“ကျုပ် ရွှေထီးဆောင်းနိုင်တာ အလကားမဟုတ်ဘူးမှတ်”

ဒါ ကျုပ်စကားရဲ့အဆုံးသတ်။ ကျုပ် ဒီရွှေထီးကို ဘယ်လိုရခဲ့တာ သူတို့မှမသိတာ။ (သိသူနည်းတာကိုး)

ကိုယ်နဲ့ဆက်နွယ်နေတဲ့နယ်တွေကျတော့ ကျုပ်အကြောင်းသိနေလို့ သိပ်မကြောက်ပေမယ့် ကိုယ်နဲ့စိမ်းတဲ့နယ်များဆို ရွှေထီးကြီးနဲ့ ကျုပ်ကို မြင်တာနဲ့ သိပ်ကြောက်ကြတာ။ ကျုပ်ငေါက်သမျှခံ၊ ကျုပ်ဆဲဆိုသမျှ တစ်ခွန်းမှ ခံမပြောနိုင်ဘဲ မျက်နှာချင်းတောင် မဆိုင်ရဲကြဘူး။ အဲသည်လိုနေရာမျိုး ကျုပ်ကိုကြောက်တဲ့ နေရာမျိုးဆို ‘မင်းတို့ ဘာလုပ်နေတာလဲ၊ ဟိုလိုလုပ်ပါလား၊ ဒီလိုလုပ်ပါလား’ ဆိုပြီး ‘လိုအပ်သည်များကို မှာစားပြီးပြန်’တော့တာပါပဲ။ လူတွေက ကျုပ်ပြောသမျှ လိုက်လုပ်တယ် မလုပ်တယ်တော့မသိဘူး။ မျက်စိပျက် မျက်နှာပျက်နဲ့ ခေါင်းညိတ်တယ်။ လမ်းဖယ်ပေးကြတယ်။

ဩော် တစ်ခါက ရွှေထီးဆောင်းခဲ့တဲ့ကာလကို သတိရမိပါရဲ့။

လူတွေကလဲ သိပ်သိသာတာပဲ သိလား။ ကျုပ်ဆီမှာ ရွှေထီးလဲ ရုတ်တရက် မရှိတော့ရော၊ ပမာမခန့် သိပ်လုပ်တာ၊ လမ်းမှာ မျက်နှာချင်းဆိုင်တွေ့ရင်တောင်

“ဟော့ ဟိုလူကြီး၊ အရင်ရွှေထီးဆောင်းထားခဲ့တုန်းကလို လိုချင်ဘာ မှာစားလို့မရဘူးနော်၊ ကိုယ့်နေရာကိုယ်နေ”

“ဟိုက ရွှေထီးပြုတ်ကြီး၊ ရုတ်ရုတ်လာမလုပ်နဲ့၊ ကိုယ့်ခေတ် မဟုတ်တော့ဘူး၊ ငြိမ်ငြိမ်နေ၊ နားရင်းဆွဲအုပ်ပစ်လိုက်မယ်”

ကျုပ်စိတ်ထဲမှာ ဘယ်လောက် ကျလိကျလိ ဖြစ်နေမလဲ စဉ်းစားကြည့်။ ရွှေထီးဆောင်းစဉ်ကာလက ကျုပ်ပြောသမျှငြိမ်ခံ၊ ကျုပ်ဆဲရင်လဲပြုံးကြည့်၊ ကျုပ်ကိုတွေ့တာနဲ့ လမ်းရှင်းပြေးနေကျ





ကောင်တွေ။ အခုတော့ ကျုပ်မှာ ရွှေထီးလဲမရှိတော့ရော ပမာမခန့်လုပ်ကြပြီ။ အောင်မာ တစ်ခါတလေ လမ်းမှာတွေ့ရင်တောင် ပခုံးနဲ့ ဝင်တိုက်ပြီး

“ဟိုလူကြီး တောင်းပန်လေဗျာ”

တောင် လုပ်ကြသေးသူရှိပေါ့။ ကျုပ်သာရွှေထီးဆောင်းစဉ်ကာလကဆို ဘယ်သူ ဒါမျိုးပြောရဲမလဲ။ နံဘေးနား ရှိုရှိုလေးရှော့ပြီး စားချင်တာ ကျွေးနေရတာ။ အခုတော့ ကျုပ်လေ. . ကျုပ်၊ ရွှေထီး အသိမ်းခံရပြီးကတည်းက လူတွေက အချိုးပြောင်းကုန်တာ။

ဒါပေမယ့် ရပါတယ်။ ခဏတော့ သည်းခံလိုက်ပါတယ်။ ကျုပ်မှာလဲ ကျုပ်အကြံနဲ့ကျုပ်ပဲ။

ကျုပ်ရွှေထီးကို အရှုးထောင်က ပြန်ခိုးလို့ရတဲ့နေ့

“ရွှေထီးပြန်ဆောင်းမယ်၊ အဲဒီအခါကျရင် ရွှေထီးကို ဘယ်သူမှထပ်ဖြုတ်လို့မရအောင် ခါးကနေခေါင်းထိ မပြုတ်နိုင်အောင် သိုင်းချည်မယ်၊ ပြီးရင် ကျုပ်ကို ပခုံးချင်းယှဉ်တိုက်တဲ့သူတွေဆီ ပြန်သွားပြီး လက်စားချေမယ်၊ အော်မယ်၊ ဟစ်မယ်၊ ဆဲမယ်၊ လိုအပ်သည်များ မှာစားမယ်”

အခုတော့

ကျုပ်ပြောခဲ့ပါပကောလား

“အရင်က ကျုပ်မှာ ရွှေထီးတစ်လက် ရှိခဲ့ပါတယ်ဆို”

ခလောက်နီကျေးရွာအနီးတွင်ဖြစ်သည်။

× × ×



www.burmeseclassic.com

www.burmeseclassic.com





ခလောက်နီကျေးရွာတွင်ဖြစ်သည်။

တစ်နေ့သ၌ ခလောက်နီရွာသား မောင်ကျော်ကြား မြို့တက်သွားပြီး ယခုတလော မြို့မှာခေတ်စားနေသော သတင်းဂျာနယ်တစ်စောင်တိတိ ရွာသို့ဝယ်ပြန်လာလေသည်။

ရွာသို့ရောက်၍ ဖတ်ကြည့်သောအခါ

"ကြေးနီတောင်စီမံကိန်း ဆန္ဒပြ"

"ဧရာဝတီတိုင်းတွင် ရေလုပ်သားများ ဆန္ဒပြ"

"ရခိုင်အရေးဆန္ဒပြ"

"ပဲခူးတိုင်းတွင် လယ်ယာမြေများအတွက် ဆန္ဒပြ"





"စက်ရုံလုပ်သားများ အလုပ်သမား အခွင့်အလမ်းအတွက် ဆန္ဒပြ"

"ပါတီအချင်းချင်း မညီညွတ်၍ ဆန္ဒပြ"

ဂျာနယ်တစ်စောင်လုံး ဆန္ဒပြသောသတင်းချည်း မြင်ရလေသောအခါ ခလောက်နီရွာသားများ မရိုးမရွ ဖြစ်ကြရလေသည်။

ဆယ်အိမ်လူကြီး ဦးဖိုးသီးမှ

"ကဲ ကြည့်စမ်း၊ ဟိုနေရာရွရွ ဆန္ဒပြကြ၊ ဒီနေရာရွရွ ဆန္ဒပြကြနဲ့ ဆန္ဒပြနေကြတာ မနည်းပါလား"

သူ့စကားကို ရာအိမ်လူကြီး ဦးသာလှကြီးမှ

"ဟုတ်ပါ့၊ အားကျစရာကြီးပဲ၊ အင်း အားကျစရာကြီးပဲ"

ဘာကိုအားကျမှန်းမသိ။ ဝင်၍အားကျသည်။ ဒါကို လယ်သမားကြီးဦးကြီးရွှေမှလဲ

"အင်း သူများအသီးသီး ဆန္ဒပြနေမှတော့ ကိုယ့်ရွာမှာလဲ အင်းတို့ရွာမှာလဲ"

သူ့စကားလမ်းကြောင်းလိုက်သည်နှင့် တစ်ယောက်က ထပြီး

"ဟုတ်တယ်၊ တစ်နေရာပြီးတစ်နေရာ ဆန္ဒပြနေပြီ၊ ကျုပ်တို့ရွာက ဆန္ဒမပြရင် ဒီမိုကရေစီခေတ်မှာ ခေတ်မမီဘဲ နောက်ကျကျန်နေလိမ့်မယ်"

သူ့စကားကို နောက်တစ်ယောက်က

"ဒါဆို ကျုပ်တို့က ဘာလုပ်ကြမှာလဲ"

သူ့အဆိုကို ဆယ်အိမ်လူကြီး သာလှကြီးမှ လက်သီးလက်မောင်းတန်း၍

"ဆန္ဒပြကြတာပေါ့"

သူ့စကားကို အားလုံးအားရပြီး

"ဟုတ်တယ်၊ ဆန္ဒပြရမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒီမိုကရေစီခေတ်မှာ လွတ်လပ်တုန်း ဆန္ဒပြကိုပြရမယ်"

"ခေတ်ကိုက ဆန္ဒပြမှ ခေတ်မီတဲ့ခေတ်၊ သူများဆန္ဒပြရင် တို့လဲပြရမယ်"

ဆိုကာ အုတ်အုတ်ကျက်ကျက်ဖြစ်ကုန်၏။ အားလုံးကလဲ ဆန္ဒပြရန် စိတ်လောလာကြသည်။ ဒါကို လယ်သမားကြီးဦးကြီးရွှေက

"ဒါနဲ့ နေပါဦး၊ ဆန္ဒပြမယ်ဆိုတော့ ဘာကို အကြောင်းပြပြီး ဆန္ဒပြမှာလဲ"

သူ့စကားကြောင့် အားလုံး အူလည်လည်ဖြစ်ကုန်၏။ မှန်ပေသည်။ ဆန္ဒပြမယ်ဆိုတော့လဲ အကြောင်းအရာက မယ်မယ်ရရမရှိ။ ဒါကို ထန်းတက်သမား ဦးလူထွားက

"အိုဗျာ၊ သူကြီးရှိတာပဲ၊ သူကြီးကို ဆန္ဒပြတာပေါ့"

သူ့စကားကို အားလုံးခေါင်းကုတ်သွားသည်။ အတန်ကြာမှ ရာအိမ်လူကြီး ဦးသာလှကြီးက

"နေပါဦး၊ သူကြီးဆန္ဒပြမယ်ဆိုတော့ သူကြီးမှာ ဘာအပြစ်ရှိလို့လဲ၊ သူ့ဘာသာသူနေတယ်၊ ရွာသားအားလုံးကို ကျောသားရင်သား မခွဲခြားဘဲ အုပ်ချုပ်တယ်၊ မဟုတ်တာမလုပ်ဘူး၊ ကဲ သူ့ကို ဘာဆန္ဒပြစရာရှိလဲ"

အားလုံး အူလည်လည်ဖြစ်ကုန်၏။ မှန်ပေသည်။ ခလောက်နီသူကြီးလောက်ကောင်းတာ ခလောက်နီသူကြီးသာ ရှိသည်။

"ကဲ ဒါဖြင့် ဂေါပက ပြမယ်ဗျာ"

"ဂေါပက ပြမယ်ဆိုတော့ ရွာဂေါပက,က ရွာသားတွေဆီတောင် အလှူမခံဘဲ စေတနာရှိမှထည့်၊ သူတို့ကိုယ်တိုင် အိတ်စိုက်ပြီး ပြုပြင်လာတာ အခုဆို ရွာဘုရားတောင် ရွှေရောင်တဝင်းဝင်း"

ဒါလဲမှန်ပေသည်။ ဂေါပကများမှာ ရွာက,လေးစားရသော လူချမ်းသာများဖြစ်သည့်အပြင် ဘုရားရေးတရားရေး လက်မနှေးသူ





များမို့ ဘာအပြစ်မှ ပြောစရာမရှိ။

"ဒါဖြင့် လယ်ယာမြေက ရော"

"လယ်ယာမြေကလဲ ကိုယ်ပိုင်တဲ့လယ် ကိုယ်စိုက်ကြတယ်၊ သူရင်ငှားတွေကိုလဲ လယ်ရှင်တွေက ဆွေမျိုးရင်းချာများလို ကျွေးမွေးစောင့်ရှောက်လွန်းလို့ ဝါဝင်ဝါထွက်တောင် ထိုင်ထိုင်ကန်တော့နေရတာကို"

"မြစ်ချောင်း ဆိုရင်ရော ဗျာ"

"ဟောဗျာ၊ မည်သူမဆို လှေတစ်စင်း ပိုက်တစ်ဖုံနဲ့ ကြိုက်ရာအချိန်ဆင်း ကြိုက်ရာနေရာကွန်ပစ်၊ ငါးဖမ်း၊ တားမယ့်သူ မပြောနဲ့ ဘယ်နေရာမှာ ငါးပိုကျလို့ အဲဒီနေရာသွားဆိုပြီး ညွှန်ပြလွန်းလို့ အားနာနေရတဲ့ကိစ္စ၊ ဘာကိစ္စ ဆန္ဒပြရမှာလဲ"

"ရွာကျောင်းဆရာတော်ကို ဆိုရင်ရောဗျာ"

"ဟာ ဆရာတော်က တရားရေးကလွဲပြီး ဘာမှစိတ်ဝင်စားတာ မဟုတ်ဘူး၊ တော်ကြာ သူ



တို့မှာဆန္ဒပြဖို့
ဆန္ဒရှိကြောင်း
တစ်တိုင်းတစ်ပြည်လုံးသိပြီး
သူတို့ဆန္ဒပြချင်ရင်
တစ်ယောက်ကို
တစ်နေ့သုံးထောင်နဲ့
လာငှားရင် ငှားကြမှာပေါ့



www.burmeseclassic.com

www.burmeseclassic.com



တော်ကောင်းပစ်မှားမိလို့ ငရဲအုံ ကြီးကုန်မှဖြင့်”

အားလုံးခေါင်းကုတ်ကုန်၏။ သူတို့ခမျာ ဒီမိုကရေစီခေတ်မှာ ကြိုက်ရာကို လက်ညှိုးထိုးပြီး ဆန္ဒပြလို့ရပါလျက် သူတို့ရွာ၌ ဘာမှ လက်ညှိုးထိုးစရာမရှိ၍ အလွယ်ကူဆုံး အရင်းမစိုက်ဘဲ လူတွင်ကျယ် လုပ်၍ရသော ဆန္ဒပြခြင်းကိုပင် ပြုလုပ်စရာမရှိ ဖြစ်နေကြလေသည်။ အတန်ကြာမှ ခေတ်ပညာတတ် ကိုရင်ကြီးကျောင်းထွက် ကိုသောင်းဟန်က

“ဒါဖြင့် ဒီလိုလုပ်ဗျာ၊ ခင်ဗျားတို့မှာလဲ ဆန္ဒရှိတယ်၊ ကျုပ်တို့မှာလဲ ဆန္ဒရှိတယ်၊ အဲဒီဆန္ဒတွေကို ပြသချင်ကြတယ်မဟုတ်လား”

အားလုံးခေါင်းညိတ်ကြသည်။ ကိုသောင်းဟန်မှဆက်၍

“အဲဒီတော့ဗျာ၊ ခင်ဗျားတို့ ကျုပ်တို့ ဆန္ဒတွေက ဆန္ဒပြချင်တယ်ဆိုတာပဲ မဟုတ်လား”

အားလုံး နားလည်လား နားမလည်လားမသိ။ ခေါင်းညိတ်ကြပြန်သည်။ ဟိုက ဘုန်းကြီးကျောင်းထွက်မို့ ပညာတတ်တယ်လေ။ ဒါကြောင့် မကန့်ကွက်ရဲ။

“အဲဒီတော့ ခင်ဗျားတို့ ကျုပ်တို့ရဲ့ဆန္ဒအရ ဆန္ဒပြချင်ကြောင်း ဆန္ဒရှိကြောင်းကို ဆန္ဒပြကြတာပေါ့ မဟုတ်ဘူးလား”

ကိုသောင်းဟန်စကားကြောင့် အားလုံး မျက်လုံးအရောင်များ လက်ကုန်၏။

“ဟုတ်တယ်၊ ကျုပ်တို့မှာ ဘာအကြောင်းရယ်မဟုတ်ဘူး၊ ဆန္ဒပြချင်တဲ့ဆန္ဒရှိကြောင်းကို ဆန္ဒပြကြတာပေါ့”

“ဟုတ်တယ်၊ ကျုပ်တို့မှာ ဆန္ဒပြချင်တဲ့ဆန္ဒရှိကြောင်း ဆန္ဒပြကြပယ်”

“ဒါမှ ဆန္ဒကဖြစ်ပေါ်လာတဲ့ ဆန္ဒပြမှုအစစ်”

အားလုံး အကြောင်းအရာ ခေါင်းစဉ်ရသွား၍ ဝမ်းသာသွားကြသည်။ အားလုံး လူစုကြ နေရာသတ်မှတ်ကြနှင့် တက်တက်ကြွကြွ ဖြစ်ကုန်၏။ အားလုံးပြီးစီးကာနီးမှ ဆယ်အိမ်လူကြီးဦးဖိုးသီးက သတိရသွားပြီး





“နေ နေကြစမ်းပါဦး၊ ကျုပ်တို့က ဆန္ဒပြဖို့ ဆန္ဒရှိကြောင်း ဆန္ဒပြကြပြီဆိုပါတော့၊ ကျုပ်တို့ဆန္ဒပြတဲ့ပွဲကို ဘယ်သူမှမသိရင် ဘာလုပ်ကြမှာလဲ၊ အခုဟာက ဆန္ဒပြဖို့ ဆန္ဒရှိကြောင်း ဆန္ဒပြဖို့လူက တစ်ရွာလုံးပါနေပြီပဲ”

မှန်ပေသည်။ ဤပွဲကို သဘောကျ၍ သူကြီးဦးဖိုးနီရောကတော်မှုံပါ စာရင်းပေးသွင်းထားပြီးပြီမို့ ကလေးအစ ခွေးအဆုံး ဟောင်ပေးဖို့ပါ စာရင်းတို့ပြီးဖြစ်နေပေပြီ။

“ကျုပ်တို့ဆန္ဒပြချင်ကြတယ်ဆိုတာ ဟောဒီလိုဘုတ်အုပ်တွေမှာပါမှ ကျုပ်တို့ဆန္ဒပြရကျိုး နပ်ပေမပေါ့ ဟုတ်ဘူးလား”

သူ့စကားကို သူကြီးဦးဖိုးနီက

“ဒါများလွယ်ပါတယ်၊ တစ်ခါက ခလောက်နီရွာသား မောင်ကျော်ကြားနဲ့လိုက်လာတာ စာရေးဆရာဆိုလား၊ သူ့ကို အကူအညီတောင်းပြီး ဘုတ်အုပ်ထဲထည့်ရင်ရော”

“အေးလေ၊ ဒါမှ တို့မှာဆန္ဒပြဖို့ ဆန္ဒရှိကြောင်း တစ်တိုင်းတစ်ပြည်လုံးသိပြီး သူတို့ဆန္ဒပြချင်ရင် တစ်ယောက်ကို တစ်နေ့သုံးထောင်နဲ့ လာငှားရင် ငှားကြမှာပေါ့၊ ဟုတ်ဘူးလား”

“သုံးထောင်လဲ မနည်းဘူး၊ ထမင်းဖိုးတော့ ဖူလုံပ့ါ”

“တော်ကြာ ပြည်သူက သဘောကျပြီး ရန်ပုံငွေရရင် ထောပြီ”

ဆန္ဒက မပြရသေး။ စီးပွားရှာဖို့က စကြံကြပြီ။ ခလောက်နီရွာသားများပေကိုး။ ထို့နောက်. .

အားလုံး ကျွန်တော်၏ခေါင်းပေါ် ရောက်လာတော့၏။



www.burmeseclassic.com

www.burmeseclassic.com



သူတို့ရွာတွင် ဆန္ဒပြဖို့ ဆန္ဒရှိကြောင်း သိသာစေရန် ဆန္ဒပြပွဲ ကျင်းပခြင်းကို ဂျာနယ်များ၊ မဂ္ဂဇင်းများ(သူတို့ အခေါ်ဘုတ်အုပ်)တွင် ပါရှိနိုင်ရန်အတွက် ကျွန်တော့်ကို လာပြောသောအခါ

"ဒါတော့ ကျွန်တော်တို့နဲ့ မဆိုင်ဘူး၊ ဆန္ဒပြတယ်ဆိုတာ သတင်းလိုင်းဖြစ်တယ်၊ ဒါကို သတင်းဖြစ်မှ တစ်နိုင်ငံ လုံးသိနိုင်မယ်၊ ဒါကြောင့် သတင်းသမားတွေကို ပြောကြည့်ပေးမယ်"

ဟု အာမခံချက်ပေးပြီး ရင်းနှီးသော သတင်းသမားများဖြစ်သော ရွှေကြိမ်လုံး၊ မောင်နန်းမိုး၊ ဇေယျာဘုတိုတို့အား ပြောကြည့်ရာ

"ရတယ်လေ၊ သတင်းကောင်းပဲ လိုက်ကြတာပေါ့"

ဆိုကာ လိုက်လဲ့ပျူငှာကြိုဆိုပါ၍ ဝမ်းသာအားရပင် ခလောက်နီရွာသား မောင်ကျော်ကြားလေးအား

"အေး သတင်းသမားတွေတော့ ရွာလာမယ်၊ သတင်းလာယူမယ်ပြောတယ်၊ သူတို့အပြန်မှာ ရွာက တတ်နိုင်သလောက် ပဏ္ဏာတော့ ဆက်လိုက်ကြ"

ဟု အထပ်ထပ်မှာကြား၍ လွှတ်လိုက်ရလေသည်။

မှန်ပေ၏။ ထိုနေ့က ခလောက်နီရွာ၌ ရွာလုံးကျွတ်မျှ ဆန္ဒပြကြသည်။

သူတို့ဆန္ဒပြပုံမှာ တစ်နည်းတစ်ဖုံ ထူးဆန်းပါသည်။

လူတိုင်းကိုယ်စီ၏လက်၌ 'ဆန္ဒ'ဟူသော ဆိုင်းဘုတ်များကို မြှောက်ကိုင်ပြီး

"ဆန္ဒပြဖို့အရေး တို့အရေး၊ ဆန္ဒပြဖို့အရေး တို့အရေး၊ ဆန္ဒပြဖို့အရေး တို့အရေး"

ဟုအော်ဟစ်ကာ လူမကျန်တော့သော သူတို့ရွာကို နေကုန်အောင် ပတ်ကြလေသည်။

သတင်းသမား ရွှေကြိမ်လုံး၊ မောင်နန်းမိုး၊ ဇေယျာဘုတိုတို့က





လဲ မလွဲအောင် ဓာတ်ပုံတဖျတ်ဖျတ်ရိုက်ကြသည်။

ထိုသို့ဖြင့် ဆန္ဒပြရန် ဆန္ဒရှိကြောင်း ဆန္ဒပြကြပြီး အားရကျေနပ်သွားကာမှ သတင်းယူသော သတင်းသမားများကို နေရပ်ပြန်နိုင်ရန် စီစဉ်ကြလေသည်။

ဤတွင် ရွာရောက်လာသော ဧည့်သည်များကို ဧည့်ဝတ်ကျေနကျ ခလောက်နီရွာသားဆို့၏ ထုံးစံအတိုင်း ရွာထွက်ထန်းသီးသုံးလုံးစီ အဝတ်နှင့်စည်း၊ ချောင်းထဲမြောင်းထဲ လွယ်လွယ်ကူကူ ဖမ်းမိသော ငါးဖမ်းမတစ်ကောင်စီ ထနောင်းကြိုးနှင့်ချည်။ တစ်ယောက်ကို ကောက်ညှင်းတစ်ပြည်နှုန်းဖြင့် စီရင်ကာ အားလုံးကို မြွေခွံအိတ်အလတ်စားနှင့် စုထည့်ပြီး သတင်းသမားများအား လက်ဆောင်အဖြစ်ပေးအပ်လေသည်။

ဤတွင် ဝါရင့်သတင်းသမားကြီးများဖြစ်သော ရွှေကြိမ်လုံးတို့အဖွဲ့မှ မယူ။

"လက်ဆောင်ကို ယူလို့မဖြစ်ဘူးဗျ၊ လက်ဆောင်ယူပြီး သတင်းရေးရင် လက်ဆောင်ပေးလို့ ရေးပေးတယ်ဆိုပြီး သူများ လက်ညှိုးထိုးစရာ ဖြစ်ကုန်မယ်၊ စတုတ္ထမဏ္ဍိုင် သိက္ခာကျမယ်၊ ဒါကြောင့် မယူပါရစေနဲ့"

ခလောက်နီရွာသားများ အခက်ကြုံကုန်၏။

"စေတနာရှိလို့ ပေးတာကိုတောင်မယူ၊ တို့ရွာလာလာနေကျ ဦးလူကြီးနဲ့တော့ကွာပါ့၊ ဟိုလူက ပေးတိုင်းယူသည့်အပြင် တွေ့ကရာပါ လက်ညှိုးထိုး၍တောင်းသေး"

တချို့ကလဲ လက်ဆောင်ပဏ္ဏာမှာ နည်းသေး၍ မယူတာဟုထင်မှတ်ပြီး မီးနေပြီး ကလေးဆုံး၍ ဝယ်ထားတာသာ အဖတ်တင်နေသော ဒေါ်ဖွားနှစ်၏ ကလေးအနှီးသုံးထည်ကို ထပ်၍ထည့်ပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



"တကယ်ပြောတာဗျ၊ ကျုပ်တို့က လက်ဆောင်ယူပြီး သတင်း မရေးဘူး"

ဒါကို ခလောက်နီရွာသားများက မည်သို့မှတ်ယူသည်မသိ။ ကလေးများဆော့နေရာမှ ကျောက်ဒိုးသုံးလုံး၊ သားရေကွင်း အပင် နှစ်ဆယ်စီ၊ နွားစာကောက်ရိုးတစ်ထုပ်၊ စသည် စသည်တို့ ပေါင်းလတ် သော် အိပ်ဖောင်းသော အနေအထားသို့ ရောက်လေသည်။

သတင်းသမားများကလဲ အတန်တန်ငြင်း၏။

သူတို့ငြင်းလေ အိတ်ပိုဖောင်းလေမို့ အားပဲနာကြတာလား၊ အိတ်ဖောင်း၍ စိတ်ပြောင်း သွားသည်လားမသိ။

"ကဲပါလေ၊ ခင်ဗျားတို့ ဒီလောက်ပေးချင်နေမှဖြင့် မငြင်း တော့ပါဘူး၊ အဲ ဒါပေမယ့် လက်ဆောင်ရလို့ သတင်းရေးပေးတယ် တော့ အဖြစ်မခံနိုင် အပြောမခံနိုင်ဘူး"

"ဒါဖြင့်"

ရွာသားများနှုတ်မှ တစ်ပြိုင်တည်း ထွက်လာ၏။ ဒါကို ရွှေကြိမ်လုံးက သူ့ဗိုက်ကိုသူပွတ်ပြီး

"ခင်ဗျားတို့က ကျုပ်တို့ကို လက်ဆောင်ပေးတာမဟုတ်ဘဲ ကန်တော့လိုက်တယ်ဆိုမှ လက်ခံမယ်"

ရွှေကြိမ်လုံးစကားကြောင့် ရွာသားများ ရှုစိရှုစိဖြစ်ကုန်၏။

"ဒီအကြောင်းအရာကိုပဲ ခေါင်းစဉ်တပ်ပြီး ဆန္ဒပြကြရင် ကောင်းမလား"

ဟု တိုင်ပင်ကြ၏။

နောက်ဆုံးတော့ သူတို့အပင်ပန်းခံ ဆန္ဒပြထားတာတွေ အဖတ်မတင်မှာစိုး၍ သူကြီးကိုယ်တိုင်ဦးစီးကာ

ဆန္ဒဟူသော စာတမ်းများကိုကိုင်၊ မြေပြင်ပေါ် ဆောင့် ကြောင့်ထိုင်ကာ





ဆန္ဒပြသူများက သူတို့သတင်း ပြည်သူများ အကျယ်တဝင့် သိရှိနိုင်ရန်အတွက် စတုတ္ထမဏ္ဍိုင်ကို ကန်တော့ခြင်းဖြင့်သာ နိဂုံးတံ လေတော့သတည်း။

ခလောက်နီကျေးရွာတွင် ဖြစ်ပါသည်။

× × ×



www.burmeseclassic.com

www.burmeseclassic.com



ခလောက်နီကျေးရွာတွင်ဖြစ်သည်။

ယခုတလော ရွာသားများ၌ ခေတ်အစားဆုံးမှာ ဆန္ဒဖော်ထုတ်ကြခြင်းပင်။

မောင်ကျော်ကြားနှင့် မိစိန်ပြားတို့၏ သားလေး မူလတန်းအရွယ် မောင်လူလုလေးနှုတ်ဖျားကပင်

"အဖေ ကျွန်တော့်ကိုဆုံးမရင် ပါးစပ်နဲ့ပဲဆုံးမ၊ လက်ပါလာရင် သမ္မတဆီ စာတင်လိုက်မယ်"

ဟူတည်း။

ကလေးအရွယ်မှပင် ဤသို့ဆန္ဒရှိနေလေတော့ လူကြီးများမှာ ဆိုဖွယ်ရာမရှိ။ လူဖြစ်ပါလျက် လူတန်း





စေ့နိုင်ရန်အတွက် အများသူငှာ သိရှိနိုင်ရန် ဆန္ဒဖော်ထုတ်ပွဲများ ကျင်းပကြလေသည်။

ပထမတော့ တိုးတိုးတစ်ဖုံ၊ ကြိတ်ပုန်းတစ်သွယ်နှင့် ပြုလုပ်နေရာမှ နောက်များတော့လဲ ရဲတင်းလာပြီး ဆန္ဒထုတ်ဖော်ပွဲများ အပီအပြင် ဖြစ်လာလေတော့သည်။ ပထမတော့ မည်သူ့ကို ဆန္ဒထုတ်ဖော်ရမှန်းမသိ။ နောက်တော့မှ ရွာ၌ အေးအေးလူလူ အုပ်ချုပ်နေသော သူကြီးဦးဖိုးနီဆီသို့ ဦးတည်လာလေကြတော့သည်။

နေ့စဉ်နှင့်အမျှ ရွာရှိ အားအားယားယား လူများသည် လူတန်းသဖွယ်ပြု၍ သူကြီးဦးဖိုးနီအိမ်ရှေ့သို့ ချီတက်၍ ဆန္ဒဖော်ထုတ်မှုများ ပြုကြသည်။

အစကတော့ အလုပ်ရှိသူများက ယာထဲကိုင်းထဲဆင်း၍ အလုပ်လုပ်ကြပြီး အလုပ်ကို လက်ကြောမတင်းသူများကသာ မိမိနေအိမ်၌ မှောက်လျက်တစ်သွယ်၊ ပက်လက်တစ်ဖုံ စဉ်းစားအကြောင်းရှာပြီး အကြောင်းရင်းရပါက သူလိုကိုယ်လို အလုပ်လက်မဲ့များစုပြီး သူကြီးအိမ်ချီတက်ကာ ဆန္ဒဖော်ထုတ်ကြသော်လဲ ကြာလာလတ်သော် သူတို့၏ အပြောအဆိုကောင်းမှုဖြင့် နားယောင်ပြီး အချို့မှာ ရှိသော အလုပ်ကိုပစ်၍ ဆန္ဒဖော်ထုတ်ပွဲသို့ ယောင်ပေယောင်ပေ လိုက်ပါလာကြလေတော့သည်။

ယခင်ကတော့ ဆန္ဒပြလိုသော်လည်း ဆန္ဒပြရန် လူ့ကမရှိ အကြောင်းလဲမရှိ၍ အခက်ကြုံနေသော်လည်း ယခုတော့ ရှိစုမဲ့စု အကြောင်းအရာများထုတ်ကာ သူ့အလိုလို အသက်ကြီး၍ လူကြီးဖြစ်နေသော သူကြီးဖိုးနီဆီသာ ဦးတည်လာကြလေတော့သည်။ ဦးဖိုးနီကလဲ ရွာ၌ သူကြီးသာဖြစ်နေတာ၊ ဘာကိစ္စမှ မဖြေရှင်းရ၍ ရွာသားများမှာ ဖုတ်လေသည့်ငါးပိ ရှိတယ်လို့တောင် မထင်ရာမှ ယခုလို ဆန္ဒဖော်ထုတ်ပွဲများကို အရေးတယူလုပ် တင်ပြလာသည့်အခါ ဖြေရှင်းပေးနေရ



www.burmeseclassic.com

www.burmeseclassic.com



သည်ကို ပထမတော့ ပျော်မိသေးသည်။

"ငါဖြေရှင်းပေးလိုက်လို့ ဒီကိစ္စပြီးသွားတာ"

ဆိုကာ ဘဝင်ခိုက်မိသေး၏။ သို့သော် ဖြေရှင်းပေးရ များလာသောအခါ၌ စိတ်ထဲ၌ ညစ်ညူးလာသည်။

တစ်နေ့တစ်နေ့ အိမ်ရှေ့ထိုင်ရင်း ဒီနေ့လဲ ဘာတွေဆန္ဒဖော်ထုတ်ကြမလဲ ဟူသောစိတ်နှင့် တထိတ်ထိတ် ဖြစ်နေရရှာသည်။

သူရင်ထိတ်လို့ မဆုံးပါ။ လာပါပြီ။

တစ်သက်လုံး မိန်းမလုပ်စာထိုင်စားနေသော ရာသက်ပန်အလုပ်လက်မဲ့ကြီး ဦးဘုန်းဦးဆောင်၍ သူ့လို အလုပ်လက်မဲ့တစ်စုနှင့် အလုပ်ရှိပါလျက် နားယောင်လွယ်သော လယ်သမား ယာသမားများ လက်သီးလက်မောင်းတန်း၍ ချီတက်လာကြသည်။ သူတို့နှုတ်ဖျားမှလဲ

"ဒီကိစ္စကို ဘယ်လိုဖြေရှင်းမလဲ၊ ဒီကိစ္စကို ဘယ်လိုဖြေရှင်းပေးမလဲ"

ထိုအသံများ ကြားသောအခါ သူကြီးမှာ သောက်နေသောအဖန်ခွက်ကလေးပင် တုန်ယင်နေပေတော့သည်။

လူတန်းကြီးကလဲ အားပါသော ခြေလှမ်းကြဲကြီးနှင့် သူကြီးဦးဖိုးနို၏အိမ်ထဲ လက်သီးလက်မောင်းတန်း၍ ဝင်ချလာလေတော့သည်။

"ဒီကိစ္စ ဘယ်လိုဖြေရှင်းပေးမလဲ၊ ဒီကိစ္စ ဘယ်လိုဖြေရှင်းပေးမလဲ"

သူကြီးရှေ့ရောက်သောအခါ လူတန်းကြီးရပ်သွားသည်။ ထိုတော့မှ ရာသက်ပန် အလုပ်လက်မဲ့ကြီး ဦးဘုန်းက ရှေ့ထွက်လာပြီး သူကြီးကို ဒေါနဲ့မောနဲ့ လက်ညှိုးငေါက်ငေါက်ထိုးကာ

"ဒီကိစ္စ ဘယ်လိုဖြေရှင်းပေးမလဲ၊ သူကြီးပြော"





သူ့စကားကို အနောက်မှ လူစုကလဲ သံယောင်လိုက်၍

"ဟုတ်တယ်၊ ဒီကိစ္စကို သူကြီးဖြေရှင်းပေး၊ သူကြီးမှာ တာဝန်ရှိတယ်"

"ဒီကိစ္စအတွက် တာဝန်ရှိတဲ့သူကြီး တာဝန်မပျက်ကွက်ပါနဲ့၊ ဖြေရှင်းပေးပါ"

"အမြန်ဆုံး ဖြေရှင်းပေးပါ"

အားလုံးက သူ့ကို လက်ညှိုးငေါက်ငေါက်ထိုးပြောတော့ သူကြီးကလဲ မျက်လုံးအပြူးသားနှင့် ကြောင်တက်တက်ဖြစ်ကာ

"ဟဲ့ နေကြပါဦး၊ ဘာကိစ္စမို့လို့ ငါက ဖြေရှင်းပေးရမှာလဲ၊ ရှင်းရှင်းလင်းလင်း ပြောပြပေးပါ"

သူ့စကားကို ရာသက်ပန်အလုပ်လက်မဲ့ကြီး (သူ့ကိုယ်သူတော့ ကျောမွဲကြီးတဲ့)ဦးဘုန်းက ရင်ကော့ကာ

"ကျုပ်တို့ရွာကချောင်းထဲမှာ ငါးပြေမတွေ ရှားပါးနေပြီ၊ ယခင်က တစ်နှစ်ကို ငါးပြေမ သုံးသောင်းနှစ်ထောင်ခြောက်ရာရှစ်ဆယ့်နှစ်ကောင် တက်ရာကနေ ဒီနှစ်မှာ နှစ်သောင်းကိုးထောင်ကိုးရာလေးဆယ့်နှစ်ကောင်ပဲ တက်တော့တယ်၊ ဒီစာရင်းဇယားအရဆိုရင် ဒီနှစ်မှာ ငါးပြေမ ရှားပါးနှုန်းဟာ တစ်နှစ်ကို နှစ်ထောင့်ခုနစ်ရာနဲ့လေးဆယ်ရှိနေပြီ၊ ဒီနှုန်းအတိုင်းသာ ငါးပြေမမျိုးပွားနှုန်း ဆက်ကျနေမယ်ဆိုရင် နောက်ခြောက်နှစ်ကြာရင် ကျုပ်တို့ချောင်းထဲမှာ အရင်ကပေါ်များခဲ့တဲ့ ငါးပြေမတွေဟာ မျိုးတုံးပျောက်ကွယ်သွားတော့မှာဖြစ်တယ်၊ ဒီကိစ္စကို သူကြီးဖြေရှင်းပေး၊ ဒါပဲ"

အလုပ်လက်မဲ့ကြီး ဦးဘုန်း၏ ချက်ကျလက်ကျ တင်ပြမှုကို သူ့နောက်က ဂယောင်များကလဲ လက်သီးလက်မောင်းတန်း၍

"ဟုတ်တယ်၊ ငါးပြေမတွေ မျိုးမတုံးရေး တို့အရေး"

"သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး တို့အရေး"



www.burmeseclassic.com

www.burmeseclassic.com



“မြစ်ချောင်းအင်းအိုင်သားငါးပေါများရေး တို့အရေး” စသည်ဖြင့် အားရပါးရ အော်ဟစ်ကြလေတော့သည်။ ဤမျှလောက် အသေးစိတ်တစ်ကောင်ချင်းဖမ်း၍ စာရင်းပြုစုနိုင်သော သူတို့၏ကျောမွဲကြီးဦးဘုန်း၏ ချက်ကျလက်ကျပုံကိုလဲ အားရကြ၍ ဖြစ်မည်။



ဆန္ဒပြမနေနဲ့လေ၊
ကိုယ့်ဟာသာကိုယ်
လမ်းဘေးကမြေကြီး
တစ်ယောက်တစ်ဆုပ်နှိုက်ပြီး
ဖို့လိုက်ရင်
ပြည့်နေပြီဟာကို
ဘာလို့
ဆန္ဒလာပြနေရတာလဲ

အော်သံများကြား သူကြီးခေါင်းကုတ်စဉ်းစားသည်။ ဘယ်လိုဖြေရှင်းပေးရမည်ကို အကြပ်တွေ့နေပုံရ၏။ သူကြီးအကြပ်တွေ့လေ ရွာသားများ ‘တို့အရေး’ပိုအော်၍ ကောင်းလေ ဖြစ်လေသည်။ အတန်ကြာမှ သူကြီးက ခေါင်းကုတ်ပြီး

“ငါက ငါးပြေမမှ မဟုတ်တာ”

“အုမ်”

သူကြီးစကားကြောင့် ဆန္ဒပြသူအားလုံးကြောင်ပြီး ငြိမ်သွားသည်။ သူကြီးက ဝေ့ကြည့်ပြီး

“ဟုတ်တယ်လေ၊ ငါက ငါးပြေမဆိုလဲ ဝိုင်းဥပေးပါတယ်၊ အခုဟာက ငါက မျိုးပွားနှုန်းများ





အောင် ဝိုင်းဥပေးလို့မှ မရတာ၊ မင်းတို့ဆန္ဒပြချင်ရင် ငါးပြေမတွေကို သွားဆန္ဒပြကြလေ”

“အုမ်”

အားလုံးအသံတိတ်ကုန်၏။ ဟုတ်သား။ ငါးပြေမက သူ့ဘာသာသူ ဥမဥတာ သူကြီးနှင့် ဘာဆိုင်တာမှတ်လို့။

ကျော်မွဲကြီးဦးဘုန်း သက်ပြင်းချရင်း

“နည်းနည်းမှားသွားတယ်၊ ကဲ ပြန်မယ်”

ဆိုကာ လှည့်ပြန်သွားသည်။ သူ့နောက်က တို့အရေးအော်သူများကလဲ ကုပ်ချောင်းချောင်းနှင့် ပြန်ပါသွားကြလေသည်။

ဤသို့ပင် နေ့စဉ်နှင့်အမျှ အရေးမပါသောကိစ္စများကို ဖြေရှင်းပေးနေရသည်မှာမနည်း။

သူကြီး သက်ပြင်းချရင်း အဖန်ခွက်ကို လှမ်းကိုင်လိုက်သည်။

“ဒီကိစ္စ ဘယ်လိုဖြေရှင်းပေးမလဲ၊ ဒီကိစ္စဘယ်လိုဖြေရှင်းပေးမလဲ”

အော်သံများကြောင့် သူကြီး တုန်တက်သွားပြန်သည်။

ခုနက ကျောမွဲကြီးဦးဘုန်းဦးဆောင်သော လူတန်းကြီးမှာ လက်သီးလက်မောင်းတန်း၍ ပြန်ရောက်လာပြန်သည်။

“ဒီကိစ္စကို ဘယ်လိုဖြေရှင်းပေးမလဲ၊ ဒီကိစ္စကို ဘယ်လိုဖြေရှင်းပေးမလဲ”

သူကြီးကို လက်ညှိုးငေါက်ငေါက်ထိုး၍ ဒေါနှင့်မောနှင့်ပြောသည်။ သူကြီးခမျာလဲ ကြောင်တက်တက်နှင့်

“ဘယ်ကိစ္စဖြစ်ပြန်လို့ ငါက ဘာကိုဖြေရှင်းပေးရမလဲ”

ကျောမွဲကြီးဦးဘုန်း ပုဆိုးပြင်ဝတ်ရင်း

“ခုနက ငါးပြေမလို ဥမဥနိုင်တာ အပြစ်မပြောဘူး ရှော်ပေးလိုက်မယ်၊ ဒါပေမယ့် အခု ရွာထိပ်မှာ နှစ်ပေတိတိ လမ်းပျက်နေတာ



www.burmeseclassic.com

www.burmeseclassic.com



က ဘယ်သူတာဝန် ယူမှာလဲ၊ ဒီအတိုင်းသာ လမ်းကိုမပြင်ဘဲထားရင် နောင်ခြောက်နှစ်ကြာရင် ဒီလမ်းကြီး ဘယ်လိုဆက်ဖြစ်သွားမလဲ တွေးကြည့်ပါ၊ ဦးနှောက်ရှိရင် ရွာသူရွာသားတွေဖက် ငဲ့ကွက်ပြီး တွေးကြည့်လိုက်ပါ၊ တွေးကြည့်လိုက်ပါ"

သူ့နောက်ကလူများကလဲ ကျောမွဲကြီးစကား အားရပြီး

"ဟုတ်တယ်၊ သဘာဝပတ်ဝန်းကျင် မထိန်းသိမ်းရင်နေပါ၊ ရပ်ရွာဖွံ့ဖြိုးတိုးတက်ဖို့ကိုတော့ လျစ်လျူမရှုသင့်ဘူး"

"တို့ရွာဖွံ့ဖြိုးတိုးတက်ရေး တို့အရေး"

စသည်ဖြင့် ထအော်ကြပြန်သည်။

သူကြီးဦးဖိုးနီလဲ ခေါင်းကုတ်ပြန်သည်။ အတန်ကြာမှ

"နေပါဦး၊ လမ်းပျက်တာက ဘယ်နှပေ"

ဦးဘုန်းက လက်နှစ်ချောင်းကို အားရပါးရထောင်ပြီး

"နှစ်ပေတိတိ"

သူကြီး အားလုံးကိုဝေ့ကြည့်ကာ

"မင်းတို့ဆန္ဒပြတာ၊ လူဘယ်နှယောက်လဲ"

"မကျေနပ်လို့ ဆန္ဒပြတာ ငါးဆယ်ကျော်"

"အေးလေ၊ ဒါဆို ဆန္ဒပြမနေနဲ့လေ၊ ကိုယ့်ဘာသာကိုယ် လမ်းဘေးကမြေကြီး တစ်ယောက်တစ်ဆုပ်နှိုက်ပြီး ဖို့လိုက်ရင် ပြည့်နေပြီဟာကို ဘာလို့ ဆန္ဒလာပြနေရတာလဲ"

"အွန်"

အားလုံးငြိမ်ကုတ်ကာ တစ်ယောက်မျက်နှာတစ်ယောက် ပြန်ကြည့်ကြသည်။ ဟုတ်သား။ လမ်းလေးနှစ်ပေပျက်တာ မြေဖို့လိုက်ရင် ပြီးနေတဲ့ဟာကို။

ကျောမွဲကြီးတို့အဖွဲ့လဲ ရှက်ကိုးရှက်ကန်းနှင့်

"အေး ဒီကိစ္စတော့ ခွင့်လွှတ်လိုက်မယ်၊ နောက်တစ်ခါဆို





ခွင့်မလွှတ်ဘူး၊ ရဲဘော်တို့ပြန်မယ်"

ကုတ်ချိကုတ်ချိနှင့် ပြန်သွားကြပြန်သည်။ သူတို့ကိုကြည့်၍ သူကြီးက

"ဟုတ်တယ်လေ၊ ကိုယ့်လမ်းမှကိုယ် မပြင်ရင် ဘယ်မအေ့လင်က ပြင်ပေးမှာလဲ၊ ကန်တော့ပါရဲ့"

ရေရွှတ်ရင်း အဖန်ရေခွက်ကို လက်ကမ်းလိုက်သည်။ ထိုစဉ်မှာပင်

"ဒီကိစ္စကို ဘယ်လိုဖြေရှင်းမလဲ၊ ဒီကိစ္စကို ဘယ်လိုဖြေရှင်းမလဲ"

လာပြန်ပြီ။ ကျောမွဲကြီးဦးဘုန်းတို့လူစုပင်။ လက်သီးလက်မောင်းတန်းရင်း သူကြီးအိမ်ထဲ ရောက်လာပြန်သည်။ သူကြီးလဲ စိတ်ညစ်ပြီး

"လာပြန်ပြီ၊ ဘာဖြစ်လာရပြန်တာလဲ"

သူကြီးအမေးကို ဦးဘုန်းက

"ကျေးရွာက ကလေးတွေ ဝမ်းချုပ်ကုန်ကြပြီ၊ ဒီပုံအတိုင်းဆို မကြာခင် ကလေးအမေတွေဝမ်းချုပ်မယ်၊ ပြီးရင် လူကြီးတွေပါ ဝမ်းချုပ်ပြီး ရွာကြီးမှာ ဝမ်းချုပ်သေတဲ့မသာ နည်းမှာမဟုတ်ဘူး၊ ဒီအတွက် သူကြီးအနေနဲ့ ကိုယ့်ကျေးရွာကို ကျန်းမာရေးအစောင့်အရှောက်မှ မပေးနိုင်ရင် ဘယ်လိုလုပ်မလဲ၊ ကျုပ်တို့ရွာကြီး ပျက်စီးကုန်တော့မယ်၊ ပျက်စီးကုန်တော့မယ်"

သူ့စကားကို ဂယောင်တစ်စုကလဲ

"လူငယ်များ ကျန်းမာရေး တို့အရေး၊ ကလေးများ ဝမ်းမချုပ်ရေး တို့အရေး"

စသည်ဖြင့် ထအော်ကြပြန်သည်။ သူကြီးက သက်ပြင်းချရင်း ခြံထောင့်လက်ညှိုးထိုးကာ



www.burmeseclassic.com

www.burmeseclassic.com



"ဟိုးမှာတွေ့လား သင်္ဘောပင်"

"တွေ့တယ်လေ၊ ဘာဖြစ်လဲ"

"အေး အဲဒီသင်္ဘောပင်က သင်္ဘောရိုးကိုချိုး၊ ကလေးတွေဖင်ထဲ ထိုးပြီးဝမ်းချုလိုက်၊ ဒါဆိုရပြီ၊ ဘယ့်နှယ်ကွာ မင်းတို့ကလေးဝမ်းချုပ်တာကအစ သူကြီးက လိုက်ပြီးဝမ်းချုပေးရမှာလား၊ ဆန္ဒပြတာကလဲ လွန်လွန်းလာပြီ"

သူကြီးစကားကို ကျောမွဲကြီးဦးဘုန်းက ရှက်ကိုးရှက်ကန်းနှင့်လက်သီးလက်မောင်းတန်း၍

"ဘာဖြစ်လဲဗျ၊ လွတ်လပ်ပွင့်လင်းတဲ့ခေတ်မှာ လူတိုင်း လွတ်လပ်ပွင့်လင်း ပြောဆိုပိုင်ခွင့်ရှိတယ်၊ လွတ်လပ်စွာ ဆန္ဒထုတ်ဖော်ခွင့်ရှိတယ်၊ ဒါပဲ"

သူ့စကားကို နောက်လိုက်ဂယောင်များကလဲ

"ဟုတ်တယ်၊ လွတ်လပ်စွာ ဆန္ဒထုတ်ဖော်ကြမယ်"

"လွတ်လပ်စွာ ပြောဆိုဆန္ဒပြကြမယ်၊ မှန်တယ်"

"ရှီး ဖြောင်း ဖြောင်း"

စသည်ဖြင့် ဖြစ်လာတော့ သူကြီးဦးဖိုးနီလဲ သည်းမခံနိုင်တော့။

"ဩော် မင်းတို့က လွတ်လပ်စွာ ဆန္ဒထုတ်ဖော်ခွင့်ရှိတယ်ဟုတ်လား"

"ဟုတ်တယ်၊ လွတ်လပ်စွာ ဆန္ဒထုတ်ဖော်ကြမယ်"

"အေး ဒါဖြင့် မင်းတို့လဲ သိထားရမှာက လွတ်လပ်မြင်သာတဲ့ခေတ်မှာ ငါလဲ လွတ်လပ်စွာရမ်းကားခွင့်ရှိတယ်ကွ၊ မင်းတို့ ခဏစောင့်"

ဆိုကာ အိမ်ပေါ်ကို ပြေးတက်သွား နှစ်လုံးပြူးကြီးဆွဲကာ

"ဟောဒီမှာ ဘာလဲတွေ့လား၊ ငါလဲ လွတ်လပ်စွာ ရမ်းကား





ပြီဟေ့"

ဟု နှစ်လုံးပြူးသေနတ်ကို မိုးပေါ်ထောင်၍ ဒိန်းခနဲ ဆော်လွှတ်လိုက်ရာ ဆန္ဒဖော်ထုတ်သူများမှာ ဖရိုဖရဲနှင့် သူ့ကိုကိုယ်နင်း၊ ကိုယ့်ကိုသူနင်းနှင့် ခွေးပြေးဝက်ပြေး ထွက်ပြေးကြရလေတော့သည်။

ဟုတ်ပါ့၊ တစ်ရွာလုံးမှာ သေနတ်ရှိတာဆိုလို့ သူကြီးတစ်ဦးရှိတာကိုး။ သူလဲ အများနည်းတူ လွတ်လပ်စွာရမ်းကားမှဖြင့်။

ခလောက်နီကျေးရွာတွင်ဖြစ်သည်။

× × ×



www.burmeseclassic.com

www.burmeseclassic.com



ခလောက်နီကျေးရွာတွင်ဖြစ်သည်။

မြို့ရွာများနှင့် ရင်ဘောင်တန်းနိုင်အောင် ဆန္ဒဖော်ထုတ်ပွဲများ များပြားလာသောအခါ စိတ်ဓာတ်ရေးရာဖွံ့ဖြိုးတိုးတက်လှသော ခလောက်နီကျေးရွာ၌ ဤသည်အများ ပေါ်ပေါက်လာတော့၏။

ထိုစနစ်ကို စတင်တီထွင်လိုက်သည်မှာ တစ်သက်လုံးမှိုခိုအဖြစ် နေခဲ့သော အလုပ်လက်မဲ့ကြီး ဦးဘုန်းဖြစ်သည်။ သူကား တစ်သက်လုံး အလုပ်မရှိဘဲ အိမ်၌ပင် သူကျော်ပြားကြီးကို မှောက်လိုက်လှန်လိုက်နှင့် ပြုရင်းကာမှ လွယ်ကူစွာငွေရနည်းကို ခေတ်နှင့်အညီ





စဉ်းစားမိခြင်းဖြစ်သည်။

ထိုသို့ ခေတ်နှင့်အညီ သမာအာဇီဝနှင့် ငွေရနည်းကို စဉ်းစားမိပြီးသည်နှင့် အများမဦးနိုင်အောင် အိမ်ရှေ့၌ရှိသော အကြွေးစာရင်းမှတ်သောဘုတ်ပေါ်၌ မိန်းမရစရာရှိသော ဆယ်ဂဏန်း ရာဂဏန်း စာရင်းများကိုဖျက်၍ ဤနှယ်ရေးသားလိုက်သည်။

ဆန္ဒဖော်ထုတ်လိုသူများအတွက် ဝမ်းမြောက်ဖွယ်သတင်းကောင်း

သင့်တွင် ဆန္ဒရှိရန်သာလိုသည်။ သင့်ဆန္ဒကို ဖော်ထုတ်ရန်အတွက် ကျွန်ုပ်တို့မှာ လူအင်အားရှိသည်။

ကိုယ့်ထမင်းကိုယ်စား စားစရိတ်ငြိမ်း လူတစ်ကိုယ်(၄၀၀၀)

ဆန္ဒရှင်မှ ထမင်းကျွေး၊ လူတစ်ကိုယ် (၃၀၀၀)

ကလေးနှင့်လူအိုကြီးများ ညှိနှိုင်းရေး။

ထိုသို့ဆိုင်းဘုတ်တင်လိုက်သည်နှင့် သူတို့နဘေးအိမ်က သူနှင့် လုပ်ငန်းတူ အလုပ်လက်မဲ့ကြီး ဦးဖောင်းကလဲ ချက်ချင်းထ၍ ဆိုင်းဘုတ်တင်ပြန်သည်။

သင်သာဆန္ဒဖော်ထုတ်လိုပါက အမြန်ဆက်သွယ်ပါ။

လိုအပ်သောကြွေးကြော်သံများ၊ ဆိုင်းဘုတ်များ အသင့်ရေးပြီးသားကအစ လိုအပ်သလောက် ရနိုင်ပါသည်။

အရွယ်အစား အမျိုးမျိုး ၊ အကြောင်းအရာအမျိုးမျိုးကို လက်ကိုင်ဘီနိုင်းဘုတ်မှအစ စိတ်တိုင်းကျမှာယူနိုင်ပါသည်။

ခမောက်၊ တူညီဝတ်စုံ၊ သက်နိုးအစရှိသော ဆန္ဒဖော်ထုတ်ရန်အတွက် လိုအပ်သမျှ ရေသန့်ဘူးနှင့် ထမင်းထုပ်ပါမကျန် တစ်နေ့ရာတည်း တပေါင်းတစည်းတည်း ရနိုင်ပါသည်။

ထိုသို့ အလုပ်လက်မဲ့ကြီးဦးဖောင်း ဆိုင်းဘုတ်တင်လိုက်သည်နှင့် သူတို့နှယ် အလုပ်လက်မဲ့လူမိုက်ကြီးစံသီးကလဲမနေ၊ ၎င်းအိမ်ရှေ့ ဆိုင်းဘုတ်တင်ပြန်သည်။

အရေးအခင်းဖြစ်လို့ စိတ်ညစ်နေပါသလား။ ကျွန်ုပ်နှင့် ဆက်သွယ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



အနုနည်း၊ အကြမ်းနည်း၊ ခြိမ်းခြောက်နည်း၊ အချင်းချင်းရန်ဖြစ်၍ ပြိုကွဲ ပျက်ဆီးနည်းအပြင် အခြားသော နည်းပေါင်းစုံနှင့် ပိုင်ပိုင်နိုင်နိုင် နှိမ်နင်းပေးမည်။

လူတစ်ကိုယ်(၃၀၀၀)၊ ကိုယ်ပိုင်လက်နက်၊ ကျင်ကလိမှုစ၍ ပါဝင်ပြီး အပြီးအစီး လိုအပ်သောလူအရေအတွက်ရမည်။

ထမင်းကျွေးရန်မလို၊ လိုအပ်သော လိုချင်သော ဒင်္ဂါးအတိုင်း အတိကျဆုံး ရစေရမည်။ ဝါရင့်နှိမ်နင်းသမားများပါ၍ စိတ်ချရစေရမည်။

လိုအပ်သောဒင်္ဂါး မဖြစ်ပါက ငွေပြန်အမ်းမည်။

လူမိုက်ကြီးစံသိး ဆိုင်းဘုတ်တင်လိုက်သည်နှင့် နွားခိုးထောင် ထွက်ကြီး ဦးပေါကလဲ ဆိုင်းဘုတ်တင်ပြန်သည်။

ဆန္ဒပြပွဲ၌ အဖမ်းခံရပြီး ထောင်တွင်းမှာ အဆောင်ကောင်း အခန်းကောင်း နေရာကောင်း ရလိုပါသလား၊ အမြန်ဆက်သွယ်ပါ။

ခေတ်အဆက်ဆက် အမြဲမပြတ် အနယ်နယ်ထောင်ကြီး၊ ထောင်လတ်၊ ထောင်ငယ်ပေါင်း မြောက်မြားစွာ အမှုမျိုးစုံနှင့် ထောင်ကျဖူးသူဖြစ်၍ အတွေ့အကြုံရင့်ကျက်မှုရှိသည်။

သင်ထောင်ထဲရောက်ပါက ကြမ်းပိုးမကိုက်သော အဆောင် ဖြစ်ရမည်။ အမျှားထက် ရေနစ်ခွက် ပိုချိုးရမည်။ ထောင်သို့အသွား လမ်းမလျှောက်ရအောင် ဖဆိုးကားစီစဉ်ပေးမည်။

ဆန္ဒဖော်ထုတ်၍ ထောင်စော်နံပြီလား။ အမြန်ဆက်သွယ်လိုက်ပါ။

ထိုသို့ဆိုင်းဘုတ်များ တင်လာသောအခါ အားကစားကွာနယ် နှစ်စောင်တိတိ ဖတ်ဖူးပြီး စီရော်လ်နယ်ဒိုကို နာမည်မှန်အောင် ခေါ် တတ်သော စာတတ်ပေတတ်ကြီး ဦးဖိုးဖြူကလဲ ဆိုင်းဘုတ်တင်ပြန် သည်။

ထောင်ကပြန်ထွက်ပြီး ယောင်ပေယောင်ပေ ဖြစ်နေသလား။ မပူပါနှင့်။ ထောင်တွင်းအတွေ့အကြုံများ(သို့မဟုတ်)ရဲ့လမ်းမှအပြန် (သို့)ခရောင်းလမ်းမှ ရဲအော်ရဲဘက် စသည့်နာမည်မျိုးစုံနှင့် ဘုတ်အုပ်ထုတ်ပေးမည်။

သင်ထောင်ကျဖူးဖို့သာလိုသည်။ ဘုတ်အုပ်ဖြစ်ဖို့ ကျွန်ုပ် တာဝန်။

စသည်စသည်ဖြင့် ဆိုင်းဘုတ်များ၊ ရွာအနှံ့ပေါ် လာသောအခါ





ရွာသားများလဲ အလုပ်မလုပ်ကြတော့။ သူ့ကို လာခေါ်နိုး၊ ကိုယ့်ကိုလာ ခေါ်နိုးနှင့် ယောင်ပေပေဖြစ်လာကြသည်။ သူတို့ခမျာ ဆန္ဒဖော်ထုတ် သည့်ဖက်က လိုက်ရမလား၊ ဆန္ဒဖော်ထုတ်သူများ နှိမ်နင်းသည့်ဖက် က ပါရနိုင်လားနှင့် ရင်တဖိုဖိုနှင့် စုရုံးနေကြလေတော့သည်။

ဤသည်ကိုသိသော ဆရာတော်မှာ မတတ်သာသည့်အဆုံး ဆိုင်းဘုတ်တစ်ခု မဖြစ်မနေ တင်ရပြန်တော့သည်။

ဆရာတော်ဆိုင်းဘုတ်က ဤနှယ်။

ဆရာတော်ကြိမ်လုံး အကြောင်း(၃)ပါး မရွေးဘူးကွ၊ အခုတင်ထားတဲ့ ဆိုင်းဘုတ် တွေဖြုတ်မချရင် အိမ်တိုင်ရာရောက် အခမဲ့ ဓမ္မဟောပြီး လာရောက်ပြီး ကျောပြင်ထော့တင်ပေးမည်။

တစ်၊ နှစ်

သုံးပင် မရေးလိုက်ရ။ ရွာရှိဆိုင်းဘုတ်များ အလျှိုလျှိုပြန် ပျောက်သွားကြလေတော့သည်။

ခလောက်နီကျေးရွာတွင်ဖြစ်သည်။

× × ×



www.burmeseclassic.com

www.burmeseclassic.com



# ခလောက်နီ

ခလောက်နီကျေးရွာတွင်ဖြစ်သည်။

ခလောက်နီရွာသား မောင်ကျော်ကြားမှာ အလွန်အကြွားထူသူဖြစ်၏။ သူ့တွင် စက်ဘီးရှိလျှင် ဆိုင်ကယ်ဖြစ်အောင်ပြောသည်။ သူ့တွင် ထော်လာဂျီရှိလျှင် ပါဂျဲရိုးဖြစ်အောင် ပြောနိုင်သူဖြစ်သည်။

ယုတ်စွအဆုံး သူ့မိန်းမဂွတိုမကိုပင် နတ်သမီးတမျှ လှသလောက် ပြောနိုင်စွမ်းရှိသည်။

သူသည် မြို့ကြီးသို့အရောက်အပေါက်လဲများသူမို့ ဘယ်နေရာတွင် ဘာရပြီး ဘယ်နေရာတွင် ဘာပစ္စည်းတွေ ပေါချောင်ကောင်းရနိုင်သည်ကိုသိသည်။





ယခုလဲ မြို့သို့ရောက်တုန်းရောက်ခိုက် ကျွန်တော့်ကိုခေါ်ပြီး သူတို့အိမ်တွင် အသုံးလိုသော ဒီဗီဒီစက်နှင့် ဆောင်းဘောက်(စ်) လိုချင်ကြောင်းပြော၍ အဖော်အဖြစ်လိုက်ပေးခဲ့ရခြင်းဖြစ်၏။

သူနှင့်ကျွန်တော် ပလာဇာအနှံ့ လိုက်လံကြည့်ရှုပြီးသောအခါ ဈေးသင့်၍ ပစ္စည်းစုံမည်ထင်သော ဆိုင်တစ်ဆိုင်ကို ရွေးဝင်လိုက်သည်။

"ဒါကတော့ ဂျပန်စက်ပေါ့၊ အသံထွက်ကောင်းတယ်၊ အကြမ်းလဲခံတယ်၊ စပီကာကအစ တုန်ခါမှုမရှိတော့ အသံထွက်ကြည်တယ်၊ လူကြိုက်များတယ်"

သေးသွယ်သော ဒီဗီဒီစက်နှင့် ဆောင်းဘောက်(စ်)ကို ဈေးသည်က ထုတ်ပြ၏။ ပုံစံကလေးက မဆိုးလှပါ။ သေးငယ်သော်လည်း ကျစ်ကျစ်လျစ်လျစ်နှင့်မို့ မာရေကိုမြင်နေရသည်။

"ဈေးနှုန်းကရော"

ကျွန်တော့်အမေးကို ဈေးသည်က

"သုံးသောင်းခွဲပါခင်ဗျ၊ တစ်နှစ်အာမခံပါတယ်၊ တစ်နှစ်အတွင်း သဘာဝအတိုင်း ပျက်စီးခဲ့ရင် ဒီကနေ အသစ်တစ်လုံး ပြန်လဲပေးပါတယ်"

ဂရမ်တီကဒ်လဲပါ၍ ကျွန်တော် လွန်စွာသဘောကျသွားသည်။ ရေရှည်သုံးလျှင် အသုံးခံမည့်စက်ကိုး။ ဒါကို မောင်ကျော်ကြားက သိပ်မကြိုက်။ နောက်တစ်လုံးပြခိုင်း၏။

"ဒါက ကိုရီးယားစက်ပါ၊ သူလဲ လူသုံးများပြီး အကြမ်းခံပါတယ်"

စက်က ကိုရီးယားနာမည်ကြီး တံဆိပ်တစ်ခုပါ၊ ဂျပန်စက်ထက် အနည်းငယ်ပိုကြီးပြီး အရောင်အသွေး ပိုစုံနေသည်ကို တွေ့ရသည်။ သို့သော် ကြည့်ရတာက ဂျပန်စက်လောက် အားမရှိ။ အနည်း



www.burmeseclassic.com

www.burmeseclassic.com



ငယ်ပိုကြီးပြီး 'ဖွယ်'နေသယောင် ထင်ရ၏။

"ဈေးနှုန်းကရော"

"သုံးသောင်းပါခင်ဗျ၊ ခြောက်လအာမခံပါတယ်၊ ခြောက်လအတွင်း ပျက်စီးမှုဖြစ်ခဲ့ရင် အသစ်ပြန်လဲပေးပါတယ်"

သူ့ဈေးနှင့် သူ့ပစ္စည်း မဆိုးဘူးဟုပင် သတ်မှတ်ရပေမည်။ ဥပမာ တစ်နှစ်သုံးရစေဦး။ ဒီစက်အတွက် တစ်နေ့ တစ်ဆယ်ပင်မကျ။ သုံးမယ်ဆို သုံးပျော်သောအဆင့်။

ဒါကို မောင်ကျော်ကြား က မကြိုက်သေး။

"စက်တွေရှိရင် ထပ်ပြပါဦး"

ဟု စေ့ဒကတက်၏။ နောက်ဆုံး ဈေးသည်က ပုံးကြီးတစ်ပုံး မ,လာ၏။ ပုံးကြီးကို ဖွင့်ချလိုက်သောအခါ အရောင်အသွေး ပြိုးပြိုးပြက်ပြက်နှင့် ထင်သည်ထက် ကြီးမားနေသော စက်တစ်လုံးထွက်လာ၏။

"ဒါကတော့ တရုတ်စက်



ဆိုနီတံဆိပ်ကပ်ရင်
ဆိုနီဖြစ်နေတဲ့လူတွေ
ဆိုနီအခြေအနေမကောင်းလို့
အဲပ်ပဲ(လ်) ခေတ်မှာ
အဲပ်ပဲ(လ်)တံဆိပ်ကပ်ရင်
အဲပ်ပဲ(လ်)ဖြစ်ရတဲ့
လူပန်းသီးတွေ





ပါ၊ အာမခံကဒ်တော့ မပါပါဘူး၊ ဒါပေမယ့် အိမ်မှာထားမယ်ဆိုရင်တော့ ခန့်ခန့်ထည်ထည်နဲ့ ကြည့်လို့ပနာရပါတယ်၊ အချို့လဲ သုံးကြပါတယ်"

ထိုစက်ကြီးမြင်ရမှ အကြွားထူမောင်ကျော်ကြား အားရ[illegible]၏။

"ကဲ ဒါကြီးဖွင့်ပြပါဦး"

ဟုဆို၍ ဖွင့်ပြခိုင်း၏။

ဖွင့်လိုက်သောအခါ ရောင်စုံမီး ပြိုးပြိုးပြက်ပြက်နှင့် အလှူအိမ်ထက်ရောက်သွားသလို ပေါ်လာသည်။ ကြီးမားသော ဆောင်းဘောက်(စ်)ကြီးမှ တအုန်းအုန်းနှင့် တုန်ခါလောက်အောင်ထုနေတော့သည်။

ရွာသားမောင်ကျော်ကြား အားရပြီး

"ဈေးနှုန်းက ဘယ်လောက်လဲ"

"နှစ်သောင်းတည်းပါ၊ ဈေးသင့်ပါတယ်"

ဘာဖြစ်ဖြစ် ရွာမှာပြန်ကြွားရပြီးရောဆိုသော မောင်ကျော်ကြား ထိုစက်ကိုဝယ်ယူ၍ ငွေချေသည်။ ထိုတော့မှ စက်ကို အသေအချာကြည့်၍ သတိထားမိသည်။

"ဟော့ကောင် မင်း တရုတ်စက်က ဘာတံဆိပ်မှလဲ မပါပါ့လား၊ အရှင်းကြီးနော်"

ကျွန်တော့်အမေးကို ဈေးသည်က

"ဟုတ်ပါတယ်ခင်ဗျ၊ တရုတ်စက်တွေက ဒီအတိုင်းလာတာပါ၊ ဒါကြောင့်လဲ ဘယ်သူကမှ အာမ,မခံတာပါ၊ အဲ ဒါပေမယ့် ကျွန်တော်တို့ဆိုင်မှာ ကုန်ပစ္စည်းမဟုတ်ဘဲ တံဆိပ်ကြီးပဲ သီးသန့်ရှိပါတယ်ခင်ဗျ၊ ဒီစက်ရဲ့အားသာချက်က ပိုင်အိုးနီးယားတံဆိပ်ကပ်လိုက်ရင် ဒီစက်က ပိုင်အိုးနီးယားဖြစ်သွားပြီး ဆမ်ဆောင်းတံဆိပ်ကပ်လိုက်ရင်



www.burmeseclassic.com

www.burmeseclassic.com



ဆမ်ဆောင်းဖြစ်သွားပါတော့တယ်”

ဈေးသည်၏ရှင်းပြစကားကို မောင်ကျော်ကြား ဝမ်းသာသွားသည်။

“ဟန်ကျလိုက်လေဗျာ၊ ကျုပ်တို့ခလောက်နီရွာသားတွေက ဒီတရုတ်စက်နဲ့ တထပ်တည်းဗျ၊ တထေရာတည်းပဲ”

သူ့စကားကြောင့် မျက်မှောင်ကြုတ်မိ၏။

“ဘာလို့လဲကွ”

ကျွန်တော့်အမေးကို မောင်ကျော်ကြားက

“ဆရာပဲစဉ်းစားလေ၊ သူတို့စိတ်ထဲမှာ ဟောဒီဆောင်းဘောက်(စ်)ကြီးလို သံယောင်လိုက်ဖို့လောက်ပဲသိတယ်၊ အဲဒီတော့ သူတို့ခန္ဓာကိုယ်မှာ ဘာတံဆိပ်မှ မရှိဘူး၊ ဒါကြောင့် ဆိုနီတံဆိပ်ကပ်လိုက်၊ သူတို့ဆိုနီဖြစ်သွားရော၊ အဲ ဆိုနီ အခြေအနေမကောင်းလို့ အဲလ်ပဲ(လ်)တံဆိပ်ပြောင်းကပ်လိုက်၊ သူတို့အဲလ်ပဲ(လ်)ဖက်က ဝေးလေးဝါးလားလုပ်ဖို့ အဆင်သင့်ပဲဗျ၊ ဒါကြောင့် ကျုပ်တို့ခလောက်နီ ရွာသားများကို တရုတ်စက်နဲ့ တူတယ်လို့ပြောတာ”

သူပြောပြတော့လဲ နားထဲရှင်းသလို၊ မရှင်းသလို။ စိတ်ထဲမှာ သိနေတာတော့

“ဘာတံဆိပ်၊ ဘာရည်မှန်းချက်မှ မရှိတဲ့လူတွေ၊ ဆိုနီတံဆိပ်ကပ်ရင် ဆိုနီဖြစ်နေတဲ့လူတွေ၊ ဆိုနီအခြေအနေမကောင်းလို့ အဲလ်ပဲ(လ်)ခေတ်မှာ အဲလ်ပဲ(လ်)တံဆိပ်ကပ်ရင် အဲလ်ပဲ(လ်)ဖြစ်ရတဲ့ လူ့ပန်းသီးတွေ”

နောက်တစ်နေ့တွင် ရွာပြန်သွားသောမောင်ကျော်ကြား ဖုန်းဆက်လာသည်။

“ဆရာ တရုတ်စက်ဆိုတဲ့အတိုင်း တစ်ရက်တည်းနဲ့ စုတ်သွားပြီ”





ခြော် လူ့ဗလာကြီးပဲလေ။ တံဆိပ်တစ်ခုကပ်တိုင်း အဲဒီတံဆိပ်တကယ်ဖြစ်သွားမယ်ထင်လို့။ ဒေါင်းယောင်ဆောင်သောကျီးပုံပြင်တောင် သတိရရဲ့။

ခလောက်နီကျေးရွာမှဖြစ်သည်။

× × ×



www.burmeseclassic.com

www.burmeseclassic.com



# ခလောက်နီ

ခလောက်နီကျေးရွာတွင်ဖြစ်သည်။

ခလောက်နီရွာသား မောင်ကျော်ကြား၊ မြို့သို့ ဈေးဝယ်လာရင်း ကျွန်တော့်ဆီ မပျက်မကွက် အလည်ဝင်ခြင်းဖြစ်သည်။

"ကျေးရွာတွေမှာ လူကြီးတွေ ပြန်ရွေးတာ သိပ်ရယ်ရတယ်၊ အဲ ဆရာ့အနေနဲ့တော့ ရယ်ရမှာမဟုတ်ဘူး"

ထိုသို့ စကားစသည်နှင့် ကျွန်တော်ကလဲ စိတ်ဝင်စားစွာဖြင့်

"လုပ်စမ်းပါဦး၊ လူကြီးရွေးတာများ မင်းတို့





အတွက် ဘာများရယ်နေရလို့လဲကွ"

မောင်ကျော်ကြားမှ မျက်မှောင်ကြုတ်စဉ်းစားပြီး

"ကျွန်တော်တို့ရွာမှာတော့ မဟုတ်ပါဘူး၊ ကျွန်တော်တို့ရွာမှာက လက်ရှိသူကြီးဦးဖိုးနီကိုပဲ တစ်ရွာလုံး စိတ်တူကိုယ်တူ ပြန်တင်မြှောက်တော့ ဘာပြဿနာမှ မဖြစ်လိုက်ဘူး၊ အဲ တခြားရွာတွေကသာ"

လက်ရှိတစ်နိုင်ငံလုံး အတိုင်းအတာနှင့် စိတ်ဝင်စားနေကြသည့် အဖြစ်အပျက်မို့ ကျွန်တော်လဲ အားတက်သရောဖြင့်

"ဆိုစမ်းပါဦး၊ တခြားရွာတွေက ဘာဖြစ်ကြလို့လဲ"

ထုံးစံအတိုင်း မောင်ကျော်ကြားက မျက်မှောင်ကြုတ်စဉ်းစားပြီး

"ကျွန်တော်တို့ ရွာဘေးက ကြာကွင်းကြီးမှာ ဆရာရယ်"

ရွာခြင်းကပ်ဒေသကြီးမို့ တစ်ရွာက တစ်ခုခုဖြစ်လျှင် တစ်ရွာကသိကြသည်။

"ကြာကွင်းကြီးမှာ လူကြီးရွေးတော့ ရွာလူမိုက်ကြီး ဦးစံသီးဝင်အရွေးခံတယ်"

"အင်း"

"လူမိုက်ကြီးဦးစံသီးကလဲ နာမည်ကြီးလူမိုက်မို့ အခြေအရံနည်းနည်းရှိတာပေါ့"

"ဒါပေါ့"

"တပည့်တွေက မြှောက်ပေးတော့ ဦးစံသီးကလဲ မိုက်ဂုဏ်နဲ့ဝင်အရွေးခံတယ်၊ ဒါနဲ့ ရွာကလဲ၊ သူ လူကြီးဖြစ်မှာ စိုးရိမ်ကြတာပေါ့"

"စိုးရိမ်စရာပေါ့ကွာ၊ လူမိုက်က လူကြီးဖြစ်ရင် ဘယ်ကောင်းပါ့မလဲ"

"ရွာမှာကလဲ လူမိုက်နဲ့ဖက်ပြိုင်ချင်သူက မရှိတော့ သူပဲ လူကြီးဖြစ်မလို ဖြစ်လာတယ်"

"ဒါဆို"



www.burmeseclassic.com

"ဒါနဲ့ ရွာသားတွေစုပြီး တိုင်ပင်ကြတော့ အဖြေထွက်လာတယ်"

"ဘယ်လိုတုန်း"

"ရွာလူကြီးလုပ်ချင်သူ မရှိပေမယ့် ဒီရွာလူမိုက်ကြီး ဦးစံသီးနဲ့စာရင် အရူးကို ခေါင်းပေါင်းပေါင်းပေးပြီး ဝင်ပြိုင်ခိုင်းရင်တောင် နိုင်တယ်ဆိုပြီး ဖြစ်ကုန်ရော၊ ဒါနဲ့ပဲ ရွာက အရူးတစ်ယောက်ကို ခေါင်းပေါင်းပေါင်းခိုင်းပြီး ဝင်ပြိုင်ခိုင်းတော့တာ"



သူတို့ရွာကလဲ ဒီထောင်ထွက်နဲ့ဆို ဟိုဖက်ရွာတွေလို အရူးခေါင်းပေါင်းပေါင်းပြီး ဝင်ပြိုင်ခိုင်းတယ်

ကျွန်တော် စိတ်ဝင်စားသွားသည်။

"ဘယ်သူနိုင်တုန်းကွ"

ကျွန်တော့်အမေးကို မောင်ကျော်ကြားက ကွက်ခနဲကြည့်ပြီး

"အရူးနိုင်တာပေါ့ ဆရာကလဲ၊ လူမိုက်တော့ ဘယ်ရွေးမလဲ"

ဟုတ်သား။ မိမိတို့၏ သာယာသောကျေးရွာကို လူမိုက်တစ်ယောက်လက်ထဲ ထိုးအပ်မည့်အစား ဘာမှမသိသူကိုပင် ခေါင်းပေါင်းပေါင်း၍ ပြိုင်ခိုင်းလျှင်လဲ ထိုသူပင် နိုင်ပေလိမ့်မည်။

"ဒါကတော့ သဘာဝ





ကျသားကွ မောင်ကျော်ကြားရ"

မောင်ကျော်ကြားက ဝေ့ခနဲကြည့်ပြီး

"မြက်ချောင်းရွာမှာလဲ ဒီလိုပဲဖြစ်တာပဲ"

"ဘယ်လိုလဲကွ"

"မြက်ချောင်းရွာကလဲ နွားခိုးဦးဖိုးသံဝင်ပြိုင်တယ်"

"ဒီတော့"

"ဒီတော့ မြက်ချောင်းရွာကလဲ ကြာကွင်းကြီးမှာတောင် လူမိုက်နဲ့အရူးပြိုင်တာ၊ အရူးနိုင်တယ်ဆိုပြီး သူတို့ရွာကလဲ အဲ ဆရာသိပါတယ်၊ ရွှေထီးနဲ့အရူးလေ"

"အေး သိပ့ါ ဘဝင်ရူးမဟုတ်လား"

"ဟုတ်တယ် ဟုတ်တယ် ဆရာ၊ အဲဒီအရူးကို ခေါင်းပေါင်းပေါင်းခိုင်းပြီး ဝင်ပြိုင်ခိုင်းတာ"

"ဘယ်သူနိုင်တုန်းဟ"

"နွားခိုးက နိုင်မလားဆရာရဲ့၊ အရူးပဲနိုင်တာပေါ့"

"ဖြစ်ရမှာပေါ့လေ"

"ဒါတင်လားဆရာ၊ စာနီရွာမှာလဲ ထောင်ထွက်ဦးမိုး ဝင်ပြိုင်တယ်"

"ဝင်ပြိုင်တော့"

"သူတို့ရွာကလဲ ဒီထောင်ထွက်နဲ့ဆို ဟိုဖက်ရွာတွေလို အရူးခေါင်းပေါင်းပေါင်းပြီး ဝင်ပြိုင်ခိုင်းတယ်"

"နိုင်ပြန်ရောလား"

"နိုင်တာပေါ့ဆရာ၊ ထောင်ထွက်က လူမုန်းများလို့၊ ဒါတင်ဘယ်ကမလဲ ဘောနားက သရက်ချဉ်ရွာ၊ လေ့လှည့်ရွာ၊ ကသာဆန်းရွာ၊ သစ်ပင်လှရွာ၊ ကဒပ်ကျေးရွာ စသည်ဖြင့် ဒီနည်းအတိုင်း ပြိုင်ကြတာ"

"နိုင်ပြန်ရောလား"



www.burmeseclassic.com

www.burmeseclassic.com



"နိုင်တာပေါ့ဆရာ"

ကျွန်တော်စဉ်းစားမိသည်။ လူမုန်းများသူနှင့်စာလျှင် အရှုံးကို ခေါင်းပေါင်းပေါင်းပြီး ပြိုင်ခိုင်းတာကတောင် နိုင်သေးသည်ပဲ။ ဒါဆန်းသည်မှ မဟုတ်တာ။

"အေးပေါ့ကွာ၊ ဒါသဘာဝကျတာပဲ၊ ကိုယ့်ရဲ့ကျေးရွာများကို လူဆိုးလူမိုက် အုပ်ချုပ်ခိုင်းတာနဲ့စာရင် ဘယ်သူမှ မအုပ်ချုပ်တာက ပိုကောင်းသေး၊ ဒါနဲ့ ဘာပြဿနာရှိလို့လဲ"

"ပြဿနာ"

မောင်ကျော်ကြား သံယောင်လိုက်သည်။ ပြီးနောက် စဉ်းစားပြီး

"ရွာမှာတော့ ဘာပြဿနာမှ မရှိပါဘူး၊ အဲ ဒါပေမယ့်"

စကားစကိုဖြတ်သည်။ ကျွန်တော်က သိချင်စိတ်နဲ့

"ဆိုစမ်းပါဦးကွ"

မောင်ကျော်ကြား ခါးကိုမတ်ရင်း

"ရွာနီးချုပ်စပ်လူကြီးအားလုံး အစည်းအဝေးခေါ်လိုက်တာ"

"ခေါ်တော့"

"အစည်းအဝေးခန်းမမှာ ခေါင်းပေါင်းပေါင်းထားတဲ့ အရှုံးတွေက မနည်းကလား"

ကျွန်တော်လဲ စိတ်ဝင်စားစွာဖြင့်

"ဒါဖြင့် မင်းတို့သူကြီးဦးဖိုးနီကရော"

မောင်ကျော်ကြား ပြုံးရင်း

"သူလဲ ခေါင်းပေါင်းပေါင်းပြီး ရောကောသောကော နေရတာပေါ့ဗျာ"

ခလောက်နီကျေးရွာအုပ်စုတွင် ဖြစ်သည်။

× × ×





# ခလောက်နီ

ခလောက်နီကျေးရွာတွင်ဖြစ်သည်။

ယခင်က ဘာအမှတ်သညာမှ မရှိခဲ့သော ခလောက်နီကျေးရွာတွင် အထင်ကရ ရွာဆိုင်းဘုတ် စိုက်ထူရန် တိုင်ပင်ကြသည်။

"ရွာရဲ့ဆိုင်းဘုတ်မို့ အလေးမထားလို့ မရပါ၊ ပေဒင်၊ ဆန်းကျမ်းများအသေအချာ တွက်ချက်ပြီး လူအများ၏အလိုအရ အတိတ်ကောင်းနိမိတ်ကောင်းလဲ ဖြစ်စေရန် ရွာ၏အရှေ့ဖက် ရွာအဝင်ဝ၌သာ ဆိုင်းဘုတ် တင်သင့်ကြောင်း အဆိုတင်သွင်းရပါသည်"

ရွာဆိုင်းဘုတ်တင်ဖို့ကိုပင် ရေးကြီးခွင်ကျယ်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေကြ သည်။

"ရွာရဲ့ဆိုင်းဘုတ်မှို အရေးမထားလို့မရပါ။ ဗေဒင်ဆန်းကျမ်းများ အသေအချာတွက်ချက်ပြီး လူအများ၏အလိုအရ အတိတ်ကောင်းနိမိတ်ကောင်းလဲဖြစ်စေရန် ရွာ၏အရှေ့ဖက် ရွာအဝင်ဝ၌သာ ဆိုင်းဘုတ်တင်သင့်ကြောင်းအဆိုကို ထောက်ခံပါသည်"

ဤနှယ်ပွဲပြတ်၏။ အဆိုတင်သွင်းသူရော ထောက်ခံသူရော ရှိနေမှတော့ ဘာလိုအပ်တော့မည်နည်း။

သို့သော် လိုပါသေးသည်။

"ရွာရဲ့ဆိုင်းဘုတ်ဆိုသော်ငြား အမှတ်သညာဖြစ်စေရန်အတွက် အထင်ကရရုပ်ပုံတစ်ခု လိုအပ်လိမ့်ဦးမည်ဟု ထင်ပါသည်။ ဥပမာ အချို့ရွာများ၌ ခြင်္သေ့ရုပ်၊ အချို့ရွာများ၌ ဟင်္သာရုပ်၊ အချို့ရွာများ၌ ရဟန္တာရုပ်၊ ဘေးနားက မြင်းကဒပ်ရွာ၌ပင် ကဆုန်ပေါက်နေသော မြင်းရုပ် စသည် စသည်များဖြင့် အမှတ်အသားပြုကြ၍ ကျွန်ုပ်တို့၏ ခလောက်နီရွာ၌လည်း ထိုနှယ် အထင်ကရရုပ်တစ်ခုခု ပြုမှသာလျှင် ခန့်ညားမည်ဖြစ်ကြောင်း တင်ပြအပ်ပါသည်ခင်ဗျား"

ရွာ၌ စည်းရိုးပင်မရှိ။ သို့ငြား အထင်ကရ အရုပ်တစ်ခုနှင့် ကိုယ်စားက ပြုချင်သေး။ သို့သော် ထိုနည်းမှ သင့်တင့်လျောက်ပတ်သည်မို့ အားလုံးလက်ခံလိုက်ကြသည်။ ဤသို့ဖြင့် ရွာအဝင်ဆိုင်းဘုတ်၌ အထင်အရှား အမှတ်အသားပြုရန် အရုပ်ရွေးကြသည်။

"ခလောက်နီရွာမှာ သူကြီး ငယ်စဉ်က ဖခင်၏ကျွဲတစ်ရှဉ်း လက်ဖွဲ့ပေးရာမှ ပါလာသော ခလောက်ကို အစွဲပြုမှည့်ခေါ်ခဲ့သည့်အတွက် ရွာအဝင်ဝ၌ ခလောက်ဆွဲထားသော ကျွဲရုပ်ပြုလုပ်ပါက သင့်တော်ပါကြောင်း"

အချို့က အဆိုပြုကြသည်။ အချို့ကမူ

"သူကြီးအား လက်ဖွဲ့ပေးခဲ့သော ခလောက်နီကို အစွဲပြု၍





ရွာအမည်မှည့်ခဲ့သည်မှာမှန်သည်၊ သို့ငြား ရွာသို့ဝင်လိုက်သည်နှင့် မြင်လိုက်ရသော ကျွဲရုပ်မှာ ပဿာဒ ဖြစ်မည်မဟုတ်။ ထို့အပြင် ရွာဖြတ်သွားသူများက ထိုကျွဲရုပ်ကို ကြည့်၍ ဤရွာမှာ ကျွဲကိုးကွယ်ကြသောရွာလားဟု သမုတ်ခံရလျှင် ဆိုဖွယ်မရှိတော့။ ထို့ကြောင့် ရွာထိပ်ဆိုင်းဘုတ်၌ ကျွဲရုပ်လုပ်ခြင်းကို ကန့်ကွက်ပါကြောင်း"

အချို့ကလဲ ဆိုပြန်၏။

"ရွာအဝင်ဝ၌ ကျွဲရုပ်ထားခြင်းဖြင့် ဒီရွာနေလူများ ကျွဲမျှသာ အဆင့်ရှိသည်ဟု အထင်ရောက်ခဲ့သော် ခံနိုင်ဖွယ်မရှိ၊ ထို့ကြောင့် ကျွဲရုပ်အဆိုကို ကန့်ကွက်ခြင်းကို ထောက်ခံပါကြောင်း"

ရွာလူများ ဆိုင်းဘုတ်တင်ရန် အခက်ကြုံနေ၏။ အချို့ကလဲ

"ဒါဖြင့် အင်အားကြီးမားသော ဆင်ရုပ်ပြုလျှင်ရော"

"အမြင်မတော် ဆင်တော်နဲ့ခလောက်ဆိုသော ဆိုရိုးရှိ၍ ဆင်ရုပ်နှင့်ခလောက်နီ မသင့်တော်ပါ



ခွပ်ဒေါင်းက
မာန်ပါပါခွပ်ချင်ပါရဲ့
ဒါပေမယ့်
ဟည်ပင်းမှာ
သူနှင့်အဆမတန်ကြီးသော
ဆိုင်းဘုတ်ကြီးဆွဲထား၍
ထခွပ်ဖို့မပြောနှင့်၊



www.burmeseclassic.com

www.burmeseclassic.com



ကြောင်း၊ ထို့အပြင် ဆင်ရုပ်ဆိုသော် ကြီးမှ ဂုဏ်ရှိမှာမို့ ကြီးမား သောဆင်ရုပ်ပြုရန် ဘိလပ်မြေအများကြီးကုန်မှာမို့ မတတ်နိုင်ပါ ကြောင်း"

"ဒါဖြင့် ဤရွာ၌ပေါများသော သတ္တဝါများကို ကိုယ်စားပြု ရုပ်ထုပြုလျှင်ရော"

"ဤရွာ၌ ငါးပြေမသာပေါ၏၊ ထိုသို့ပေါများသော ငါးပြေမ ရုပ်ထု လုပ်ပါက ငါးပြေမ၏ပါးစပ် မည်သို့ထားမည်နည်း၊ ဟစိဟစိ လုပ်ထားပါက ငါးပြေမမှာ လာသမျှ လူပြောင်ပြနေသကဲ့သို့ဖြစ်နေ ပြီး ပါးစပ်ပိတ်ထားလျှင်လည်း ငါးမျှားချိတ်မိ၍ သေကာနီးငါးပြေမ သို့ ဖြစ်နေမည်မို့ မသင့်တော်ပါကြောင်း"

"ဒါ့ပြင် ငါးပြေမနှင့်ခလောက်မှာ မည်သို့မှ မလိုက်ဖက်ပါ ကြောင်း"

စသည်ဖြင့် ဆိုကြပြန်သည်။

ဤသို့ဖြင့် ရွာဆိုင်းဘုတ်၌ အမှတ်အသားအဖြစ် ရုပ်ထုတစ် ခုဖြစ်ရန် အကြံထုတ်ကြရလေသည်။

ခက်သည်က ရွာ၌ သူရဲကောင်းဆိုသည်ကလဲ မပေါ်ဘူး၊ ပေါများသော စပါးပုံပြုလုပ်မည်ဆိုတော့ ပန်းပုဆရာက စပါးပုံမထု တတ်။ ဤသို့ဖြင့် အခက်ကြုံနေရလေသည်။ ဤသည်ကို သူကြီးဖိုးနီ က

"ကဲ ဒါဖြင့် အားလုံးကြိုက်ကြတဲ့ ခေါင်းပုံပြုလုပ်ရင်ရော"

သူကြီး၏အဆိုကို အားလုံးသဘောကျသွားလေသည်။ ခေါင်းရုပ်ဆိုသည်မှာက တစ်ရွာလုံးအကြိုက်ပဲ။ ထို့ကြောင့် ကန့်ကွက် ရန်မရှိ။

"ဒါဖြင့် ခွပ်ခေါင်းရုပ်လုပ်မလား၊ က,ခေါင်းရုပ်လုပ်မလား"

ဤသည်ကို ခေါင်းချင်းဆိုင်ကြပြန်သည်။





"က,ခေါင်းရုပ်ဟာဖြင့် အသွင်သာလှသော်လည်း အတွင်း မှကြည့်လျှင် ခေါင်းမမြင်ရ၊ ဖင်လှန်ပြနေသလိုသာတွေ့ရ၍ အပြင်မှ ကြည့်က လှ၍ ရွာတွင်းမှကြည့်လျှင် ဒေါင်းဖင်မှာ ကျက်သရေတုံး လှပါကြောင်း"

"ဒါဖြင့် ခွပ်ခေါင်းဆိုလျှင်ရော"

"ခွပ်ခေါင်းမှာ သေးသေးသွယ်သွယ်နှင့် အလွန်လှသည့်အမြင် မာန်ပါလှပါကြောင်း၊ ထို့အပြင် သူ၏အမြီးမှာက ခေါင်းလိုဖွာထွက် မနေ၊ ကျစ်လစ်သိပ်သည်းစွာ စုစည်းထားသောကြောင့် အမြင်မရိုင်း ကြောင်း"

"ဒါဖြင့် တစ်ရွာလုံးအကြိုက် ခွပ်ခေါင်းကိုသာ ရွေးချယ် သင့်ကြောင်း"

အားလုံး တညီတညွတ်တည်း ရွေးချယ်လိုက်ကြသည်။

"ဒါဖြင့် ခလောက်နီကရော"

မေးစရာဖြစ်လာပြန်သည်။ သို့သော် အားလုံးက တညီတညွတ် တည်းဖြင့်

"ခလောက်နီဆိုင်းဘုတ်အား သေးသွယ်သောဒေါင်းလည် ပင်း၌ ကြိုးဖြင့်ချိတ်ဆွဲထားပေးစေလိုကြောင်း"

ဆုံးဖြတ်လိုက်ကြလေသည်။

ကျွမ်းကျင်သူများနှင့် တိုင်ပင်တော့

"ခွပ်ခေါင်းလည်ပင်း၌ ခလောက်နီအကြီးကြီးချိတ်ဖို့ဆိုတာ မဖြစ်နိုင်ကြောင်း၊ ခွပ်ခေါင်းလည်ပင်းက သေးသွယ်ပြီး ခလောက်ကြီး ကကြီးမားလှသောကြောင့် မြင်ရန်မသင့်ပါကြောင်း"

ဆိုသေး၏။ သို့သော် ရွာသားများက လက်မခံ။ ခွပ်ခေါင်း က ခလောက်နီအား တက်နင်းထားလျှင်လဲမကြိုက်၊ ခလောက်နီကို ခွပ်ခေါင်းက ရွက်ထားသည်ကိုလဲမကြိုက်မို့ ခလောက်နီနှင့်ခွပ်ခေါင်း



www.burmeseclassic.com

www.burmeseclassic.com



တသားတည်းကျနေစေရန်အတွက် လည်ပင်း၌သာ ချိတ်ဆွဲစေလိုကြောင်း၊ စသည်ဖြင့် အကြောက်အကန်ငြင်းကြ၍ မတတ်သာတော့။

ဤသို့ဖြင့် ခလောက်နီရွာသားများ လိုအပ်ကြသောဆိုင်းဘုတ်ကြီး ပြီးစီးခြင်းကိုရောက်၏။

သို့သော်

ခွပ်ဒေါင်းက မာန်ပါပါခွပ်ချင်ပါရဲ့။ ဒါပေမယ့် လည်ပင်းမှာ သူနှင့်အဆမတန်ကြီးသော ဆိုင်းဘုတ်ကြီးဆွဲထားရ၍ ထခွပ်ဖို့ မပြောနှင့်၊ ထိုဝန်ထုပ်ဝန်ပိုးကြောင့် လည်ပင်းမကျိုးကျစေရန် ချောင်းပင်မဆိုးရဲဘဲ အနိုင်နိုင်မ,ထားရလေတော့သတည်း။

ခလောက်နီကျေးရွာဖြစ်သည်။

× × ×





# ခလောက်နီ

ခလောက်နီကျေးရွာတွင်ဖြစ်သည်။

ကျေးရွာလူကြီးများရွေးပြီးချိန်၌ ရွာကိုယ်စီတွင် ခေါင်းပေါင်းမချွတ်တမ်းပေါင်းထားသော သူများ စတင်လမ်းသလားနေကြလေတော့သည်။

ခေါင်းပေါင်းပေါင်းထားသော်လည်း အကောင်းက နည်းသောကြောင့် ရပ်ရွာမှလူအများမှာ ကိုယ်စိတ်ကြိုက်ဖြစ်၍ တင်ထားသူများကို ပြန်လည်ထိန်းသိမ်းမနိုင် ဖြစ်လာရတော့၏။

ကျေးရွာက ဆန္ဒရှိတာကတစ်မျိုး၊ သူတို့လျှောက်လုပ်နေတာက တစ်မျိုးတို့ကြောင့် အားလုံး



www.burmeseclassic.com

www.burmeseclassic.com



အခက်ကြုံရပြန်လေသည်။

ခက်သည်က သူတို့အချင်းချင်းလဲ စည်းရုံးမှုမရှိ၊ တစ်ယောက်တစ်ပေါက်နှင့်မို့ မည်သည့်ဆုံးဖြတ်ချက်နှင့်မှ ခရီးမပေါက်နိုင် ဖြစ်နေရလေသည်။

တစ်ယောက်က အဆိုတင်သွင်းလိုက်၊ တစ်ယောက်က ပယ်ချလိုက်မို့ လက်တစ်ဆုပ်စာ ကျေးရွာအုပ်စု၌ပင် မည်သည့်ကိစ္စမှ ရှေ့တိုးမရ ဖြစ်နေကြလေတော့သည်။

တချို့သူများကလဲ တစ်ရွာတစ်ယောက် ပြည့်တန်ဆာထားရမည်ဟူ၍ တင်သွင်းသူရှိသလို၊ ရွာထိပ်က နှစ်ပေမျှရှိသော လမ်းပျက်နေခြင်းကို ရေးကြီးခွင်ကျယ်လုပ် တင်ပြသူလဲရှိ၏။ တချို့ကလဲ ကျေးရွာများ၌ ယင်လုံအိမ်သာ တည်ဆောက်ခြင်းအစား၊ စိတ်ကြိုက်နေရာ လွတ်လပ်စွာ အင်အင်းပါခွင့်ကအစ တင်ပြလာကြသောအခါ အရှေ့လဲမတိုး၊ အနောက်လဲမဆုတ်နှင့် ကန့်လန့်ကြီးပျက်စီးတော့မည့်ဘေးကို ကြုံရလေတော့သည်။

ကြာလျှင်ပိုဆိုးလာနိုင်သည့်ဘေးကိုသိသော၊ ရွာနီးချုပ်စပ်၌ ဩဇာအကြီးဆုံး ခလောက်နီဆရာတော်ဘုရားကြီးက "ထိုခေါင်းပေါင်းများ၌ အကြီးဆုံးတစ်ယောက်ကို ခေါင်းပေါင်းအချုပ်၊ ခေါင်းပေါင်းချုပ်"ပြုလုပ်ရန် နိုးဆော်ပေးပါသည်။

ဤသည်၌လဲ သူက ဉာဏ်ပိုကောင်းလို့၊ သူက ရေချိုးထားလို့၊ သူက အရပ်ရှည်လို့၊ သူက အသက်ကြီးလို့၊ သူက မျက်စိကောင်းလို့ စသည် စသည်ဖြင့် တစ်ယောက်တစ်မျိုး တင်ပြလာသောအခါ "ရွေးရခက်ကြီး"ဖြစ်ရပြန်လေသည်။

တစ်ယောက်ကိုရွေးပါက နောက်တစ်ယောက် မနာလို၊ နောက်တစ်ယောက်ရွေးပါက နောက်တစ်ယောက်က ကန့်ကွက်နှင့် ဘယ်လိုမှရှေ့ဆက်မရ ဖြစ်နေကြရပြန်လေသည်။





နောက်ဆုံး ကြံရာမရသည့်အဆုံး၌ ဆရာတော်ဘုရားကြီးက ဤသို့ဆုံးဖြတ်၏။

"တစ်ရွာတစ်ယောက် ခေါင်းပေါင်းပေါင်းထားတဲ့ ကိုယ်စားလှယ်တွေ၊ တနင်္လာနေ့မယ်တော့ ဆရာတော်ဘုရားကိုယ်တိုင် သိန္ဓိတင်ထားသော ရွှေခေါင်းပေါင်းကို သိမ်ကျောင်းဆောင်အပေါ်မြင့်က မြှောက်ပစ်ပေးမယ်၊ ထိုက်သူရပါက ထိုသူကို အကြီးအကဲအဖြစ် မှတ်ယူမယ်၊ ဒါပဲ"

ဟု ကြေငြာလိုက်ရာ တနင်္လာနေ့မတိုင်မီ ငါးရက်အလိုကတည်းက ခလောက်နီကျေးရွာ၌ ခေါင်းပေါင်းများ ခြေချင်းလိမ်ကုန်၏။

သိန္ဓိဝင် ရွှေခေါင်းပေါင်းကို ခေါင်းတွင် ပိုင်ပိုင်ဆောင်းနိုင်အောင် လက်ရှိခေါင်းပေါင်းလဲ မချွတ်ဘဲ အပြေးလေ့ကျင့်သူကျင့်၊ ရွာလည်ကွင်းစပ်၌ မနက်ကတည်းက အခုန်ကျင့်သူကျင့်၊ အချို့ကလဲ တွန်းတိုက်လုနိုင်ရန်အတွက်၊ ဘုန်းကြီးကျောင်းအုတ်နံရံကို ခေါင်းနှင့် တဒုန်းဒုန်းပြေးဆောင့်သူဆောင့်နှင့်



အဆိုးဆုံးကား
ရွှေထီးတကားကားနှင့်
ခေါင်းပေါင်းသမားပင်၊
သူများအပြေးကျင့်လျှင်
ခြေထိုး၍၊
သူများအခုန်ကျင့်လျှင်
တောင်ရှည်အဲ့ချွတ်၍
ထွက်ပြေးနှင့်



www.burmeseclassic.com

www.burmeseclassic.com



ရှုပ်ယှက်ခတ်နေကြကုန်လေသည်။

အဆိုးဆုံးကား ရွှေထီးတကားကားနှင့် ခေါင်းပေါင်းသမားပင်။ သူများအပြေးကျင့်လျှင် ခြေထိုးခံ၊ သူများအခုန်ကျင့်လျှင် တောင်ရှည်ဆွဲချွတ်၍ ထွက်ပြေးနှင့် အမျိုးမျိုး ဒုက္ခပေးနေလေတော့သည်။ ထို့ကြောင့် သူ့ရှေ့ဆိုလျှင် ကျန်သူများမှာ ပြေးမရ၊ ခုန်မရနှင့် အခက်ကြုံနေရလေတော့၏။

လူအများအား အကြောင်းအမျိုးမျိုးဖြင့် ဒုက္ခပေးနေသောကြောင့် အားလုံးစုတိုင်ပင်၏။ အရူးစင်စစ်ဖြစ်နေ၍ ပြောမရဆိုမရ၊ ဖြုတ်ပစ်၍လဲမရ၍ လူမရှိသော ကျွဲတောထဲပို့မှ တန်ကာကျမည်ဟု ဆုံးဖြတ်ကာ ကျွဲတောထဲပို့၏။

ရွှေထီးသမားကလဲ လူပါးပင်။ သူ ကျွဲတောထဲရောက်မှ ကျွဲကို ဆေးရောင်အလှတွေဆင်၊ ကျွဲခြံတွေဆောက်နှင့် ဘယ်တော့မှ အရောင်အဆင်းမရှိသော ကျွဲပင် ပြောင်ယောင်လာသလို ခံစားရပေကြတော့၏။

သူ့နှုတ်ဖျားကလဲ

"ယခင်က ကျွဲများသည် အသိဉာဏ်နည်းလွန်း၍ အသုံးမဝင်ဖြစ်ရာမှ ယခု သူကိုင်တွယ်လိုက်ချိန်ဝယ် ကျွဲများမှာ ပြောင်ဝင်းလာ၍ အဆင့်အတန်းမြင့်မားကာ မကြာမီအချိန်အတွင်း မူကြိုပင် တက်နိုင်ကြမည်ဖြစ်ကြောင်း"

ဘာညာ သတင်းလွှင့်ပြန်သည်။

သို့သော် သိပ်မကြာပါ။ သူဆေးရောင်ခြယ်တိုင်း ခံလာရသော ကျွဲသိုးကြီးမှာ သူပြောသလို မူကြိုတက်ဖို့ နေနေသာသာ လူစင်စစ်ကိုပင် မြင်ပြင်းကပ်၍ ဂျိုဖြင့်လိုက်ဝှေ့ခြင်းအမှုကို ပြုရပေသည်။ ဘာဆိုင်သလဲ ကျွဲနှင့်ဆေးရောင်။

ရွှေထီးသမားကလဲ အာဂပင်။ သူ့ကို ကျွဲလိုက်ဝှေ့က ထွက်





ပြေးသည်။ ပြီးလျှင် ကျွဲကြီးအလစ်တွင် ဝင်၍ ကျွဲကို ဖင်ပိတ်ကန်ကာ ထွက်ပြေးပြန်သည်။ ကျွဲကြီးလိုက်ခွေ့လျှင် ရွှေထီးတကားကားနှင့် တွေ့ကရာ သစ်ပင်ပေါ် ပြေးတက်၍ "သားမသိဘူး"ဆိုသော ရုပ်နှင့် ပေကလပ်ပေကလပ်လုပ်ကာ ရရာနေရာ ကုတ်ကပ်နေ၏။ နေရာတစ်ခုရပါက တော်ရုံနှင့်ပြန်မဆင်း။ အများက မောင်းမချမခြင်း တွယ်ကပ်နေသည်။

ကျွဲက မေ့ပျောက်လုဖြစ်လျှင် သစ်ပင်ပေါ်မှ အသာအယာဆင်း၍ ကျွဲကို ဖင်ပိတ်ကန်ကာ ထွက်ပြေးပြန်၏။ ကျွဲကြီးစိတ်ဆိုး၍ လိုက်လျှင် အခြားသစ်ပင်တစ်ပင်၌ ကုတ်ကပ်နေရင်း "သားမသိဘူး" ဆိုသော ရုပ်နှင့် ပေကပ်နေပြန်သည်။

ဤသို့ဖြင့် မြို့မေတ္တာခံယူမည့်သားမှာ ရွှေထီးတကားကားနှင့် ကျွဲကို ဖင်ပိတ်ကန်လိုက်၊ ပြေးလိုက်၊ သူများပြေးနေပြီဆို ခြေထိုးခံလိုက်၊ သူများအမြင့်ခုန်လျှင် တောင်ရှည်ဆွဲချွတ်၍ ထွက်ပြေးလိုက်နှင့် လိပ်ပတ်လည်နေတော့၏။

အရာရာ အသားညီလည်ပတ်ရင်း ခေါင်းပေါင်းလုပွဲနေ့ ရောက်လာလေတော့သည်။

× × ×



www.burmeseclassic.com

www.burmeseclassic.com



# ခလောက်သံ

ဆရာတော်ဘုရား၏ သိမ်ကျောင်းရှေ့၌ ခေါင်းပေါင်းကိုယ်စီနှင့် လူအများ တိုးဝှေ့နေကြသည်။

တစ်ယောက်ကိုတစ်ယောက် အလစ်မပေးဘဲ တစ်ဦးကိုတစ်ဦး တွန်းတိုက်ရင်း ခြေချင်းလိမ်နေကြသည်။

ကျောင်းရှေ့ ရုတ်ရုတ်သဲသဲ ဖြစ်နေ၍ ဆရာတော်ဘုရားကိုယ်တိုင် ထွက်လာရလေတော့သည်။ ပြီးနောက် အသံကျယ်ကျယ်ဖြင့်

"ဟေ့ကောင်တွေ မင်းတို့ လူကြီးလူကောင်းတွေမဟုတ်လား၊ တစ်ယောက်ကိုတစ်ယောက် တွန်းတိုက်





မနေကြနဲ့၊ မတ်မတ်နေကြစမ်း"

ဆရာတော်ဘုရား၏စကားကို မြင်းကဒပ်ရွာမှ ခေါင်းပေါင်းနှင့်လူက

"ကျုပ်က အမတ်ပါပဲ၊ ကျန်တဲ့သူတွေသာ"

သူ့စကားကို ဆရာတော်ဘုရားက

"အေး မင်းတစ်ယောက်တည်း မတ်လို့မရဘူးကွ၊ ကျန်တဲ့သူတွေကရော"

ထိုတော့မှ အားလုံးငြိမ်ပြီး

"ကျုပ်တို့လဲ အမတ်တွေပါပဲခင်ဗျား"

သူတို့စကားကို ဘေးနားကကြည့်နေသော ပရိသတ်မှ နှာခေါင်းရှုံ့ပြီး

"ဟွန်း တစ်ယောက်မေးတော့ အမတ်၊ တစ်ယောက်မေးတော့ အမတ်နဲ့ အဲဒီအမတ်တွေပဲ တစ်ယောက်ကိုတစ်ယောက် မမြင်ကွယ်ရာမှာ ခြေကလိမ်ကွပ် တွန်းတိုက်နေကြတာ"

ခလောက်နီကျေးရွာတွင်ဖြစ်သည်။

× × ×



www.burmeseclassic.com

www.burmeseclassic.com





"ကဲ အားလုံးငြိမ်"

အားလုံးငြိမ်ကုန်ကြသည်။

"အားလုံးလူစုံပြီလား"

"စုံပါပြီခင်ဗျ"

အမှန်တော့ တစ်ယောက်လိုသေးသည်။ ရွှေထီးနှင့်လူကြီး။ သူက ခေါင်းပေါင်းပင် စိတ်မဝင်စား။ ကွဲကြီးနှင့်သူ လိုက်တမ်းပြေးတမ်း ကစားရင်း ပျော်နေသည်။

"ကဲ ဒါဖြင့် ခေါင်းပေါင်းပစ်လိုက်တော့မယ်"

ထိုအသံကြားသည်နှင့် ခုနကအမတ်များ ခြေကလိမ် မသိမသာကွပ်ထားကြပြန်သည်။





"ကဲ လာပြီ၊ တစ်၊ နှစ်၊ သုံး"

ခေါင်းပေါင်းက လေထဲ လွင့်ပျံသွားတော့သည်။

ခေါင်းပေါင်း လေထဲက ပြန်မကျခင်ကတည်းက အောက်မှာ ဟာရှန်းရှန်း။

ခေါင်းပေါင်းက လေထဲဝေ့ကာဝိုက်ကာ. .

× × ×



www.burmeseclassic.com

www.burmeseclassic.com



ရွှေထီးနှင့်လူကြီး ကျွဲကိုချောင်းနေသည်။

ကျွဲကြီး တစ်ဖက်လှည့် အစာစားနေချိန်ကျမှ ပြေးထွက်ပြီး

"အင်းဟာ"

မြည်သံပေး၍ ကျွဲကြီးဖင်ကို ပြေးကန်သည်။

"ညွှဲ"

ဖင်အကန်ခံရသော ကျွဲကြီးမှာ စိတ်ဆိုး၍ ဝေ့ကြည့်လိုက် တော့ သူဖောက်သည်ကြီးဖြစ်နေသည်။ ထို့ကြောင့် စိတ်ဆိုးပြီး

"ညွှဲ"





မြည်သံပေး၍ သူအမြင်ကတ်သော ရွှေထီးကြီးဆီ **ခွေချ**ပြေးလိုက်သည်။

ရွှေထီးနှင့်လူကလဲ နပ်သည်။ ရွှေထီးတဝင်းဝင်းနှင့် ဖနောင့်နှင့် တင်ပါး တသားတည်းကျအောင်ပြေးသည်။

ဖြစ်ချင်တော့ သူ ဒီတစ်ခါပြေးတာက ခေါင်းပေါင်းလှုပ္ပဲနေရာ။ ဖြစ်ချင်တော့ ခေါင်းပေါင်းက လေထဲဝဲနေဆဲ။

"ညွှဲ"

× × ×



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



“ညွဲ”

“ဟာ”

“ဘာလဲဟ”

ခေါင်းပေါင်း လေထဲမကျခင် အဝေးမှပြေးလာသော ဖုန်တထောင်ထောင်းမြင်၍ ခေါင်းပေါင်းပင် ဂရုမစိုက်နိုင်ဘဲ ငေးကြည့်နေမိကြသည်။

အဝေးကမို့ ဘာမှန်းမသဲကွဲ။ အနီးရောက်မှ

“ဟားဟား ငါလာပြီကွ၊ ကြောက်တတ်သူများ ဝေးရာရှား ကြဟေ့၊ ဟားဟား”

အော်ဟစ်ပြေးလာသော ရွှေထီးနှင့်လူ။ သူ့



BURMESE CLASSIC .com



နောက်မှာ ဒေါသတကြီး ပြေးလိုက်လာသော ကျွဲကြီး

“ဟာ ကျွဲ ကျွဲကြီးဟေ့”

“ဟာ ကျွဲကြီးစိတ်ဆိုးနေပြီ၊ ပြေးဟေ့ ပြေး”

“ဟေ့ ပြေးဟ၊ ကျွဲဝင်ခတ်ပြီဟ”

ဆိုကာ ခေါင်းပေါင်းပင် မလုအားတော့ဘဲ ဝရုန်းသုန်းကားဖြင့် မှုံနေအောင် ထွက်ပြေးကြရလေသည်။

ဖြစ်ချင်တော့ မြှောက်ပစ်လိုက်သော ရွှေရောင်ခေါင်းပေါင်းက လေထဲက ပြန်အကျ

“ညွဲ”

ထိုခေါင်းပေါင်းက ရွှေထီးပေါ်မှတစ်ဆင့် အနောက်က ပြေးလိုက်လာသော ကျွဲကြီး၏ ချိုနှစ်ချောင်းအလည် ကွက်တိကျသွားသည်။

“ညွဲ”

× × ×



www.burmeseclassic.com

www.burmeseclassic.com



ခလောက်ပိုး

ခလောက်နီရွာသား မောင်ကျော်ကြား၏စကားပါးစပ်အပေါင်းသားနှင့် အံ့အားသင့်စွာ နားထောင်နေမိသည်။

နောက်မှ သတိရပြီး

"အဲ အဲဒီနောက် ဘာဖြစ်သွားသေးလဲ"

မောင်ကျော်ကြားက မျက်မှောင်ကြုတ်ပြီး

"ဘာဖြစ်လို့လဲ၊ ဘာမှမဖြစ်ဘူးလေ"



BURMESE CLASSIC .com



ကျွန်တော် မျက်တောင်ပင် ပုတ်ခတ်ပုတ်ခတ် ဖြစ်သွားမိသည်။

ပြီးမှ

"မဟုတ်ဘူးလေ၊ ကျွဲခေါင်းပေါ် ခေါင်းပေါင်းရောက်သွားတော့"

"ပြီးသွားပြီလေ၊ ဒါပဲ"

မောင်ကျော်ကြားက ဘာမှအရေးမကြီးသလိုပြောသည်။ ကျွန်တော်ကသာ မနေနိုင်ဘဲ

"ဟုတ်သေးဘူးလေကွာ၊ ကျွဲခေါင်းပေါ် ခေါင်းပေါင်းရောက်သွားတော့ ဘာမှဆက်မဖြစ်ဘူးလား"

မောင်ကျော်ကြားက ပြုံးသည်။

"ဆရာရယ်၊ ဆန္ဒပြမယ်ဆိုတော့လဲ ကျွဲရှေ့ဆန္ဒပြရမှာ၊ ဒီကြားထဲ ကျွဲက မထင်ရင်မထင်သလို ထဖွှေးဦးမှာ၊ တင်ပြစရာရှိလဲ ကျွဲက လူစကားတစ်လုံးမှ နားလည်တာမဟုတ်ဘူး"

"အဲ ဒါနဲ့ အထက်ကလာတော့ရော ဒါမှမဟုတ် တခြားမြို့ရွာက လာကြတော့ရော"

မောင်ကျော်ကြားက ရယ်ပါသည်။

"ဆရာကလဲ၊ ကျွဲနဲ့ ဘယ်သူစကားပြောချင်မှာလဲ"

ဟုတ်သား။ ကျွဲနှင့် သင်ရော စကားပြောချင်ပါ့မလား။

"ရွာကတော့ အေးသွားတယ်ဆရာ၊ အရင်လို လှုပ်လှုပ်ရွရွလုပ်တာတွေ စောဒကတက်တာတွေ ဘာမှမရှိတော့ဘူး၊ တခြားရွာတွေကလဲ ရွာနီးချုပ်စပ်ကို မလာကြတော့ဘူး၊ အခုတော့ အရင်လို မဟုတ်တော့ဘူး၊ ရွာမှာ အေးချမ်းလိုက်တာဗျာ၊ ဘာနဲ့မှ ဟို မလဲနိုင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ကျန်တဲ့ရွာသားတွေကရော ကျေနပ်ကြရဲ့လား"

မောင်ကျော်ကြား ခပ်ဖွဖွရယ်ရင်း

"ဘာမကျေနပ်စရာရှိလဲ၊ ကွဲက မြက်ပဲစားတော့ လာဘ်ပေးလာဘ်ယူလဲကင်းပါ"

မောင်ကျော်ကြားစကားကြောင့် အတွေးထဲ ဖျတ်ခနဲ ဝင်လာသည်။

"လူညီလျှင် ဤကို ကွဲဟု ဖတ်ကြသည်။ ယခုလည်း လူညီ၍ ကွဲသည်လည်း ဤသို့ ဖြစ်လာတတ်ပါသည်"

ဟုတ်ပါရဲ့။

ခလောက်နီကျေးရွာသည် ကွဲအုပ်ချုပ်မှ အေးချမ်းမည့် . . .

နိုင်ငံ။

လေးစားစွာကြိုးစားလျက်

ဘကြည်လေး



BURMESE CLASSIC .com

www.burmeseclassic.com